Bibliographic Data

Author ရီရီ ၊ ဒေါက်တာ Yi Yi , Dr. Ri¯ Ri¯ , Dok‘ ta¯ **Art.** YI0001A

Article Title မြန်မာသမိုင်း အထောက်အထားများ ၁၁၄၃ – ၈၁ ပဏာမ လေ့လာချက်

(Primary Study of Myanmar Historical documents 1143 - 81)

Mran‘ ma¯ sa muin‘" 'a thok‘ a tha‘" mya‘"

Title (Book/Serial) နိုင်ငံသမိုင်း သုတေသန စာစောင် ၁

Research in Burmese History No.1

Issue and Volume

Edition

Place/ Publisher နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန

Burma Historical Research Dept.

Distributor

Ed. Date 1977

Pagination p. 59 - 132

Annotation Thorough study of the monarchy's foreign relations and economic conditions, as well as the culture during King Bodawpaya 1781 - 1819 (Badon Min) Period. Based on the Royal Orders of Badon Min and other historical documents including inscriptions, literature and sittang. These historical documents are important resources for historians as King Bodawpaya ruled the Amarapura Kingdom for nearly 38 years, a period that was well organized and peaceful. The king created high standards of administration and maintained stable relations with neighouring countires. The author notes that many documents remain unstudied.

Subject Terms

1. Myanmar - history - early Konbaung period, 1752 - 1837
2. Myanmar - history - King Bodawpaya (Badon Min) 1781 - 1819
3. Myanmar - politics and government

Key Words

1. Myanmar historical documents
2. Royal Orders of King Badon Min

မြန်မာသမိုင်းအထောက်အထားများ

၁၁၄၃ - ၈၁

ပဏာမ လေ့လာချက်

ဒေါက်တာ ရီရီ၊ အကြီးတန်း သုတေသနမှူး (ကုန်းဘောင်ခေတ်)

ကောဇာသက္ကရာဇ် ၁၁၄၃ ခုနှစ်မှ ၁၁၈၁ ခုနှစ်အထိ ကာလသည် ကုန်းဘောင်မင်းဆက် ဗဒုံမင်း၏ နန်းသက်ဖြစ်၏။ ဗဒုံမင်း၏ နန်းသက်သည် ၃၈ နှစ် တိုင်တိုင် ရှည်ကြာခဲ့၏။ ထိုမင်းလက်ထက်တွင် စစ်ရေးမက်ရေးနည်းပါး၏။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် အုပ်ချုပ်ရေး၌ စိတ်ဝင်စားသည်။ နိုင်ငံခြားဆက်သွယ်မှုလည်း များပြား၏။ တိုင်းသူ ပြည်သားတို့၏ စီးပွားရေးမှတ်တမ်းများလည်း ထိုခေတ် သမိုင်း အထောက်အထားအဖြစ် တင်ကျန်ရစ်ခဲ့သည်လည်း ရှိ၏။ ဗဒုံမင်းလက်ထက် မှတ်တမ်းမှတ်ရာများကို အစဉ်အဆက် မင်းတို့မပျက်သော လုံ့လဖြင့် ကူးယူလေ့လာကျင့်သုံးကြသည်။ ဤသို့အားဖြင့် ဗဒုံမင်းလက်ထက် သမိုင်းဆိုင်ရာအထောက်အထား အများအပြား ကျန်ရှိနေ၏။

ဗဒုံမင်း၏ အမိန့်တော် အမှာတော် အမိန့်တော်တမ်း စာချွန်တော်များ မင်းခမ်းမင်းနားနှင့် ဆိုင်သော စာတမ်းအမျိုးမျိုး စစ်တမ်းများ မှုရင်းကျောက်စာ ဆင့်ထိုးစပ်ထိုးကျောက်စာ ခေါင်းလောင်းစာ မင်စာ ကျောက်သပိတ်တော်မှုစာ သစ်ထွင်းစာ ကမ္ပည်းစာများစသည်ဖြင့် အထောက်အထား အမြောက်အမြားရှိခဲ့ပေသည်။ ပြည်သူတို့၏ စီးပွားရေး ဆိုင်ရာ လယ်ပေါင် မြေရောင်း ငွေချေး ကျွန်ရောင်းစသည်ဖြင့် မှတ်တမ်းငယ်များလည်း ရှိခဲ့သေး၏။ နိုင်ငံခြားဆက်သွယ်ရေးနှင့် စီးပွားကုန်သွယ်ရေး သာသနာရေးဆိုင်ရာ အမှတ်အသား စသည်ဖြင့် များပြားလှသော သမိုင်းမှတ်တမ်းများကိုလည်း တွေ့ရှိရပေသည်။ ယင်းသို့ များပြားလှသော အထောက်အထားများကို သုတေသီ တဦးတယောက်တည်းဖြင့်သော်ငြား၊ စာတမ်းတစောင်တဖွဲ့တည်းဖြင့်သော်ငြား ရှာဖွေတင်ပြရုံဖြင့် ပြီးပြည့်စုံမည်မဟုတ်ပေ။ ဗဒုံမင်းလက်ထက်မှ ကျန်ရှိခဲ့သော အထောက်အထားများကို ပညာရှင် သုတေသီအပေါင်း စုပေါင်း ရှာဖွေဖော်ထုတ်မှသာလျှင် ပြည့်စုံကောင်း ပြည့်စုံမည် ဖြစ်ပေသည်။

ဤစာတမ်းတွင် စုဆောင်းပြီးဖြစ်သော ဗဒုံမင်းလက်ထက် အထောက်အထားများ အနက် သမိုင်းလေ့လာသူတို့အဖို့ ကောင်းနိုးရာရာအချက်အလက်များကို လွယ်ကူစွာလေ့လာနိုင်ရန်ပဏာမ အနေဖြင့် တင်ပြခြင်းမျှသာဖြစ်ပေရာ အထောက်အထားများကို ကျောက်စာများ၊အမိန့်တော်များ စသည်ဖြင့် အမျိုးအစားအလိုက် ခွဲခြားတင်ပြခြင်းမျိုးမဟုတ်ပဲ နိုင်ငံရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ အုပ်ချုပ်ရေး၊စီးပွားရေး၊ သာသနာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အထွေထွေခန်း စသည်ဖြင့် ကဏ္ဍ

ခြားလျက် တင်ပြခြင်းသာဖြစ်ပေသည်။ ဤသို့ ကဏ္ဍပိုင်းခြား၍ တင်ပြခြင်းအားဖြင့် ပညာရှင် သုတေသီအများ သဘောပေါက်လွယ် နားလည်လွယ်မည်ဟု ယူဆပါသည်။ ထို့ကြောင့် ဗဒုံမင်း လက်ထက်မှ ကြွင်းကျန်ရစ်ခဲ့သော သမိုင်းအထောက်အထားများမှ ကောက်နုတ်၍ စီကာ စဉ်ကာ တင်ပြပါမည်။

ရှေးဦးစွာ နိုင်ငံရေးဆိုင်ရာ အထောက်အထားများမှ အနည်းငယ်ထုတ်နုတ်တင်ပြပါမည်။ ဗဒုံမင်းသည် သက္ကရာဇ် ၁၁၄၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက် တနင်္လာနေ့တွင်[၁] ရတနာပူရ အဝထီးနန်းကို သိမ်းမြန်းစိုးစံတော်မူ၏။ ထို့နောက် ထီးပေါင်းကားမည်သောအရပ်တွင် မြို့တော်သစ် တည်တော်မူစေ၏။ ထိုမြို့သည်ကား အမရပူရမြို့ဖြစ်သတည်း။ **ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး** တွင် မြို့တည်ခြင်းအကြောင်း အနည်းငယ်မျှသာ ဖော်ပြထားသော်လည်း[၂] အမရပူရ မြို့ဘည် စာတမ်း၌ မြို့တည်ပုံကို အကျယ်တဝင့်ဖော်ပြထားပါသည်။ ယင်းစာတမ်းကြီးသည် ပုံနှိပ်ခြင်း မပြုရ သေးပဲ ပေမူအဖြစ်သာ တည်ရှိနေပါသေးသည်။[၃] ဗဒုံမင်းသည် အမရပူရမြို့တော်ကို သက္ကရာဇ် ၁၁၄၅ ခု နယုန်လပြည့်ကျော် ၂ ရက် စနေနေ့တွင်[၄] သိမ်းမြန်းစိုးစံတော်မူ၍ ထိုလပြည့်ကျော် ၈ ရက် သောကြာနေ့တွင်[၅] ရာဇာဘိသေကခံတော်မူ၏။ ဤဘိသိက် အခမ်းအနားကို ရာဇဗလ ကျော်ထင်နှင့် လက်ဝဲနော်ရထာတို့က မော်ကွန်းများဖွဲ့ဆိုခဲ့ကြသည်။ ယင်းတို့တွင် ရာဇဗလကျော်ထင် ၏ မော်ကွန်းမှာ ပုံနှိပ်ပြီးဖြစ်၍[၆] လက်ဝဲနော်ရထာရေး မော်ကွန်းမှာ ပုံမနှိပ်ရသေးချေ။[၇] ဗဒုံမင်း သည် ဘိသိက်ခံတော်မူပြီးနောက် များမကြာမီပင် မြောက်နန်းမိဖုရား သီရိမဟာစန္ဒာဒေဝီတွင် ဖွားမြင်တော်မူသည့် ရွှေတောင်မင်း သတိုးဓမ္မရာဇာကို အရှင်မိဖုရားခေါင်ကြီး သီရိပဝရမဟာမင်္ဂလာ ရတနာဒေဝီတွင် ဖွားမြင်တော်မူသည့် တောင်တွင်းကြီးမြို့စားမင်းသမီး သီရိ မဟာတိလောက ရတနာဒေဝီနှင့် သက္ကရာဇ် ၁၁၄၅ ခု ဒုတိယဝါဆိုလဆန်း ၂ ရက် တနင်္လာနေ့တွင်[၈] ထိမ်းမြား လက်ထပ်တော်မူ၍ အိမ်ရှေ့နှင်းတော်မူသည်။ အိမ်ရှေ့နှင်း အခမ်းအနားကို မှတ်တမ်းတင်ထားသည့် စာတမ်း အပြည့်အစုံကို **မဟာမင်္ဂလာမင်းခမ်းတော်** အမည်ရှိ ကျမ်းတွင် ဖတ်ရှုနိုင်ပါသည်။[၉]

အမရပူရမြို့တည်နန်းတည်မင်းတရားကြီးသည် သက္ကရာဇ် ၁၁၄၆ ခု နယုန်လဆန်း ၁၅ ရက် ဗုဒ္ဓဟူးနေ့တွင်[၁၀] မုဒ္ဓါဘိသိက်ခံတော်မူပြန်သည်။ ထိုသို့ ဘိသိက်ခံသည့် အခမ်းအနားတွင် မင်းသား မှူးမတ်တို့နေရန် နေရာစဉ်သတ်မှတ်သည့် အမိန့်တော်ကို အောက်ပါအတိုင်း တွေ့ရှိရ၏။

၁။ ၁၄–၂–၁၇၈၂

၂။ **ကဘဆ ၁။** ၅၅၇–၆၄ (၁၂၈၄ ခု)

၃။ အမျိုးသားစာကြည့်တိုက် ၁၀၂/၁၅၉ (၉၃ ပေ)

၄။ ၁၇–၅–၁၇၈၃

၅။ ၂၃–၅–၁၇၈၃

၆။ **မုဒ္ဓါဘိသိက်မော်ကွန်း** (ဟံသာဝတီသတင်းစာ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၂၉၀ ပြည့်)

၇။ အမျိုးသားစာကြည့်တိုက် ပေ/၁၄၁၇

၈။ ၃၀–၆–၁၇၈၃။

၉။ **မြန်မာမင်္ဂလာမင်းခမ်းတော်**(မြန်မာ့တာရာသတင်းစာတိုက်၊ မန္တလေးမြို့၊ ၁၂၈၅ ခု)စာမျက်နှာ ၃၃–၇၃။ အိမ်ရှေ့မင်းနှင်းပုံကို **လောကဗျူဟာကျမ်း** ပထမတွဲတွင်လည်း ပါရှိ၏။

၁၀။ ၂–၆–၁၇၈၄

> မုဒ္ဒါဘိသေက ခံတော်မူမည်။ ဘိသိက်နန်းတော်တွင် ချထားရမည့် နေရာစဉ်မှာ အရှေ့မြောက်အိမ်ရှေ့မင်း၊ ၎င်းအောက် စကုမင်း၊ ၎င်းအောက် ကာမမင်း၊ ၎င်းအောက် ပုခန်းကြီးမြို့စားဝန်ကြီး သတိုးမဟာသီဟသူ၊ ၎င်းအောက် ဘိသိက်သွန်း ပုဏ္ဏား ၈ ယောက်၊ ၎င်းအောက် စော်ဘွားကြီး၊ ၎င်းနောက် အမှုးအမတ်၊ ၎င်းအောက် မြို့စားစု၊ ၎င်းနောက် မှူးငယ်မတ်ငယ်၊ အနောက်တောင်ထောင့် သူဌေး၊ အနောက် မြောက်ထောင့် သူကြွယ်တို့ကို ချထား၍နေစေ။ ။
>
> ၁၁၄၆ ခု နယုန်လဆန်း ၁၃ ရက်နေ့[၁] နားခံစမြောင်မှူးတွင်ပြန်။

ဟူ၍ ဖြစ်ပါသည်။

ဗဒုံမင်းသည် နန်းသက်ဘလျောက်တွင် နန်းတွင်းအရေးတော်ပုံများနှင့် သူပုန် သူကန်တို့ ရန်များကို ရံဖန်ရံခါ တွန်းလှန် နှိမ်နင်းခဲ့ရ၏။ ဖောင်းကားစားမောင်မောင်ကို နန်းမှ ချ၍ မင်းအဖြစ်ကိုခံယူခဲ့သည့် ဗဒုံမင်းကို ဖောင်းကားရွာသားအချို့က မကျေနပ်ကြပေ။ ထို့ကြောင့် ထီးနန်းကို အလစ်ဝင်စီး၍ နန်းတက်ရန် ကြံစည်သည့် ငဖုန်း၏အရေးတွင် ပါဝင်ကူညီကြသည်။ ယင်းသို့ကြောင့် ဖောင်းကားရွာသားများကို ဗဒုံမင်းသည် အောင်မြေလောက စေတီတော်၌ အရံစောင့်အဖြစ် ရေစက်သွန်းချ လှူဒါန်းတော်မူ၏။

> ဖောင်းကားရွာသားတို့သည် ရွှေဘုံရွှေနန်းအနီးအပါးဝင်းတော်အတွင်း စောင့်နေ ထမ်းရွက်ကြသည့် အစုအမှုထမ်းဖြစ်လျက်ကျေးဇူးသစ္စာတော်ကိုမစောင့်၊ အကြိမ်ကြိမ် လူဆိုးလူသွမ်းတို့ကို ခေါ်ဝေါ်သွေးဆောင်၍ အရှင်ကို အရှင်မမှတ် ခြားနားသည့်သူ ဖြစ်သောကြောင့် သင်းတို့ကို အတုပြု၍ အရပ်ချပ် အစုအမှုထမ်း ကျွန်တော်မျိုးတို့ နောက်နောင်မကျင့်မကြံဝံ့အောင်တကြောင်း၊ ကောင်းမှုကုသိုလ်တော်ပွားများစေခြင်း ငှာ တကြောင်းကို ထောက်တော်မူ၍ ဖောင်းကားရွာသားတို့ကို အောင်မြေလောက ဘုရားမှာ အရံစောင့်ဖြစ်စေခြင်း အလှူတော် ရွှေကရားနှင့် ရေစက်သွန်းလှူတော် မူမည်။

စသဖြင့်၎င်း၊ လှူမည့် လူဦးရေ ၁၁၈ ယောက်ဖြစ်ကြောင်းကို၎င်း အမိန့်တော်တရပ်တွင် ပါရှိ၏။[၂] အောင်မြေလောကကျောက်စာကိုကြည့်လျှင်လည်း ယင်းသို့ လှူဒါန်းသည့်လူစာရင်းကို အမည်နာမ နှင့်တကွ တွေ့ရှိရပေမည်။[၄]

သက္ကရာဇ် ၁၁၄၅ ခုပြာသိုလတွင် နန်းတွင်းအရေးအခင်းတခု ပေါ်ပေါက်ပြန်သည်။ ထိုအရေး အခင်းနှင့် စပ်လျဉ်း၍ စလေစားနှင့် အင်းမကြီးစားတို့ကို စားကျေးမြို့ရွာများ နုတ်ယူ၍ အကျဉ်း ထားစေသည့်ပြင် အင်းယင်သိခ်ကျော်ခေါင်ပုံချီနှင့် ယက္ခရဲတို့ကိုလည်းကွပ်မျက်စေသည်။ ကြံရာပါ

၁။ ၃၁–၅–၁၇၈၄

၂။ အမျိုးသားစာကြည့်တိုက် ကင်းပု ၃၅၀ (နောင်တွင် အမျိုးသားစာကြည့်တိုက်ကို အမျိုးသားဟူ၍သာ ဖော်ပြပါတော့မည်။)

၃။ ၁၁၄၅ ခု၊ တော်သလင်းလဆန်း ၃ ရက်နေ့ (၂၉–၈–၁၇၈၃) ထုတ်ပြန်သည့်အမိန့်တော်။ (အမျိုးသား ပု ၃၅၀။)

၄။ စာရင်း ၁၁၄၉ ၏ မူရင်းကျောက်–ကျော

အခြားလူ ၉ ယောက်ကိုမူ သစ်တောသို့ ပို့စေရ၏။[၁] ညီတော် ပင်းတလဲမင်းသားအရေး စသည့် အခြားနန်းတွင်းအရေးတော်ပုံများအကြောင်းကိုလည်း အမိန့်တော်များ၌ တွေ့ရှိရပေသည်။[၂]

သူပုန်သူကန် အရေးများနှင့် စပ်လျဉ်း၍ တွေ့ရှိရသည်မှာ

> မဟာခန်မှာလည်း နိုင်ငံတော်ကျိုင်းတုံမြို့နယ်အတွင်း နေပြီးလျှင် ထောင်ထား ဆိုးသွမ်းသူဖြစ်သည်။ မဟာခန်ကို ရအောင်တိုက်ဖျက်သိမ်းယူရမည့် အကြောင်းနှင့် မိုးနဲ ဗိုလ်မှူးသို့ မှာထား၍ လာလူ ကန်သစ်သူကြီးကို အလျှင်ပြန်စေ။[၃]
> မဟာခန်ကို အဆင့်အဆီး လူ ၂၀၀၀ ခန့်ထားချီသွားစေရမည်မှာ ဒိုင်းဝန်ကိုလွှတ်သို့ တက်၍ စစ်ကိုင်းမင်း ပြည်မင်း တောင်ငူမင်း ပုဂံမင်း ပုခန်းမင်း မိုးမိတ်မင်းတို့ ဆင့်ဆိုရာ နာခံခန့်တောင်းစေ။[၄]

ဟူ၍ ဖြစ်ပါသည်။

ငြိမ်ဝပ်ပိပြားရေးသည်လည်း နိုင်ငံ၏အရေးကြီးသော အချက်ဖြစ်ပေ၏။ ငြိမ်ဝပ် ပိပြားရေးကို ရှေးရှု၍ ဓားပြ သူခိုးများအားနှိမ်နင်းသည့် အထောက်အထားများ ရံဖန်ရံခါ တွေ့ရှိရပေသည်။

> မြောက်ဖက် မော်တုံ မော်ကယ် ပင်ချိုင် ပင်သာ အင်ထောက်သာ မြို့ရွာများနှင့် ကျီဝန်ဝန်စု အင်တိုင်း ၅ ရွာ နောင်ကောက် ၁၀ ရွာ ကျွန်းလမက်တောင် အင်တိုင်း အင်းကြီး ခင်ပင် ကျေးရွာများမှာ လူဆိုး လူသွမ်း သူခိုးဓားပြမပေါ်မရှိစေရ၊ ငြိမ်ဝပ် သာယာအောင် ရန်ခွင်းသူရကို သေနတ် ၂၀၀ ပေးအပ်၍ ကျေးရွာကို ဝန်ခန့်ထား အုပ်ထိန်းစေမည်။[၅]

> ဓားပြငကောက် ငရွှေမင်းတို့ကို အဖမ်းအဆီး ခန့်တော်မူသည်။ တပ်ကောင်ဟန်ဝန် သီရိဝတ္တဗိုလ် စက်မီးတိမ်ကျော် ပျံချီကျော်စွာ မကွရာမင်းအကြီး ရန္တမိတ်ကျော်ထင်တို့ တစုကို ရွှေဘဝါးတော်အောက် ပြန်လှာစေ အမိန့်တော်ပါသည်မှာ မကွရာမင်းအကြီး ရန္တမိတ်ကျော်ထင်နှင့် အုပ်စုလူတို့ကိုသာ အမိန့်တော်ရင်းအတိုင်း ပြန်လှာစေ။ တပ်ကောင်ဟန်ဝန် သီရိဝတ္တဗိုလ်စက်မီးတိမ်ကျော် ပျံချီကျော်စွာတို့ တစုကို မပြန်စေနှင့်။

၁။ ၁၁၄၅ ခု ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့ (၁၆–၁–၁၇၈၄) ထုတ်ပြန်သည့်အမိန့်တော်။ (အမျိုးသား ပု ၃၅၀)

၂။ ၁၁၄၆ ခု ကဆုန်လဆန်း ၁၀ ရက်နေ့ (၂၈–၄–၁၇၈၄)
၁၁၄၆ ခု ဝါဆိုလပြည့်ကျော် ၆ ရက်နေ့ (၇–၇–၁၇၈၄)
၁၁၄၆ ခု ဝါဆိုလပြည့်ကျော် ၇ ရက်နေ့ (၈–၇–၁၇၈၄) ထုတ်ပြန်သည့်အမိန့်တော် စသည်တို့။ (အမျိုးသား ပု ၃၅၀) နောက်ဆက်တွဲ ၁ ရှု။

၃။ အမိန့်တော်များ ၃၁၁ (ရွှေဟောင်းသုတေသနဌာနစာစု)

၄။ အမိန့်တော်များ ၃၁၂–၃၁၃ (ရွှေဟောင်း)။ ၃၄၃ လည်းရှု။

၅။ အမိန့်တော်များ ၉၀ (ရွှေဟောင်း) ၁၁၆၇ ခု တန်ခူးလဆန်း ၃ ရက်နေ့ (၂၁–၃–၁၈၀၆)

ပျံချီကျော်စွာကို တပ်ကောင်ဟန်ဝန်နှင့်ပေါင်း၍ ငကောက် ငရွှေမင်းတို့တစုကို ဖမ်းဆီးစေ။ ငကောက် ငရွှေမင်းတို့ နေထိုင်သည်မှာလည်း ယောမြို့နယ်တွင်း ကျောက်မဆင်ကျေးရွာ တောတောင်များမှာ မပြတ်ရှိနေကြောင်းကို ဖမ်းမိသူတို့စစ်မေးချက်များတွင် ပါသည်။

ယောမြို့ဝန် မြို့သူကြီးတို့က ဖမ်းဆီးလျှင် မိရမည်ဖြစ်လျက် တွေ့မိအောင် မဖမ်းမဆီးသောကြောင့် မမိမရ ရှိရသည်ဖြစ်သည်။ ယောမြို့ဝန် မြို့သူကြီး သူကြီးငယ်တို့ကို တပ်ကောင် ဟန်ဝန်သီရိဝတ္တဗိုလ် ဆင့်ဆိုရာ နာခံ၍ ဓားပြလူဆိုး ငကောက် ငရွှေမင်းတို့ တစုကို တွေ့မိအောင် ဖမ်းဆီးစေ။[၁]

ဟူ၍ ပါရှိပါသည်။ သက္ကရာဇ် ၁၁၇၀ ပြည့်နှင့် ၁၁၇၅ ခုနှစ် အကြားတွင် ဓားပြ လူဆိုးတို့သည် လွန်စွာဆိုးသွမ်းသောင်းကျန်းကြ၏။ ထိုသို့ ဆိုးသွမ်းသည်များကို တင်းကျပ်စွာ နှိမ်နင်းရန် အမိန့်တော်များ ထုတ်ပြန်ခဲ့သည်။[၂] သူခိုး လူဆိုးတို့သည် အဝေးမြို့ ကျေးရွာများတွင်သာ သောင်းကျန်းကြသည် မဟုတ်၊ အမရပူရ ရွှေမြို့တော်တွင်ပင် ရံဖန်ရံခါ ကျက်စားလေသည်။ ထို့ကြောင့် အမိန့်တော် တရပ်တွင်

ရွှေမြို့တော်မှာ သူခိုး လူဆိုး ပေါ်ထွက်ခိုးယူကြောင်းကို ရွှေနားတော်မြတ်ကြားတော်မူသည်။ သူခိုး လူဆိုးတို့ကို အိမ်ရှေ့မင်းက မိအောင်ဖမ်း၍ ရွှေဘဝါးတော်အောက် ဆက်လာစေ။

ဟူ၍ တွေ့ရှိရ၏။[၃]

နယ်ပယ်အတွင်း ဆိုးသွမ်းထကြွသည့် သူခိုးလူဆိုးတို့ကို မနှိမ်နင်းနိုင်သော အရာရှိအရာခံတို့အားလည်း ရာဇဝတ်ပြစ်ဒဏ်ပေးသော ထုံးများလည်း မှတ်တမ်းတို့မှ သိရှိရ၏။ ဥပမာ

သီပေါမြို့နယ်အတွင်း ဓားပြတိုက်ခိုက်၍ ရွှေငွေအထည်အလိပ် ဆုံးပျောက်ကြောင်းနှင့် ရွှေတိုက်ဝန်က ရှိခိုးသံတော်ဦးတင်သည်။ တိုက်ခိုက်သည့်ဓားပြတို့ကို သီပေါမြို့က တွေ့မိအောင် ဖမ်းဆီး၍အပ်စေ။ မအပ်နိုင်လျှင် တရွတ်တို့တွင် ဓားပြတိုက်ခိုက်ရာ ပါသည်မှန်သမျှ ဥစ္စာကို သီပေါမြို့က အစားလျော်စေ။[၄]

ရွှေမြို့တော်မြောက်ပြင် ပလိုင်းရပ်တွင် ညဥ့်အချိန် ကျေးအိမ်သို့ သူခိုးတက်၍ ခိုးယူကြောင်းနှင့် စစ်ကြောချက်ကို ဆက်သွင်းသည်မှာ အရပ်အကွက်မှာ ခိုးယူသည့် သူခိုးကိုမိအောင် မဖမ်းမဆီးဖြစ်သည်။ ခိုးယူပျောက်ဆုံးသည့်ဥစ္စာကို ဥစ္စာရှင် အမှန်ဆိုစေ။ ဆိုဝံ့သမျှဥစ္စာကို ထောင်မှူးကင်းအုပ် ကင်းခေါင်း ကင်းစောင့် ကင်းနေ သွေးကြီး သွေးဆော် အရပ်သားတို့က ပေးလျော်စေ။[၅]

၁။ **အမိန့်တော်များ** ၇၀၃–၇၀၅ (ရွှေဟောင်း) ၁၁၇၂ ခု ပထမဝါဆိုလဆန်း ၇ ရက်နေ့ (၂–၆–၁၈၁၀)

၂။ ယင်းအမိန့်တော်အချို့ကို နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားပါသည်။

၃။ **အမိန့်တော်များ** ၂၂၂။ (ရွှေဟောင်း)

၄။ **အမိန့်တော်များ** ၇၄–၅။ (ရွှေဟောင်း)

၅။ **အမိန့်တော်များ** ၉၇၃ (ရွှေဟောင်း)

> တောင်ဖက်တိုက်ဝန်အိမ်သို့ ညည့်အချိန် သူခိုးတက်ရောက် ခိုးယူသည့် အမှုမှာ အရပ်အနေလူတို့ မကူမညီ မဖမ်းမဆီးသောကြောင့် သူခိုးကိုမမိ လွတ်ရသည် ဖြစ်သည်။ ခိုးယူရာပါသမျှကို ဥစ္စာရှင် အမှန်ဆိုစေ။ ဆိုဝံ့သမျှ ဥစ္စာရပ်ကို သေွးကြီး သေွးဆော် အရပ်သားတစုတို့က လျော်စေ။ သေနတ် ကင်းအစောင့်အနေ လူတို့ကို ၅ ချက်စီ ရိုက်။ တောင်ဖက်တိုက်ဝန်မှာလည်း မူးမတ်ဖြစ်လျက် သူခိုး ၁၀ ကျော် အိမ်သို့ တက်ရောက်သည်ကို မိအောင်မဖမ်းမဆီးနိုင်ဖြစ်သည်။ တိုက်ဝန်အရာကနုတ်။ တိုက်ဝန်အဆောင်အရွက် ဗောင်း ဝတ်လုံ စလွယ်များကိုနုတ်။ တိုက်စာရေးအရာနှင့်သာ ထမ်းရွက်စေ။ တောင်ဖက်တိုက်ဝန်အရာကိုလည်း တော်သင့်သူကို အိမ်ရှေ့မင်းက ရွေးချယ်ခန့်ထားစေ။[၁]

ဟုအမိန့်တော်များ၌ တွေ့ရှိရ၏။

နိုင်ငံရေးအပါအဝင် စစ်ချီစစ်တက်နှင့် စပ်လျဉ်း၍ အမိန့်တော်များ ပြန်တမ်းများ ရှိပါသည်။ သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် ဓညဝတီရခိုင်ပြည်သို့ ချီတက်ရန် တပ်မတော်များနှင့် လိုက်ပါရမည့် စစ်ကဲများကို

> ရခိုင် အမှုတော် ကောင်းရာ လိုက်စေရမည်မှာ အိမ်ရှေ့မင်းတပ်တွင် အမြင့်မြို့စားမင်းကြီး မင်းခေါင်ကျော်နှင့် အိမ်ရှေ့ဝန် နေမျိုးကျော်ထင် သီဟသူကို စစ်ကဲ၊ စကုမင်းတပ်မှာ နေမျိုးသီဟသူ နေမျိုးစည်သူကျော်ထင် တို့ကို စစ်ကဲ၊ ကာမမင်းတပ်မှာ နေမျိုးသီဟကျော်စွာ နေမျိုးကျော်ထင်တို့ကို စစ်ကဲခန့်။ ။

၁၁၄၆ ခု တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့[၂] နားခံဇေယနော်ရထာကို ခေါ်၍ ပြန်တူ၍ အမိန့်တော်ဖြင့် ခန့်ထားသည်။[၃] ၎င်းပြင် ရခိုင်သို့ အမှုတော်ကောင်းရာ လိုက်ပါထမ်းရွက်ရမည့်သူများကို လိုက်ပါထမ်းရွက်ရမည့်တပ်များနှင့်တကွ ဖော်ပြထားသည်ကို အမိန့်တော်များ၌ တွေ့ရ၏။[၄] သက္ကရာဇ် ၁၁၄၆ ခု တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့တွင်[၅] ထုတ်ပြန်သည့် ရခိုင်ဓညဝတီချီဗိုလ်မှူးခန့် ပြန်တမ်းတွင် အိမ်ရှေ့မင်းကို "ဗိုလ်မှူးအချုပ်" ခန့်တော်မူ၍ ဥယျာဉ်ပုကြောင်း လင်းပတေ့ကြောင်း မင်းတုန်းကြောင်းနှင့် ရေကြောင်း စစ် ၄ ကြောင်းဖြန့်ချီသည့် တပ်စဉ်နှင့် မြင်း သေနတ် လက်နက်ကိုင် အမြောက်ကျည်စေ့ တိုက်လှေအင်အားများကို ဖော်ပြပြီးနောက် သာလွန်

၁။ အမိန့်တော်များ ၁၀၁၂–၁၀၁၃ (ရှေးဟောင်း) ၁၁၇၃ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့ (၁၂–၃–၁၈၁၂) နားခံစမြောင်မှူးတွင်ပြန်။

၂။ အမိန့်တော်များ (အမျိုးသား ပု ၃၅၀) ၁၁၄၆ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့ (၈–၉–၁၇၈၄)

၃။ ဓညဝတီချီဗိုလ်မှူးခန့်ပြန်တမ်း (အမျိုးသား ပု ၃၅၆) တွင်ပါဝင်သည့် စစ်ကဲအမည်အချို့မှာ အထက်တွင် ဖော်ပြပါအမည်များနှင့် ကွဲပြားသည်။

၄။ အမိန့်တော်များ (အမျိုးသား ပု ၃၅၀) ၁၁၄၆ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့ (၁၅–၉–၁၇၈၄) သီတင်းကျွတ်လဆန်း ၁၅ ရက်နေ့ (၂၈–၉–၁၇၈၄) ထုတ်ပြန်သည့် အမိန့်တော်များ စသည်။ ဥပမာ အချို့ကို နောက်ဆက်တွဲ ၃ တွင် ပြထားပါသည်။

၅။ ၁၆–၁၀–၁၇၈၄။

မင်းတရားကဲ့သို့ပင်^၁ လမ်းခရီးတလျှောက် ဆင်းရဲသားကျွန်တော်မျိုးတို့၏ သက်ရှိသက်မဲ့ ဥစ္စာပစ္စည်းများကို မထိမခိုက်ရန်နှင့် အသောက်အစား ကြေးငွေစားယူခြင်းကို ရှောင်ကြဉ်ရန် မှာကြားတော်မူ၏။ ထို့နောက် တပ်မတော် လိုက်နာရမည့် စည်းကမ်းများကို ဖော်ပြထားသည်။

> စခန်းချတိုင်း ချတိုင်း တပ်တော်များကို အစည်းအကြပ်နှင့် ညီညွတ်စွာ ချနေစေ။ တပ်တွင် ရဲမက်ဗိုလ်ပါ အရောက် မညီသည်ကို ဆင်မြင်းကြိုးက မချစေနှင့်။ အရောက်ညီမှ ကြိုးက ချစေ။ ဆင်မြင်းများကိုလည်း ကြိုးလွန်မကျွံ ထိန်းကျောင်းရမည့်အကြောင်း၊ တပ်တော်များတွင်လည်း သူရဲ သူခက်တို့ နိမိတ် မင်္ဂလာမရှိသည့် စကားကို မပြောမဆိုစေရမည့်အကြောင်းနှင့် ဗိုလ်မှူး တပ်မှူး စစ်ကဲ နားခံ ဆင်စီး မြင်းစီးတို့ကို မှတ်စာပေး၍ ကျပ်ကျပ်တည်းတည်းစီရင်။ သူရဲသူခက်တို့လည်း လက်နက်ကိုယ်မကွာစေနှင့်၊ ဆင်တော်များလည်း ဆင်ကြီးရည်ကောင်းတိုက်ဆင်များဖြစ်သည်။ လမ်းခရီးတွင် မပင်မပန်း မလျော့ရအောင် မြက်ကောင်းရေကောင်း ဖြည့်တင်း ကျွေးမွေး၍ သာယာစွာ ဆောင်ယူရမည်။ တပ်ပါ မြင်းများကိုလည်း လမ်းခရီးက မစီးမနင်းစေနှင့်။....အချုပ်က နှိုးဆော်ခေါ် လျှင်လည်း တပ်ရှိဗိုလ်မှူးတပ်မှူးစစ်ကဲနားခံ တပ်စာရေးအမည်ရ သွေးသောက်ကြီး အမှုထမ်းတို့ ခေါ်ခါးချုပ်ကာ တပ်မတော်သို့ ရောက်စေရမည်။
>
> တပ်မတော်များ အရောက်ညီ၍ ချရပ်မိလျှင် လေးမျက်နှာ လမ်းပေါက်လမ်းစတော်သင့်ရာ စုံစမ်းစေပြီးမှ ဆင်စာ မြင်းစာကို ရှာယူစေ။ တပ်တွင်းတပ်ပြင် အနီးအစပ်တွင် မကောင်းဟောင်းနွမ်းသည့် အဆွေးအမြည့် မရှိစေရ။ ရှင်းလင်း သုတ်သင်စေ။ သူရဲသူခက်တို့ ချက်ပြုတ်စားသောက်သည့် ကာလလွန်လျှင် မီးမထား မရှိစေနှင့်။ တညဉ့် လေးယံမောင်းခပ်၍ လှည့်ပတ်ကြည့်ရှု နှိုးဆော်စေ။ တပ်တော်များတွင်လည်း ဆူးငြောင့်ခလုတ်မြင်းတားလုံခြုံအော ် တပ်စဉ်အတိုင်း လုပ်ဆောင်ချနေ စီရင်ပြီးလျှင် မျိုးရိက္ခာ လုံလောက်စွာ ခန့်ဟွက်သွင်းထားရမည်။
>
> သင်းတို့ အကြောင်းအရာ အကြံအစည် အရိပ်အခြည်ကိုသိရအောင် ရဲရောင်မြန်မာသူတို့ကို ရွေးခြယ်ခန့်ထား၍ ကြည်းကြောင်း ရေကြောင်း သင့်ရာ ကင်းရှည်ကင်းထိုးသွားစုံစမ်းစေ။ အကြောင်းအရာ သိထင်မြင်ရလျှင်လည်း ရေကြောင်းကအခိုင်အဖြီး လုပ်ကြံစေသင့်မည်၊ ကြည်းကြောင်းက အခိုင်အဖြီးလုပ်ကြံစေသင့်မည်၊ ရေကြောင်းကြည်းကြောင်းဖက်၍ လုပ်သင့်မည်၊ အရေးအကြောင်း ထင်မြင်ရာ ဗိုလ်မှူးတပ်မှူး စစ်ကဲ နားခံတို့ တိုင်ပင်၍ အရေးတော်အားကြီးရာ ဖိဖိစီးစီး ချီသွားလုပ်ကြံ ရှင်းလင်းရမည်။
>
> စစ်ရေး စစ်မှု ဆိုသည့် အရာသည် စစ်ဦး စစ်စ ကောင်းမှ စစ်လယ် စစ်နှောင်း ကောင်းမည်။ တွေးတောမြော်မြင်စီရင်ခန့်ထား၍ အမှုတော်ကို စည်းစည်း ကြပ်ကြပ် ကွပ်ညှပ်စီရင် စွန့်စားထမ်းရွက် တိုက်လံလုပ်ကြံနှိပ်နွမ်းရှင်းလင်းသိမ်းယူရမည်။

၁။ ဒေါက်တာသန်းထွန်း “သာလွန်မင်းလက်ထက် အုပ်ချုပ်ရေး” မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ် (မသဂ) အတွဲ ၄၉၊ စာမျက်နှာ ၅၅။

> အရေးအကြောင်း အရိပ်အခြည်ထင်မြင်သမျှကိုလည်း ဗိုလ်မှူး တပ်မှူး စစ်ကဲနားခံ အမှုထမ်း တပ်ချုပ်ဗိုလ်မှူး စစ်ကဲ နားခံ အမှုထမ်းတို့နှင့် သည်အရေးမှာ သို့ လုပ်ကြံရမည် ညီညွတ်စွာ စုရုံးတိုင်ပင်၍ အရေးတော်ပြီးပြေလွယ်အောင် လုပ်ကြံကြရမည်။အရေး အကြောင်းရှိသမျှကိုလည်း ကြားသိတော်မူရအောင် သင့်ရာ ခန့်ထား၍ မပြတ်မလပ် ရှိခိုးသံတော်ဦးတင်လာစေ။

စသည်ဖြင့် ဖြစ်ပေ၏။[၁] ရခိုင်ပြည်၌သက္ကရာဇ် ၁၁၇၃ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် အရေးအခင်း များနှင့် စပ်လျဉ်း၍လည်း အထောက်အထားများ ရှိသေး၏။

> ရခိုင်အရေးအကြောင်းမှာ ဒလက်ကြောင်း မအီကြောင်း မော်တင်ကြောင်း တပ်များအရောက်စုံညီလျှင် အလွယ်တကူအရေးတော် ကုန်တွင်ရမည်ဖြစ်လျက် မင်းလှ စည်သူ အကြီးအကြပ် အဆင့်အဆို ပေါ့လျော့သောကြောင့် အဆိုက်အရောက် မစုံညီ လရက်ရှည်ကြာ ရှိရသည်ဖြစ်သည်။ မင်းလှစည်သူကို ရွှေဘဝါးတော်အောက်ခေါ် စေ။ မင်းရဲမင်းလှကျော်ထင်ကို ပြည်မြို့က ရပ်နေစေ၍ ရခိုင်အရေးတော်နှင့် မြစ်ရိုးမြစ်စဉ် ပေါ်ရှိသည့် သူခိုးဓားပြတို့ကို ရှင်းလင်းအောင် စီရင်စည်းကြပ် ထမ်းရွက်စေ။[၂]

ယခုတဖန် သက္ကရာဇ် ၁၁၇၀ ပြည့်နှစ်တွင် တပ်တော်များကို ဇင်းမယ်သို့ ချီတက်ရန် စီစဉ် ခန့်ရန်တော်မူသည်များနှင့် ဗဒုံမင်းကိုယ်တော်တိုင် သီပေါရောက် ချီတက်ရန် စီရင်တော်မူသည်များ ကို တင်ပြပါမည်။ ဇင်းမယ်သို့ ချီတက်မည့် ရဲမက်များကို မိုးနဲ့ကြောင်း သိန္နီကြောင်းနှင့် ယွန်းစလင်းကြောင်း ချီတက်ရန် ခန့်ရန်တော်မူ၏။[၃] ထိုသို့ ချီတက်ရာ၌ လိုက်ပါထမ်းရွက်ရမည့် လက်နက်ကိုင်များကို စည်းကြပ်ရသောကိစ္စသည် သေးငယ်လှသည် မဟုတ်ပေ။ သူကြီးများကို နောက်တော်လိုက်နှင့် ဆင့်ဆိုရသည်။

> မြို့ရွာသူကြီးတို့ကိုလည်း အင်အားနှင့်လျော်အောင် နောက်လိုက် နောက်ပါနှင့် နောက်တော်လိုက်စေ။ မြို့ရွာမှာလည်း ညီသားတို့ကို အစောင့်အနေထားစေ။[၄]။

အရပ်ရပ် လက်နက်ကိုင်တို့ကိုလည်း စုစည်းစေရ၏။

> အရပ်ရပ်မြို့စု တိုက်စုများမှာ လက်နက်ကိုင်ကို အသည်အလာ မည်သည့်အစုအမှုထမ်း မဆို မြို့ရှင်ရွာရှင် မြို့ရွာသူကြီးတို့က တဝတည်းသိမ်းရုံးစေ။ တိုက်ကျေးရွာများမှာလည်း တိုက်စာရေး ကျေးရွာသူကြီးတို့က တဝတည်း သိမ်းရုံးစေ။ ရွှေဘဝါးတော်အောက် ရောက်သည့်ကာလမှ အစုအငန်းသားတို့နှင့်ပေးရာ ဖွဲ့ရာပါသည်တို့ကို ဆိုင်ရာ နုတ်ယူပေးအပ်စေ။ မြို့ရွာသူကြီးတို့က သိမ်းရုံးရာ မလိုက်မလာ ငြင်းဆန်နေလျှင် အဆုံး

၁။ အမျိုးသား ပု ၃၅၆၊

၂။ အမိန့်တော်များ ၉ဂ၁။ ၁၁၇၃ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့ (၂၅–၁၂–၁ဂ၁၁) (ရွှေးဟောင်း) စာမျက်နှာ ၉၂၀၊ ၉၆၁၊ ၉၆၉၊ ၉ဂ၆၊ ၉၉၀၊ ၉၉၄၊ ၉၉၆ စသည်။ နောက်ဆက်တွဲ ၃ လည်းရှု။

၃။ အမိန့်တော်များ ၄၆၀၊ ၄၆၁၊ ၄၆၅ စသည်။ (ရှေးဟောင်း)

၄။ အမိန့်တော်များ ၄၆၁ (ရှေးဟောင်း) ၁၁၇၀ ပြည့် သီတင်းကျွတ်လဆန်း ၇ ရက်နေ့။

စီရင်။ ကသည်း အက္ကပတ်တို့မှာလည်း မည်သည့်အစုအငန်းအမှုထမ်း ပေးဖွဲ့ရာပါမဆို တလုံးတဝတည်း အရပ် သွေးကြီး သွေးဆော်တို့က သိမ်းရုံး၍ လူကို စုပုံစေ။ လူ စုပုံမိမှ ဆိုင်ရာစာနှင့် ခွဲဝေပေးအပ် ထမ်းရွက်စေ။ ရေကင်းဝန်က သိမ်းစု သာယာဝတီမြို့ လိုင်မြို့ တရုတ်မော်မြို့ သာရဝေါ လက်နက်ကိုင်မှာ ရွှေဘဝါးတော်အောက် ဆန်ဘက်စေ။ ကျန် မြန်အောင်မြို့ ကနောင်မြို့ ဟင်းသတမြို့ ဓနုဖြူမြို့ ဇလွန်မြို့များမှာ ရေကင်းဝန်က အမိန့်တော်ရင်းအတိုင်း သိမ်းရုံး၍ ပုသိမ်မြို့ဝန်သို့ အပ်စေ။[၁]

ဝန်ထမ်းရန် လူများကိုလည်း ခန့်ရသည်။

ကျီဝန်ဝန်စု ငွေခွန်ဝန်ဝန်စု လူတို့မှာ ရိက္ခာလမ်းမသင့်သူတို့ကို ဝန်တော်ဆောင်ခန့်။ ရိက္ခာလမ်းသင့်သူတို့မှာ ဝန်တော်ဆောင် မခန့်မထား ရိက္ခာတော်စပါးကို ခန့်ထား၍ပေး ပို့စေ။ ဝန်တော်ဆောင် လူ ရိက္ခာ စပါးပေးရသူတို့ကို ရွှေစက်တော်ဖြန့်တော့်မှုမည့်အခိုက် ငွေခွန်တော် အဆက်အသွင်းလွှတ်စေ။ သက္ကရာဇ် ၁၁၇၀ သတင်းကျွတ်လဆန်း ၁၀ ရက်နေ့ နားခံဘယကျော်ထင် တွင်ပြန်။[၂]

အမှုတော်ကောင်းရာ၌ လိုအပ်သည့်ရိက္ခာ ဝန်စည်စလယ်ကို သယ်ဆောင်ရန် ဝါးကျည်တောက်၊ ထန်းခေါက်ဖာ လှည်း စသည်များကိုပါ လုပ်ဆောင်စေရသည်။

ရောက်နှင့်သည့် လက်နက်ကိုင်တို့ကို လူတကိုယ်လျှင် နှစ်စိတ်ကျပေးရန် စပါးမှာ တောင်ငူမင်းကျီ မြတောင်မင်းသမီးကျီ ၂ ရပ်က စပါး ၂၀၀၀၀ တင်း ပုသိမ်မင်းကျီက ၄၀၀၀ တင်း ပုခန်းမင်းကျီက ၅၀၀၀ တင်း ဝန်တော်အိမ်ကျီက ၁၀၀၀၀ တင်း မက္ခရာ မင်းကျီက ၄၀၀၀၊ ကျောက်မော်မင်းသမီးကျီက ၅၀၀၀ တင်း၊ ကျီတော်က ၂၀၀၀ တင်း အစုစုစပါး ၅၀၀၀၀ ထုတ်၍ ရဲမက်လက်နက်ကိုင်တို့ကို ရိက္ခာပေးအပ် ချီသွားစေ။[၃] ရိက္ခာထမင်းမှုန့်ထည့်ရန် အရှေ့တောင်ရိုးမှ အဝ ၅ သစ် ၆ သစ်ရှိသည့် ဝါးပိုးများကို ခုတ်၍ အရှည်ဘတောင်ပြည့် အဖုံးအပိတ်နှင့် ၁၀၀၀၀၀ ရအောင် လုပ်ဆောင်စေ။

သက္ကရာဇ် ၁၁၇၀ သတင်းကျွတ်လဆန်း ၉ ရက်နေ့ နားခံရာဇနော်ရထာ တွင်ပြန်။[၄]

လိုအပ်သည့် ထန်းခေါက်ဖာ ၁၀၀၀၀ ကျော် ၄၀၀၀၀ ကို မင်းကွန်းအနောက်ဖက်ထန်း မတဲထန်း များမှချိုင်၍ အိပ်ဖန်သားများကို ရက်လုပ်စေရသည်။[၅]

လှည်းပေါင်းလုပ်သည်မှာ ရိုင်ကိုမိုးစေ။ ရိုင်ပေါ်မှာ ရွက်ကိုမိုးစေ။ မိုးရန်ရွက်မှာ မဏ္ဍပ်ကရွက်ကိုသိမ်း၍ မိုးစေ။[၆]

၁။ အမိန့်တော်များ ၄၆၂–၃။ ၁၁၇၀ သီတင်းကျွတ်လဆန်း ၇ ရက်နေ့။
၄၇၃၊ ၄၇၅ လည်းရှု (ရွှေးဟောင်း)
၂။ အမိန့်တော်များ ၄၆၇။ (ရွှေးဟောင်း)
၃။ အမိန့်တော်များ ၄၇၅။ (ရွှေးဟောင်း)
၄။ အမိန့်တော်များ ၄၆၃။ (ရွှေးဟောင်း)
၅။ အမိန့်တော်များ ၄၆၁–၂။ (ရွှေးဟောင်း) ၄၆၆၊ ၄၇၉။
၆။ အမိန့်တော်များ ၄၇၉။ (ရွှေးဟောင်း)

ချီတက်ရန် လမ်းခရီးများကိုလည်း ကြည့်ရှုပြင်ဆင်စေရသည်။

> သီပေါမြို့ရောက် ရွှေစက်တော်ဖြန့်တော်မူမည်။ လမ်းမှာ မည်သည့်လမ်းကသင့်မည်ကို ရှာဟိုင်းစားသား ဗညားသေည်နှင့် သင့်ရာ ဖက်ခန့်ကြည့်ရှုစေ။ မည်သည့်အရပ်တွင် မည်သို့ လုပ်ဆောင်ပြင်ဆင်ရမည်များကိုလည်း မှတ်သားခဲ့စေ။ မှတ်သားချက်ပုံစံများကိုလည်း သွင်း။[၁]
>
> ညောင်ဘီလူးက ထွက်သည့်လမ်းပုံကို လွှတ်ကသင့်ရာလူထည့်၍ ကြည့်ရှုစေ။ ရွှေစက်တော်ဖြန့်မည့်လမ်းကို ပြင်ဆင်ရမည်မှာ တောင်စောင့်နတ်တို့ကို အမိန့်တော်ပြန်၍ ပွဲနတ်ရကာ ပသတင်ကြေးပြီးလျှင် သစ်ဝါးခုတ်ပယ်ရန်ရှိသည်ကို ခုတ်ပယ်ရှင်းလင်း ပြင်ဆင်စေ။[၂]

ရဲမက်များ လမ်းခရီးတွင် နာဖျားလျှင် မြို့ရှင်ရွာရှင်တို့က ကုမရန်နှင့် သေလျှင်လည်း ကောင်းမွန်စွာ သင်္ဂြိုဟ်ရန် မှာကြားတော်မူရသည်။

> တပ်မတော်ချီတက်ရာပါသည့် လက်နက်ကိုင်တို့က မကျန်းမမာရှိ၍ မလိုက်နိုင်သူကို ခရီးလမ်းသင့်ရာ စော်ဘွား မြို့စားတို့ကိုအပ်၍ ဆေးဝါးကုသပေးစေ။ မာလျှင် တပ်တော်သို့လိုက်စေ။ သေလျှင် မြို့ရှင်ရွာရှင်တို့က ကောင်းမွန်အောင် သင်္ဂြိုဟ်စေ။ မှတ်စာမှာစာအပ်။[၃]

ဤသို့အားဖြင့် ဗဒုံမင်းကိုယ်တော်တိုင် စစ်ချီတက်သည်နှင့်ပတ်သက်၍ အထောက်အထား အများအပြား တွေ့ရှိရသည်။[၄] မိုးနဲ့ကြောင်းချီ မုတ္တမကြောင်းချီစသည့် စစ်ရေးဆိုင်ရာ အထောက်အထားများကိုလည်း ကြိုကြားကြိုကြား တွေ့ရ၏။[၅]

ဤသို့ စစ်ချီစစ်တက်ရာမှ ထွက်ပြေးတိမ်းရှောင်သည့် ထပ်ပြေးတပ်ရှောင်များ အကြောင်း အနည်းငယ် တင်ပြပါဦးမည်။ တပ်ပြေးတပ်ရှောင်တို့သည် ကြီးလေးသော အပြစ်ပေးခြင်း ခံကြရ၏။

> မိုးနဲ့တပ်တော်က တိမ်းရှောင်ထွက်ပြေး လာရောက်သူတို့ကို တွေ့မိအောင် စစ်ကြောဖမ်းဆီး၍ မိဘသားမယားနှင့်တကွ မီးပုံ၍တိုက်။ အသီးသီး တိုက်ဝန် တိုက်စာရေး စုထိန်း စုအုပ်တို့ကလည်း ရှာ၍ရောက်လှာသူတို့ကို ပို့ဆက်စေ။ မပို့မဆက်နေလျှင် တိုက်ဝန် တိုက်စာရေး စုထိန်း စုအုပ်နှင့်တကွ စီရင်။[၆]

ဟု တွေ့ရှိရ၏။ တပ်ပြေးသည်ကို တွေ့မိလျှင် ကြီးစွာသော ရာဇဝတ်သင့်ကြောင်း သိလျက်နှင့်ပင် တပ်ရှောင်လူစာရင်းမှာ မနည်းလှပေ။

၁။ အမိန့်တော်များ ၄၆၅။ (ရွှေဟောင်း)
၂။ အမိန့်တော်များ ၄၆၉။ (ရွှေဟောင်း)
၃။ အမိန့်တော်များ ၅၀၄–၅၀၅။ (ရွှေဟောင်း)
၄။ ယင်းသည်မှ အမိန့်တော်အချို့ကို နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားပါသည်။
၅။ အမိန့်တော်များ ၁၁၁၊ ၁၁၉၊ ၁၃၀၊ ၁၃၈၊ ၁၄၄ စသည်။ (ရွှေဟောင်း)
၆။ အမိန့်တော်များ ၁၀၅ (ရွှေဟောင်း) ၉၆၊ ၉၇၊ ၁၀၇၊ ၁၁၁၊ ၁၄၄၊ နောက်ဆက်တွဲ ၄ စသည် လည်းရှု။

သူကြီး ၇၇၇ အသည်ကျန် ၉၃၉ အစုအင်း ၄၉၁ စုစုပေါင်း လူ ၂၂၀၇ တပ်တော်က တိမ်းရှောင်ကြောင်းနှင့် ဗိုလ်မှူးမင်းကြီး မဟာသက်တော်ရှည်က ရှိခိုးသံတော်ဦးတင်ရောက်သည်မှာ တိမ်းရှောင်သည့် သူကြီးတို့အစား ခန့်ထား၍ မိုးနဲ တပ်တော်သို့ ချီသွားထမ်းရွက်စေ။ တိမ်းရှောင်သမျှ သူကြီးတို့ကိုလည်း တွေ့မိအောင် ဖမ်းဆီးပြီးလျှင် မီးပုံ၍တိုက်။ လင်ကိုမရလျှင် မယားကို မီးပုံ၍တိုက်။ တိုက်ဝန် တိုက်စာရေး စုထိန်း စုအုပ်တို့ကလည်း အမိန့်တော်ရင်းအတိုင်း ဖမ်းဆီး၍ ရွှေဘဝါးတော်အောက် ပို့ဆက်ကြစေ။[၁]

ဟူ၍ တွေ့ရှိရ၏။

ဗဒုံမင်းနန်းတက်စတွင် နိုင်ငံရေး အစဉ်အလာအရ မြန်မာနိုင်ငံကို တိုင်းများဖွဲ့၍ အုပ်ချုပ်သည်ကို တွေ့ရ၏။ တွေ့ရှိသမျှကို တင်ပြရလျှင် စကုမြို့ စလင်းမြို့ ဖောင်းလင်းမြို့နှင့် လယ်ကိုင်းမြို့တို့ ပါဝင်သော သုနာပရန္တတိုင်း၊ ပေါက်မြို့ မြင်စိုင်းမြို့ စကိုင်းမြို့ အင်းဝမြို့နှင့် ပင်းယမြို့တို့ ပါဝင်သော တမ္ဗဒီပတိုင်း၊ ပုသိန်မြို့ ဒလမြို့ မြောင်းမြမြို့နှင့် မုတ္တမမြို့တို့ ပါဝင်သော ရာမညတိုင်း၊ ဇင်းမယ်မြို့နှင့် လပုံးမြို့တို့ပါဝင်သော ဟရိပုဉ္ဇတိုင်း၊ ထားဝယ်မြို့ မြိတ်မြို့ တနင်္သာရီမြို့နှင့် ရေးမြို့တို့ပါဝင်သော ဒွါရကတိုင်း၊ မိုးမိတ်မြို့ မိုးနဲမြို့နှင့် ညောင်ရွှေမြို့တို့ပါဝင်သော ကမ္ဘောဇတိုင်း၊ ပြည်မြို့ ဥဒရာဇ်မြို့နှင့် ပန်းတောင်းမြို့ပါဝင်သော သရေခေတ္တရာတိုင်း၊ ကသည်းမြို့နှင့် ခွေးရှည်မြို့တို့ပါဝင်သော နာဂသျှတိုင်း၊ ကေတုမတီမြို့နှင့် ဇေယျဝတီမြို့တို့ပါဝင်သော ဇေယျဝဍ္ဎနတိုင်း၊ ကျိုင်းတောင်းမြို့ ကျိုင်းတုံမြို့နှင့် ကျိုးချိုင်မြို့တို့ပါဝင်သော ခေမာရဋ္ဌတိုင်း၊ မိုးကောင်းမြို့ မိုးညှင်းမြို့ ဗန်းမော်မြို့ ခွေးလုံးမြို့နှင့် စန္ဒားမြို့တို့ပါဝင်သော စိန့်တိုင်းနှင့် ကျိုင်းရိုးမြို့နှင့် မိုင်းအုံမြို့များပါဝင်သော ဇောတိရဋ္ဌတိုင်း စသည်တို့ဖြစ်၏။

သက္ကရာဇ် ၁၁၄၅ ခု နိုင်ငံတော်အတွင်း မြို့စု တိုက်စု ဝန်စုနှင့် ရွာစုအလိုက် အသည်နှင့် စုခြား အိမ်ခြေစာရင်းတခုကို အထောက်အထားများတွင် တွေ့ရှိရ၏။[၂] ထိုစာရင်းအရ အိမ်ခြေ တသောင်းကျော်ရှိသည့် မြို့စုများမှာ အိမ်ခြေ ၁၇၄၀၀ ကျော်ရှိသည့် အလုံမြို့၊ အိမ်ခြေ ၁၅၅၀၀ ကျော်ရှိသည့် အမရပူရမြို့နှင့် အိမ်ခြေ ၁၄၆၀၀ ကျော်ရှိသည့် ဒီပဲယင်းမြို့တို့ ဖြစ်ကြပေသည်။ တောင်ဖက်တိုက် ပြည်မြို့နှင့် ကျီဝန်ဝန်စုတို့တွင် အိမ်ခြေ ၉၀၀၀ ကျော် အသီးသီးရှိကြသည်။ အိမ်ခြေ ၈၀၀၀ ကျော်ရှိသည့် မြို့စုတိုက်စုများမှာ ကန်မြို့နှင့် ဗန့်ကျီတိုက်တို့ ဖြစ်ကြ၏။ အိမ်ခြေ ၇၀၀၀ ကျော်ရှိသည်တို့ကား မြေတူးမြို့ စလင်းမြို့ မြောက်ဖက်တိုက်နှင့် မြောက်ဖက်မြင်းဝန်စုတို့ ဖြစ်ကြသည်။ တောင်ဖက်မြင်းဝန်စုတွင် အိမ်ခြေ ၆၀၀၀ ကျော်၍၊ ပုဂံမြို့ သာယာဝတီမြို့ ယံသာဝတီမြို့ တောင်တွင်းကြီးမြို့ ရမည်းသင်းမြို့နှင့် တွင်းသင်းတိုက်တို့တွင် အိမ်ခြေ ၅၀၀၀ ကျော် အသီးသီး ရှိကြ၏။

နိုင်ငံရေးဆိုင်ရာ အကြောင်းအချက်တင်ပြရန် အမြောက်အမြား ကျန်ရှိနေသေးသော်လည်း[၃]

၁။ အမိန့်တော်များ ၁၀၆–၁၀၇။ (ရှေးဟောင်း) သက္ကရာဇ် ၁၁၆၈ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့ (၂၂–၄–၁၈၀၆) နားခံရာဇနော်ရထာတွင်ပြန်။

၂။ ထိုစာရင်းအပြည့်အစုံကို နောက်ဆက်တွဲ ၅ တွင် ဖော်ပြထားပါသည်။

၃။ ခဲယမ်းမီးကျောက် စုဆောင်းထိန်းသိမ်းရေး၊ သေနတ်ဆက်ခြင်း၊ နယ်ကျူးလွန်ဝင်၊ လက်ဆောင်တော်ဆက်၊ သမီးကညာဆက် စသည်များ။

ဤစာတမ်းသည် ပဏ္ဏာမလေ့လာချက်မျှသာ ဖြစ်သဖြင့် ဤမျှဖြင့်ပင်ရပ်လျက် နိုင်ငံခြားဆက်သွယ်ရေးဆိုင်ရာ အချက်အလက်အချို့ကိုသာ ဆက်လက်တင်ပြပါမည်။

ဗဒုံမင်းလက်ထက် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီနယ် ဘင်္ဂလား လွတ်လပ်သော အိန္ဒိယမင်းများ မဏိပူရ အာသံ ဇယန္တာ သီဟိုဠ် ဂိတာ ယိုးဒယား လင်းဇင်း တရုတ်နိုင်ငံများနှင့် အဆက်အသွယ် စာပေးစာယူ သံအစေအလွှတ်များရှိသည်။ မြန်မာနိုင်ငံသည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီနှင့် ညောင်ရမ်းခေတ်ကပင် အဆက်အသွယ်ရှိခဲ့၏။ အလောင်းမင်းတရားကြီးလက်ထက် ဟိုင်းကြီးကျွန်းနှင့် ပုသိမ်မြို့တို့တွင် အခြေချခဲ့သော အင်္ဂလိပ်ကုမ္ပဏီ ကိုယ်စားလှယ်တို့သည် နောက်မင်းများ လက်ထက်တွင် ပုသိမ်နှင့် ရန်ကုန်မြို့များသို့ အရောက်အပေါက် ပိုမိုများပြားလာ၏။ ဗဒုံမင်းသည် ဓညဝတီ ရခိုင်ပြည်ကို သိမ်းယူပြီးနောက် နယ်ပယ်ကျယ်ဝန်းလာသော မြန်မာနိုင်ငံ၏ နယ်နိမိတ်သည် အင်္ဂလိပ်ကုမ္ပဏီနယ်ဖြစ်သော စစ်တကောင်းကျေးနှင့် တချင်းတနင်းတည်း ဖြစ်လာ၏။ တနည်းဆိုရလျှင် နိုင်ငံခြား ဆက်ဆံရေးမှာ ထိပ်တိုက်တွေ့လာရခြင်းပင် ဖြစ်သည်။ ဤသို့ နယ်ချင်းစပ်သည်ကစ၍ ရှေးယခင်ကထက် အင်္ဂလိပ်တို့နှင့် ပိုမိုဆက်သွယ်ရန် အကြောင်းအချက်များ ပေါ်ပေါက်လာသည်။ ထို့ကြောင့် မြန်မာနှင့် အင်္ဂလိပ် မကြာခဏ စာပေးစာယူ သံတမန် အစေအပါးကို ပြုလုပ်လာရပေတော့သည်။

ထိုသို့ မြန်မာနှင့်အင်္ဂလိပ် နှစ်တိုင်းနှစ်ပြည် ကိုယ်စားလှယ်တို့ ဆက်သွယ်တွေ့ဆုံရာ၌ ခန့်အပ်လွှာ အခွင့်အာဏာစသည် အကြောင်းအရာများကို ရှေးဦးစွာ ဆွေးနွေးကြကြောင်းကို မှတ်တမ်းမှတ်ရာများ၌ တွေ့ရှိရပေသည်။ ဥပမာ သက္ကရာဇ် ၁၁၅၇ ခုနှစ် ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပုံကို အောက်ပါအတိုင်း တွေ့ရှိရသည်။

> စာကို သေချာစွာ တံဆိပ်လက်မှတ်နှင့် စစ်ကဲနရာကျော်ခေါင် မြို့စာရေး မောင်အောင်တို့ကိုအပ်၍ ဘော်စလီနှင့်အတူ မိကေသင်တပ်သို့ နောက်ပါလူ ၅၀၀ နှင့် သွားစေ၏။ အင်္ဂလိပ်ဗိုလ် မိကေသင်ထံ ရောက်လေသော် မိကေသင်က သင့်တင့်လျောက်ပတ်ရာတွင် အကျွေးအမွေး ရိက္ခာစားရန် ကောင်းမွန်စွာ လုံလောက်အောင် ပေးကမ်း၍ နေရာချထားပြီးမှ ဆိုသည်ကား။ ။မြန်မာဗိုလ်မင်းက ပေးသည့်လက်မှတ် စာပါလျှင် ပေးပါ တောင်း၏။ စစ်ကဲနရာကျော်ခေါင် မြို့စာရေး မောင်အောင်တို့က စကားဆိုသည်မှာ ပြည်ထောင်မင်းချင်းသော်ငင်း၊ မှူးမတ်ချင်းသော်ငင်း၊ တဦးကိုတဦး သဝဏ်စာ ပေးကမ်းစေလွှတ် ရောက်ပေါက်သမျှသည် အမှုပိုင် အခွင့်ကုန်ဖြစ်မှသာ စာကိုပေးမြဲ ထုံးစံရှိသည်။ ကျွန်ုပ်တို့ကို နေထွက်အသျှင်က ယုံမှတ်တော်မူ၍ ကိုယ်တော်ပွား ထား အပ်လျက် ခန့်တော်မူသည်။ ဗိုလ်ချုပ် အရေးပိုင်အခွင့်ကုန်က ပေးသည့်စာကို ဗိုလ်မင်း မိကေသင်သို့ ပေးပါဆိုသော် ဗိုလ်မင်းလည်း ကျွန်ုပ်တို့ ဗိုလ်ချုပ်မင်းကဲ့သို့ အခွင့်ပိုင် အမှုကုန်မှန်မှ စာကိုလက်ခံယူသင့်သည်။ အခွင့်မပိုင်လျှင် ဘိလပ်ပြည် အင်္ဂလိပ် ကိုယ်ပွား ဟိန္ဒူတိုင်းနိုင်ငံကို လွှဲအပ်ခန့်ထားသူ ဘင်္ဂလား ကာလကတ္တားကုမ္ပဏီရှိရာ သွားမည်ဆို၏။ မိကေသင်ကလည်း ဘင်္ဂလားကုမ္ပဏီကို အင်္ဂလိပ်မင်းက ယုံမှတ်၍ ခန့်အပ်ထားသူ ကုမ္ပဏီက ကျွန်ုပ်ကို အခွင့်ပိုင်အမှုကုန် အရေးနှင့် လွှဲအပ်ခန့်ထား၍လာသည်။ အမှုကြီးငယ် ရှိသမျှကိုပင် ကျွန်ုပ်ပိုင်ပါ၏ ဟူသော စကားကို ဆိုလေသော် စစ်ကဲ

> နရာကျော်ခေါင် မြို့စာရေး မောင်အောင်တို့က ဆိုသည်မှာ ဗိုလ်မင်းမိကေသင်ဆိုသော အချက်တိုင်းမှန်လျှင် အခွင့်ပိုင် အမှုကုန် ပြောဆိုရန် ရှိသမျှကို ပြေကုန်အောင် ပြောဆိုပါမည်ဟူသော လက်မှတ်စာကိုသာ ပေးပါတော့ဆို၏။ အင်္ဂလိပ်ဗိုလ်မင်းမိကေသင်ကလည်း အခွင့်ပိုင် အမှုကုန်သော လက်မှတ်စာပေး၏။ ယင်းသည့်နောက်မှ လကျ်ာရွှေတောင်က ပေးလိုက်သည့်စာကို အင်္ဂလိပ်ဗိုလ် မိကေသင်သို့ ပေးအပ်၏။[၁]

ထို့ပြင် သက္ကရာဇ် ၁၁၇၁ ခုနှစ်တွင် ဘင်္ဂလားရှိ အင်္ဂလိပ်ကုမ္ပဏီ အစိုးရထံမှ သံအဖွဲ့ အမရပူရသို့ ရောက်ရှိလာပြန်သည်။[၂] ၎င်းတို့တွင်ပါသည့် သဝဏ်လွှာ လက်ဆောင်တော် သံတို့နှင့် ဆက်ဆံရေး ပြန်ရမည့်ရာဇသံ စသည်များနှင့် စပ်လျဉ်းသည့် အမိန့်တော်အချို့ကို အထောက်အထားများ၌ တွေ့ရှိရ၏။ ဥပမာ သဝဏ်လွှာကို မြန်မာပြန်ဆိုရေးနှင့် စပ်လျဉ်း၍

> ဘင်္ဂလား စစ်သူကြီး ကုမ္ပဏီက ရှိခိုးသံတော်ဦးတင်စာကို ပြန်ဆိုမြဲ ပြန်ဆိုစေ။[၃]

ဟူ၍၎င်း၊ ပါသည့် လက်ဆောင်တော်များ ဆက်သရေးကိုလည်း

> ဘင်္ဂလား ကာလကတ္တားမြို့ စစ်သူကြီးက ဆက်ရောက်သည့် လက်ဆောင်တော်များကို ရွှေဘဝါးတော်အောက် သွင်းစေ။[၄]
>
> ဘင်္ဂလား ကာလကတ္တားမြို့ စစ်သူကြီးက လက်ဆောင်တော် လာသူတို့နှင့် လက်ဆောင်တော်များကို အမြောက်သေနတ် ခင်းကျင်းဆက်သစေမည် သွင်းသည်မှာ မခင်းမကျင်းစေနှင့်။ ပကတိ ဆက်မြဲသာ ဆက်စေ[၅]

ဟူ၍၎င်း သံအဖွဲ့ပြန်ရန် အစီအစဉ်နှင့် သံတို့အား တန်ခိုးကြီးဘုရား နန်းတော် စသည်များကို ကြည့်ရှု ဖူးမျှော်စေရေးနှင့် စပ်လျဉ်း၍

> ဘင်္ဂလား ကာလကတ္တားစစ်သူကြီးက လက်ဆောင်တော် ဆက်လာလူတို့ကို ဟံသာဝတီမြို့ရောက် အခွန်ဝန်သီရိဇေတရတ်ကျော် ကြပ်မ၍ ပြန်သွားစေ။
>
> လက်ဆောင်တော်ဆက်လာလူ ဇံကေနီတို့ကို ပုထိုးတော်ကြီး စက်တော်ရာဘုရား ရှင်ပြုဘုရား စန္ဒာမုနိဘုရား ရွှေနန်းတော်များကို ဝင်၍ ကြည့်ရှုဖူးမျှော်စေ။[၆]

ဟူ၍၎င်း ဘင်္ဂလားသို့ပေးရန် စာကြမ်းတင်ပြသောအခါ သင့်ပြီဟူသော အမိန့်ရှိသည်[၇] များကိုလည်း တွေ့ရ၏။

ယခုတဖန် သက္ကရာဇ် ၁၁၇၃ ခုနှစ်တွင် ရခိုင်နယ်ခြားအရေးနှင့် စပ်လျဉ်း၍ အင်္ဂလိပ်နှင့် မြန်မာကိုယ်စားလှယ်တို့ တွေ့ဆုံကာ အချီအချ ဆွေးနွေးရာ၌ အင်္ဂလိပ် ကိုယ်စားလှယ်က မိမိတို့

၁။ မဇ္ဈိမဒေသအရေးတော်ပုံ ကိကျော – ကုဝမ်း
၂။ ကဘဆ။ တွင် ဤအကြောင်း မပါရှိချေ။
၃။ အမိန့်တော်များ ၅၇၅။ (ရွေးဟောင်း) (၁၉ – ၂ – ၁၁၁၀)
၄။ အမိန့်တော်များ ၅၈၀။ (ရွေးဟောင်း) (၂၄ – ၂ – ၁၁၁၀)
၅။ အမိန့်တော်များ ၅၈၉ (ရွေးဟောင်း) (၂၇–၂–၁၁၁၀)
၆။ အမိန့်တော်များ ၅၉၄ (ရွေးဟောင်း) (၂၈–၂–၁၁၁၀)
၇။ အမိန့်တော်များ ၆၁၉ (ရွေးဟောင်း) (၁၄–၄–၁၁၁၀)

အိန္ဒိယကို အဘယ့်ကြောင့် သိမ်းပိုက်ရသည်ဟူသော အကြောင်းပြချက် ပါရှိသည်။ ယင်းကို တင်ပြပါမည်။

> ကျွန်ုပ်တို့အရှင်ဖြစ်သော ဘိလပ်အင်္ဂလိပ်မင်း ဟိန္ဒူတိုင်းနိုင်ငံ မောင်ကွပ်ကုလားပြည် ဒီလီများကို သိမ်းယူတိုက်ခိုက်သွားသည်မှာလည်း ပသီမောင်ကွပ် ဒီလီမင်းမှူးမတ်နဘတ် ဒေဝန်ဝဂျီတာနား သတ္တဝါ ပြည်သူ ပြည်သားတို့ကို နှိပ်စက်ပြုကျင့်၍ကြေးငွေစားယူသည်။ တတိုင်းတပြည်က ရောင်းဝယ်လာရောက်သမျှ ကုန်သည်တို့ကို မဖြောင့်မမှန် ပြုကျင့်သည်များသောကြောင့် အသီးအသီး အင်္ဂလိပ်မင်းထံလျှောက်ကြ၍အကြားများလျှင် အင်္ဂလိပ်မင်းက ပသီမောင်ကွပ်ဒီလီမင်းသို့ စာပေးသည်။ မနာမယူ။တိုး၍ဆင်းရဲသားတို့ကို နှိပ်စက်ပြုပြန်လေရာ အင်္ဂလိပ်မင်းက ဝေလင်တည်သတ်ကို စစ်သူကြီးခန့်၍ ချီသွားလုပ်ကြံစေ၏။ ဝေလင်တည်သည် လက်ရုံးအားနှင့်ယူ၍ ဒီလီပြည်တဝက်ရလျှင် ကေသိမြို့တွင် ရပ်နေပြီးမှ မရသေးသော မြို့များတို့သို့ တတ်သိလိမ္မာသူတို့ကို မျဉ်းပြောင်းပြောဆိုစေရာ တဆဲ့နှစ်နှစ်ကြာမှဒီလီမောင်ကွပ်မင်းနှင့်တကွ ရပြန်သည်။[၁]

ဟု ဆို၏။ အင်္ဂလိပ်တို့သည် နိုင်ငံတနိုင်ငံကို သိမ်းယူတိုင်း အလားတူ အကြောင်းပြလေ့ရှိသည်။ မြန်မာနိုင်ငံကို သိမ်းယူစဉ်ကလည်း ဤကဲ့သို့ပင် အကြောင်းပြခဲ့ဘူးသည်။

တဖန် အင်္ဂလိပ်ကိုယ်စားလှယ်က မိမိတို့အစိုးရ တရားမျှတသောကြောင့် အိန္ဒိယတိုင်းသားအများက အအုပ်အချုပ်ခံ၍ ကြေးစားစစ်သားအဖြစ်စစ်မှုထမ်းသည်ဟူ၍ ကိုယ်ရည်သွေးပြန်သည်။

> ဘိလပ်မင်းက ထားသည့် ကုမ္ပဏီတို့ အကျင့်မကောင်းလျှင် သူတို့ တိုင်းပြည်ကို အရှည်ပိုင်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့ အခစား၍ ဟိန္ဒူ ပသီကုလားတို့ အမှုထမ်းစာပါအိပ်မပြုလုပ်။ သူတို့ချင်းသာ ပေါင်းဖက်နေကြ၍ ကျွန်ုပ်တို့ ရန်ဖက်ပြုပါမည်။ ကောင်းအောင်ပြုကျင့်၍သာ ကျွန်ုပ်တို့မှာ စာပါအိပ်အများ ရှိပါသည်။[၂]

ဟု ပြောဆိုသည်ကို တွေ့ရပေသည်။

မြန်မာနယ်ခြားအရေးကို ဆွေးနွေးရာ၌ အင်္ဂလိပ်ကိုယ်စားလှယ်က မြန်မာမင်း

> ရခိုင်ပြည်ကြီးမှာ မြို့ဝန်ခန့်သမျှလူတို့သည် မင်းကျိုးကိုမထောက် ဆင်းရဲသားတို့မျက်နှာကိုမကြည့်၊ ကိုယ်ကျိုးရှိအောင်သာ ဆင်းရဲသားတို့ကို နှိပ်စက်ပြုကျင့်သောကြောင့်[၃]

၁။ မဍ္ဈိမဒေသအရေးတော်ပုံ ကား ကျော၊ ယင်းအကြောင်းပြချက်နှင့် နှိုင်းယှဉ်ကြည့်နိုင်ရန် ဗဒုံမင်း ရခိုင်ပြည်ကို သိမ်းပိုက်ရသည့်အကြောင်းကို ဖော်ပြပါမည်။ "ကျွန်ုပ်အရှင် နေထွက်ဘုရင် ရခိုင်ပြည်ကြီးကို သိမ်းတော်မူသည်မှာလည်း ရခိုင်ပြည်တွင် မင်းရိုးပြတ်၍ ဝင်ထွက်မင်းမူကြရာ ရွှေငွေပေးနိုင်သူ လူမိုက်တို့ကို မှူးမတ်လုပ်စေ၍ ပြည်သူဆင်းရဲသားတို့မှာ မဟုတ်မမှန်မတရားသဖြင့် နှိပ်စက်ပြီးလျှင် ရွှေငွေယူလေရာ မသာမယာဆင်းရဲသားတို့ပင်ပန်းညှိုးငယ်ရှိကြကြောင်းကို ရွှေနားတော်ကြား ရှိခိုးသံတော်ဦးတင်လျှင် သားတော်မဟာဥပရာဇာကို စေလွှတ်တော်မူ၍ သိမ်းယူစေသည်" မဍ္ဈိမဒေသအရေးတော်ပုံ ကား ကျော-၁ ဝမ်း

၂။ မဍ္ဈိမဒေသအရေးတော်ပုံ ကား ကျော။

၃။ မဍ္ဈိမဒေသအရေးတော်ပုံ ကား ဝမ်း။

ရခိုင်ပြည် မငြိမ်မဝပ်ဖြစ်ရသည်ဟု ပြစ်တင်ပြောဆိုသဖြင့် အခွန်ဝန် ဇေယကျော်ထင်က ယင်းစွပ်စွဲချက် မဟုတ်မမှန်ကြောင်းကို

> မြို့ဝန်ခန့်တော်မူသမျှကို နှလုံး လက်ရုံး စုံသော မှူးတော် မတ်တော်တို့ကို ရွေးခန့်တော်မူသည်။ ။ပြည်ချင်း မြို့ချင်း မသင့်မတင့်ရှိကြသည်မှာ ကျွန်ုပ်တို့ တိုင်းပြည်သာ မဟုတ်ချေ။ မင်းကြီးတို့ တိုင်းပြည်အတွင်း ကုမ္ပဏီစီရင်စု တိပူ ဟာဒရပတ် ပုဏ္ဏား ဗာရတကမ္ဘု လက္ခနောင်မြို့များက တနှစ် တကြိမ် နှစ်နှစ်တကြိမ် ကုမ္ပဏီတို့ကိုစစ်ပြု၍ရှိသည်။ အင်္ဂလိပ် ပြင်သစ် ရှတ် အာရပ် ဇသျှကပ်စသော ပြည်ထောင်ချင်းတို့မှာလည်း ရန်စစ်ဖြစ်ကြသောအခါလည်းရှိ၏။ သင့်တင့်ကြသောအခါလည်း သင့်ကြ၏။ သူဆိုးသည် ငါကောင်းသည် တဦးကိုတဦး စကားတင်လွှား၍ မဆိုသင့် မဆိုအပ်။[၁]

ဟု ချေပခဲ့သည်။

ဗဒုံမင်းသည် အလိုရှိသော ကျမ်းဂန်စာပေများကို ရှာဖွေစုဆောင်းရန် အခွန်ဝန်ဇေယကျော်ထင်ကို မဏ္ဍိုမတိုက်သို့ သက္ကရာဇ် ၁၁၇၄ ခုတွင်စေလွှတ်ပြန်ရာ ပြာသိုလဆန်း ၅ ရက်နေ့[၂] **ရွှေဥဒေါင်းသင်္ဘော** နှင့် ဟံသာဝတီဆိပ်တော်မှ ထွက်ခွာခဲ့ရသည်။ လမ်းခရီး၌ ရက်ပေါင်း ၄၀ ကြာပြီးနောက် ဂင်္ဂါ သာဂရသင်္ဘောဆိပ်သို့ ဆိုက်ရောက်၏။ ထိုမှတဖန် အင်္ဂလိပ်ကုမ္ပဏီမှ အကြို အဆို စေလွှတ်သည် **ပင်လယ်မြင်းသင်္ဘော**[၃] နှင့်ကာလကတ္တားသို့ ဆန်တက်၍ရောက်သောအခါကုမ္ပဏီက အခွန်ဝန်နေရန် သုံးဆင့်တိုက် လူငယ်တို့နေရန် ၂ ဆင့်တိုက်များကို ပေးအပ်သည်။ ထို့ပြင်စားသုံးရန် စရိတ်အနေဖြင့် တနေ့လျှင် အခွန်ဝန်ကို ဒင်္ဂါးပြားရေ ၂၀ စစ်ကဲစာရေးနှင့် အကမိန်းမတို့ကို တယောက် ဒင်္ဂါးပြားရေ ၂ နောက်ပါ လူငယ်တို့ကို တကိုယ်လျှင် နှစ်မတ်စီပေး၏။ ကံကျေးလူ ဘင်္ဂါလီ ၅၀ ခဝါဖွပ် ၅ ဆတ္တာသည် ၃ အပ်ချုပ်လူ ၅ မြင်း ၂ စီးက ရထား ၁ ပါလကျီသည် ၅ တံခါးစောင့် ဝင်းခင်း သေနတ်ကိုင် 'ဆပါအိတ်' ၂၅ ဆင့်ဆိုရန် လူကြီး စာရေး ၅ မသိုးမသန့်ရှင်းလင်းရန် ဟရိမျိုး ၁၀ များကိုလည်း စုံလင်စွာ ပေးထားသည့်ခဲ့သည်။[၄] ထို ကျမ်းတွင် အခွန်ဝန်နှင့် ကုမ္ပဏီကိုယ်စားလှယ်တို့ တွေ့ဆုံခန်း အခွန်ဝန်နှင့် လွတ်လပ်သော အိန္ဒိယမင်းအချို့နှင့် တွေ့ဆုံခန်း စသဖြင့် စိတ်ဝင်စားဖွယ် အကြောင်းအရာ မြောက်မြားစွာ ပါရှိပါသည်။

ဗဒုံမင်းသည် လွတ်လပ်သော အိန္ဒိယမင်းများနှင့်လည်း အဆက်အသွယ်ပြုခဲ့သည်။ စာပေနှင့်ရင်း လူစေလွှတ်၍ရင်း ဆက်သွယ်ခဲ့၏။ဤသို့ ဆက်ဆံသည်များကို **ကန်းဘောင်ဆက် အမေးတော်အဖြေ မဏ္ဍိုမဒေသအရေးတော်ပုံ** အမိန့်တော်များ စသည့် မြန်မာ အထောက်အထားတို့၌ ကျမ်းဂန်စုဆောင်းရန် ရှေး အိန္ဒိယ ဓလေ့ထုံးစံများ လေ့လာရန် မဟာဗောဓိနှင့် မြတ်စွာဘုရား အကြောင်းတော်ကို လေ့လာရန်ဖြစ်သည် စသည်ဖြင့် ဆိုထားသည်။ ဥပမာ

၁။ **မဏ္ဍိုမဒေသအရေးတော်ပုံ ခ ဝမ်း။**

၂။ ၇–၁–၁၈၁၃။

၃။ **The Sea Horse.**

၄။ **မဏ္ဍိုမဒေသအရေးတော်ပုံ ခေ ကျော။ ခေါဝမ်း–ခေါကျောစသည်။ ကုမ္ပဏီနှင့် ဇေယကျော်ဆင် ဆက်သွယ်သမျှကို ဤကျမ်း၌ပင် တွေ့ရှိနိုင်ပါသည်။**

ငလှေးမှာ ဘနရတ်မြို့သို့ အလိုတော်ရှိ စေခန့်တော်မူရာ အမှုတော်ကို ထမ်းရွက်ရမည်ဖြစ်သည်။ ငလှေးတွင် သိမ်းရစိန်များကို ငလှေးသို့ သနားတော်မူသည်။ ပြန်၍အပ်။[၁]

မုတ္တမမြို့စာရေး ရွှေတောင်သာဂသူကို ဘနရတ်မြို့သို့ ပိဋကတ် ကျမ်းဂန်အဆောင်အယူစေတော်မူမည် ရွှေဘဝါးတော်အောက်ခေါ်စေ။ သက္ကရာဇ် ၁၁၆၇ ခုတော်သလင်းလဆန်း ၇ ရက်နေ့ နားခံရာဇနော်ရထာတွင် ပြန်။[၂]

ဟူ၍ အမိန့်တော်များ၌ တွေ့ရှိရ၏။ မဇ္ဈိမဒေသ အရေးတော်ပုံတွင် ကျမ်းဂန် စုဆောင်းရေးနှင့်ပတ်သက်၍ အကျယ်တဝင့် ဖော်ပြထားရာ ယင်းမှ ထုတ်နုတ်တင်ပြပါမည်။

သက္ကရာဇ် ၁၁၇၄ ခုတွင် အမိန့်တော်ရှိသည်ကား ရတနာသိင်္ဃမြို့ ချည်ပါရပ်နေရဲထင်ကြီးကို မဇ္ဈိမတိုင်းပြည်သို့ ကျမ်းဂန်စာပေ အကူးအယူ နဝဒီပုဏ္ဏားနှင့် အတူသွားစေသည်။ ယခုတိုင် ပြန်မရောက်ရှိသည်။ ရမ္မာဝတီမြို့ဝန် ရွှေတောင်သာဂသူ ပုဏ္ဏားနန္ဒရိတ်တို့ ဗာရာဏသီပြည်က ဂေါဝိန္ဒပုဏ္ဏားကို ရွှေဘဝါးတော်အောက် ခေါ်ယူခဲ့သည်။ ဂေါဝိန္ဒပုဏ္ဏားက ဗာရာဏသီပြည် ရာဇဂြိုဟ်ပြည် ပါတလိပုတ်ပြည် သာဝတ္ထိပြည်များမှာ ပုဏ္ဏားဟိန္ဒူတို့ လေ့လာသင်ကြားသော ဂေါတမဒန္ဒြ ဂေါတမ သိန္ဒြကျမ်းဂန်များက ဂေါတမဘုရားအတ္ထုပ္ပတ္တိကို ထွက်ရှိသည်။ ကူးယူဆက်သပါမည် ရှိခိုးသံတော်ဦးတင်၍သွားသည်။ မပြန်လာ။ အထက် ရွှေတောင်သာဂသူ သီရိကျော်ထင် ပေတူးကွေယ် ငစံ ငမှုံ ဂေရတို့ကို အကူးအယူ အကြိမ်ကြိမ်စေတော်မူရာကုန်သည်အရောင်းအဝယ်နှင့်သာပြု၍ ဟိန္ဒူ ပုဏ္ဏားတို့ကို မေးမြန်းထွက်သံအဟန်မှာ မြန်မာပြည်ဇာတ်နိပါတ် ဝတ္ထု အထွက် အဆိုအတိုင်း တော်သင့်အောင် ရေးလုပ်၍ ဆက်သသည်။ အနောက်ပညာရှိ အမှူးအမတ် ဆရာသမား အကြီးပြုသူတို့နှင့် အရောအနှော မရှိ၍ စကားဟောင်းမရ။ ။အရှေ့မျက်နှာ တရုတ်ပြည် အနောက်မျက်နှာ မဇ္ဈိမဒေသတိုက်တိုင်းကြီးဖြစ်သည်။ ဗန်းမော်စော်ဘွားခန့်သို့ နှစ်ဖက်လှ အရေးတတ်လိမ္မာသူအနောက်ပြည် စေရန် လူလိုသည် အမိန့်တော်ရှိလေသော် မဟာဆွေတော်ကြီး အနောက်ဝင်းတော်မှူး မင်းလှစည်သူ တိုင်တားဗိုလ် နေမျိုးလက်ဝဲသီဟတို့ ရှိခိုး သံတော်ဦးတင်သည်မှာ ၅၆ ခုနှစ် ငပေါလုံး ခွက်ပေါက်တို့ ကုလားနှင့်ပေါင်း၍ ဆိုးသွမ်းသည်တကြိမ်၊ ၇၃ ခုနှစ် ချောင်းပြန် လေက်ရိုးဘေ့တို့ ဆိုးသွမ်းထောင်လွှားသည်တကြိမ်၊ ၇၄ ခုနှစ် ဘင်္ဂလားကုမ္ပဏီက စေသူ ဗိုလ်ဇကေနီနှင့် ဟံသာဝတီမြို့ဝန် အရာရှိတို့နှင့် မသင့်မတင့်ခိုက်ရန် ဖြစ်ပွားကြသည်တကြိမ်၊အကြိမ်ကြိမ်များကို ဘင်္ဂလားမြို့သို့ အခွန်ဝန် ဇေယကျော်ထင်ကို စေတော်မူရာ ရန်မီးမပွားမရှိ သာယာသဖြင့် အမှုငြိမ်ဝပ်၍ ငပေါလုံ ခွက်ပေါက် ချောင်းပြန် သားမယားတို့ကို ကုမ္ပဏီက အပ်လိုက်ရပါသည့်အကြောင်းကို သံတော်ဦးတင်လျှင် ရွှေနားတော်သင့်၍ အခွန်ဝန် ဇေယကျော်ထင်ကို ခေါ်တော်မူ၏။[၃]

၁။ **အမိန့်တော်များ** ၁၇၇ (ရှေးဟောင်း) ၁၁၆၇ ခု တော်သလင်းလဆန်း ၆ ရက်နေ့ (၁၈–၈–၁၈၀၆) နားခံစမြောင်မှူးတွင်ပြန်။

၂။ **အမိန့်တော်များ** ၁၇၈ (ရှေးဟောင်း) (၂၀–၈–၁၈၀၆)

၃။ **မဇ္ဈိမဒေသအရေးတော်ပုံ** ခူကျော–ခေဝမ်း။

ဤသို့အားဖြင့် အခွန်ဝန်ဇေယကျော်ထင်သည်

> အလိုတော်ရှိစာများကို မဇ္ဈိမဒေသတိုင်း ရာဇဂြိုဟ်ပြည် လက္ခနောင်ပြည် စိန္တာပွန်ပြည် ဒေဝဒဟပြည် ပါဝါပြည် ပယာဂပြည် မိတ္ထိလာပြည်များကို လှည့်လည်၍ အသီးသီး ပြည်ထောင်မင်းတို့နှင့် သင့်တင့်လျောက်ပတ်သော စကားကို အလိုက်သင့် လျှောက်တင်ပြောဆိုပြီးမှ နာဂရီ ဘင်္ဂါလီဘာသာ ကျမ်းဂန်စာပေများကို ကူးယူ၏။ [၁]

ဤမြို့များအပြင် ဗာရာဏသီနှင့် ပူနာမြို့များမှလည်း ကျမ်းစာအများ ရရှိခဲ့ပေ၏။ [၂] အင်္ဂလိပ်ကုမ္ပဏီအစိုးရကမူ ဤသို့ကျမ်းဂန်စုဆောင်းခြင်းသည် ဟန်ပြမျှဖြစ်၍ လွတ်လပ်သော ကုလားမင်းများနှင့် မဟာမိတ်ပြုလုပ်ကာ အင်္ဂလိပ်ကိုအိန္ဒိယတိုင်းမှတိုက်ထုတ်လိုသောကြောင့် လာခြင်းဖြစ်သည်ဟု ယုံကြည်ကြသဖြင့် လန်ဒန်မြို့သို့ ထိုအကြောင်းများကို အကျယ်တဝင့် ရေးသားကြ၏။ [၃] သို့သော် အင်္ဂလိပ်ကုမ္ပဏီနှင့် အယူဝါဒကွဲလွဲသည့် အင်္ဂလိပ်စစ်ဗိုလ်ဝှိုက်ကမူ မြန်မာတို့ ကျမ်းဂန် စုဆောင်းရန် လာသည်ကို သံသယရှိရန် မလိုဟု ဆိုထားသည်သာမက ကုမ္ပဏီအစိုးရက ဤသို့ စွပ်စွဲခြင်းမှာ မြန်မာပြည်ကို တိုက်သိမ်းမည့် အစီအစဉ်များမပြုလုပ်မီ အင်္ဂလန်ပြည်ရှိ ပြည်သူပြည်သားတို့အား မြန်မာတို့အပေါ် အထင်လွဲ အမြင်လွဲဖြစ်စေရန် ဖန်တီးခြင်း ဖြစ်တန်ရာသည်ဟူ၍ ကောက်ချက်ချပြန်သည်။ [၄]

လွတ်လပ်သော မင်းများနှင့် ဆက်ဆံရေးမှ အခွန်ဝန်ဇေယကျော်ထင် သာဝတ္ထိပြည်သို့ ရောက်ရှိခြင်းနှင့် စပ်လျဉ်း၍ အနည်းငယ်တင်ပြပါမည်။

> ယမုနာ ဂင်္ဂါမြစ်နှစ်ခုကြားတွင် ပသီကုလားတို့အခေါ် တံပူ ပုဏ္ဏားဟိန္ဒူတို့အခေါ် သာဝတ္ထိပြည်သို့ရောက်၏။ ထိုပြည့်ရှင်မင်းအမျိုးတော်ခတ္တိယ အမိတ္တရာဇာ နေရန်တိုက် စားသုံးရန်စရိတ် အစုံပေးပြီးသော် အနေအထိုင် အစားအသုံး အလုံးစုံများကို စေလွှတ်၍ ချောင်းမြောင်းကြည့်စေ၏။ အခွန်ဝန်ဇေယကျော်ထင်ကလည်း ပါသမျှတို့ကို အသွားအလာ အစားအသုံးများကို ကျစ်လစ်စွာ နေထိုင်သွားလာ စားသောက်ကြရမည်ဆင့်ဆို၍ထား၏။ ဆယ်ရက်ခန့်ရှိသော် မင်းပေးအဝတ်အသုံးအဆောင်ကို ဆင်ယင်ဝတ်စား၍ ဝင်ရမည် အမတ်ဝဂျီတယောက်လာ၍ ဆိုလှာ၏။ အခွန်ဝန် ဇေယကျော်ထင်မှာ သနားတော်မူသည့် ဖောင်း နားတောင်း စလွယ် ဝတ်လုံဆင်လျက် ရထားစီး၍ မင်းသားနေ တိုက်နန်းတော်သို့ဝင်၏။အတန်ကြာလျှင် ကျောက်စီ ရွှေကြိမ်ခတ် ကျောက်စီပုဆိုးအဝတ်ကို ရုံဆင်၍ ဓားကိုစွဲကိုင်လျက် ထွက်လှာ၏။ ပုဏ္ဏား လက်ဝဲ ရှစ်ယောက် လက်ျာရှစ်ယောက်တို့ ခရုသင်းနှင့်ဘိသိက်ပေးကြ၏။ အမှူးအမတ်တို့

၁။ မဇ္ဈိမဒေသအရေးတော်ပုံ ခံကျော။

၂။ ကဘဆ ၂။ ၁၆၇–၈၊၁၇၅၊၁၈၀၊၁၉၀၊၁၉၆–၇ စသည်။

၃။ *Discussions With the Burmese Government* (Papers relating to East India Affairs: Ordered by the House of Commons, to be printed. 30 May 1825) 87,88 etseq, နောက်ဆက်တွဲ ၆ ရှု။

၄။ Captain W. White: *A Political History of the Extraordinary Events Which led to the Burmese War* (London 1827) 104–09 နောက်ဆက်တွဲ ၇ လည်းရှု။

> ဝတ်ဆင်သည်မှာ ပိတ်ဖြူရွှေနား အင်္ကျီပါးကိုယ်စေ့ ခေါင်းပေါင်းရွှေဖျင် ဝတ်ဆင်ကြ၍ လက်ဝဲလက်ျာ ၅၀ စီ တုတ်ပျပ်လျက် လျောက်ပတ်စွာ အသီးသီးနေကြပြီးမှ [၁]

ထုံးတမ်းစဉ်လာအရ အမေးအဖြေများ ပြုလုပ်ကြသည်။ ထို့နောက်

> သာဝတ္ထိပြည်မင်း အမိန့်တော်ရှိသည်။ အခွန့်ဝန်မင်းဘုရင် နေထွက်ဘုရင် ပြည်ကြီး ခတ္တိယမင်း အတတ်ပညာ ဘုန်းကျက်သရေမှာ မေးဘွယ်မရှိပြီ။ ထိုမင်းအမတ် သတ္တိဗလ တရားကျမ်းဂန်နှင့် ပြောဆိုလျောက်သမျှစကားတွင် သိသာသည်။ မင်းမည်ကာ မဟုတ်၊ လူတို့၏အရှင်ခံထိုက်သော နရာယဏာ မင်းအမျိုးမြဘ်သောသူ မှန်ပေသည် လောကဓာတ်အကုန် အဖြစ်အပျက်နှင့်တကွ တရားကျမ်းဂန်အရာ၌ ထူးချွန်တတ်လိမ္မာ တော်မူသည်။ အရှေ့ပြည်ဗုဒ္ဓံသခတ္တိယမင်း တန်ခိုးအာဏာ ကြီးကျယ်၍ အတိုင်းတိုင်း အပြည်ပြည်သို့ တတ်သိလိမ္မာရှိသော အမှူးအမတ်ကို စေလွှတ်၍ အသီးသီးဘာသာ စကားများကို ကူးယူသင်ကြားတော်မူသည်။ ကျွန်ုပ်တို့ပြည်ကိုလည်း အခွန့်ဝန်ဇေယ ကျော်ထင်ကိုစေလွှတ်၍ သတ္တဒိတျမဇ္ဈိမတိုင်းသို့ သက္ကရာဇ် ၁၁၇၄ ခု တွင် ရောက် ကြောင်းများကို အတိုင်းတိုင်းအပြည်ပြည်သို့ဆင့်၍ ဘုန်းတော်ပြန့်လွှင့်အောင်သတင်းစာ တွင် ထည့်သွင်းပေးပါမည် အမိန့်တော်ရှိ၏။ [၂]

စသည်ဖြင့် ပါရှိလေသည်။

ဗဒုံမင်းသည် ဤသို့ သံတမန်များစေလွှတ်ကာ လွတ်လပ်သော အိန္ဒိယမင်းများနှင့် ဆက်သွယ်ရာ ဗာရာဏသီမြို့ ဝေကန္တေယ ရာဇာမင်းက သမီးကညာဆက်သလေ၏။ ယင်းအကြောင်းကို မဇ္ဈိမဒေသအရေးတော်ပုံကျမ်း၌ အကျယ်တဝင့် ဖော်ပြပါရှိသည်။ [၃] ဤတွင် မင်းသမီးကို ဆောင်ယူခဲ့ရန် ပေးမှာသည့်အမိန့်တော်ကိုသာ ထုတ်နုတ် ကိုးကားပါမည်။

> ရွှေမင်းအဆက်ဆက် မဇ္ဈိမဒေသတိုင်းက သမီးကညာ မြန်မာပြည်သို့ ဆက်သဘူးသည် ရာဇဝင်စာဟောင်း စာတမ်း မထွက်မရှိ။ ယခုမှ ငါအသျှင် ရွှေဘုန်းတော်မြတ်သည် အရှေ့လောကဓာတ်က ရောင်ခြည်တထောင်ဆောင်၍ ထွက်သော နေမင်းကဲ့သို့ တောက်ထွန်းသောအကြောင်းဖြင့် မဇ္ဈိမဒေသတိုင်း ဗာရာဏသီပြည် ဗုဒ္ဓဝံသ ခတ္တိယမင်းမျိုး ဖြစ်သော ဝေကန္တေသျှ က သမီးကို ရွှေဘဝါးတော်မြတ်အောက် ဆက်သသည်။ မဇ္ဈိမ ဒေသ တိုင်းအနှံ့ထင်ရှားလျက် အင်္ဂလိပ် ပြင်သစ် ဗရင်ဂျီတို့ တိုင်းပြည် ကြော်ငြာ ထင်ရှားစေအောင် လုပကောင်းမွန်စွာ အခွန့်ဝန် ဇေယကျော်ထင် ဆောင်ယူခဲ့စေ။ ။ မညာတိ ဒွါရာဝတီ မေဃဝတီမြို့ဝန်တို့မှာ အသီးသီး အသနားတော်မြတ်ခံရသည့် ဖောင်း နားတောင်း ဝတ်လုံ စလွယ် အဆောင်အရွက်များကို ခင်းကျင်းဝတ်ဆင်၍ ကြိုစေ။ ။ရွှေဘဝါးတော်အောက် ပန်းတောင်းမြို့လမ်း တက်စေ၍ ပန်းတောင်းမြို့ဆိပ်

၁။ မဇ္ဈိမဒေသအရေးတော်ပုံ ခံကျော—ခါဝမ်း။

၂။ မဇ္ဈိမဒေသအရေးတော်ပုံ ဂါကျော—ဂိဝမ်း။

၃။ မဇ္ဈိမဒေသအရေးတော်ပုံ ခံဝမ်း—ခံကျော၊ ဃကျော—ဃာကျောစသည်။
ကဘဆ ၂။ ၁၉၆။

တွင် ဟံသာဝတီမြို့ဝန် မင်းလှနော်ရထာ ကြီးကြပ်၍ မြစ်ရိုးစဉ်ဘလျှောက် မြို့ဝန် စစ်ကဲ မြို့သူကြီးတို့က အထိုက်အလျောက်ဆက်သပြီးလျှင် ကြည်းလမ်း ရေလမ်း ပွဲသဘင် ခင်းကျင်းလျက် ပန်းတောင်းမြို့ဆိပ်က စခန်းသုံးဆယ်ရံသား ဆက်သွင်းသည့်အတိုင်း ရွှေဘဝါးတော်မြတ်အောက် ဆန်တက်လာစေ။

ဟူ၍ ဖြစ်ပါသည်။[၁]

ဗဒုံမင်းလက်ထက် မြန်မာနိုင်ငံသည် မဏိပူရနိုင်ငံနှင့် အဆက်အသွယ်များခဲ့၏။ မဏိပူရပြည့်ရှင်တို့သည်၎င်း ထီးနန်းကိုရလိုသူတို့သည်၎င်း ဗဒုံမင်းထံမှ အကူအညီတောင်းကြ၏။ သမီးကညာဆက်သကြ၏။ သံတမန်စေလွှတ်ကြ၏။ ဗဒုံမင်းကမူ မဟာရာဇာနှင့် ဇူပရာဇာ ညီနောင်တို့ကို သင့်တင့်စေရန် များစွာ ကြိုးပမ်းခဲ့၏။ မဏိပူရနန်းတွင်းရေးတွင် ဝင်ရောက်စွက်ဖက်၍ နှစ်ကြိမ်တိုင် တိုင်ကာ ညီးမဏိပူရသို့စစ်ချီခဲ့၏။ မဏိပူရနှင့်ဆက်သွယ်ရေးကို အမိန့်တော်များမှ အနည်းငယ်ထုတ်နုတ်တင်ပြပါမည်။

ကသည်းစော်ဘွားနှင့် ညီ ဇူပရာဇာတို့ကို ရွှေဘဝါးတော်အောက် ရောက်အောင် ကျီဝန်ကပေးမှာ၍ခေ စေ။ ကျီဝန်က ကသည်းပြည်သို့စေသူဇော်ဂျီရှိရာစေသူတို့ကိုလည်း နုတ်ကျွန်းအောင်မြေ ကင်းတပ်မှူးက မဆီးမတားစေနှင့် သွားလာစေ။ ။ကသည်းမင်းသမီးရောက်လျှင်နေရန်မင်းကွန်းနန်းတော်အတွင်းသင့်ရာတွင် စကြောအိမ် မြေကြမ်းအနားကိုအုတ်စီ၍ ဆောက်လုပ်စေ။ ကသည်းပြည်က လာရောက်သူတို့ကိုလည်း ပြန်စေ။ လွှတ်ကလည်း မင်းသမီးကို သနားတော်မူရန်များနှင့် သင့်ရာလူ ဖက်ခန့်၍ လိုက်စေ။ ကျီဝန်လူတို့ကိုလည်း ဖက်ခန့်၍ လိုက်စေ။[၂]

ကသည်းစော်ဘွားနှင့် ညီ ဇူပရာဇာတို့နှစ်ဦးက ရွှေဘဝါးတော်အောက် သံတော်ဦးတင်ရောက်သည်မှာ ဇူပရာဇာတို့ ကသည်းပြည်သို့ ပြန်စေပြီးမှ ကသည်း စော်ဘွားက သမီးကညာကို ဆက်စေသင့်သည်။ ဇူပရာဇာကို ကသည်းပြည်သို့ ပြန်စေရမည်မှာလည်း အစ်ကိုစော်ဘွားနှင့် မသင့်မတင့်ရှိကြသည်ဖြစ်၍ ကြောက်ရွံ့မည်ဖြစ်သည်။ မကြောက်မရွံ့ ပြန်ဝံ့အောင် ကျီဝန်စာရေးသာလှဝေသော်နှင့်အိမ်ရှေ့တော်ကစုကြီးသေနတ် ၁၀၀ စကိုင်းမင်းကစုကြီးသေနတ် ၂၀၀ ခန့်ထား၍ လိုက်စေ။ ဇူပရာဇာသမီးမှာလည်း အင်္ဂွန်စော်ဘွားနှင့် မှန်းထားရင်းဖြစ်ကြောင်းကို ကသည်းစော်ဘွားက ရှိခိုး သံတော်ဦးတင်ချက်တွင် ပါသည်။ ကသည်းမြို့သို့ ဆောင်ယူခေါ်သွားစေ။ ကသည်းစော်ဘွား ညီအစ်ကို မသင့်မဘင့် ရှိကြသည်မှာ ကသည်းစော်ဘွားနှင့်ဘက္ခ မှူးမတ် ဆင်းရဲသားတို့ကို ချမ်းသာစေလိုသည့် စေတနာတော်ရှိသည် ဖြစ်သည်။ မသင့်မတင့် ရှိကြရမည်မဟုတ်၊ အထက် ပေါင်းဖက်မြဲအတိုင်း သင့်တင့်ငြိမ်ဝပ်အောင် ပေါင်းဖက်နေထိုင်ကြရမည်ဖြစ်ကြောင်းကို ရွှေဘဝါးတော်အောက်က စေသူတို့တွင် ကသည်းစော်ဘွားသို့

၁။ မဇ္ဈိမဒေသအရေးဘော်ပုံ ဿဝမ်း–ဿကျော။ ဗာရာဏသီပြည်မှ သမီးကညာ ဆက်ခြင်းနှင့် စပ်လျဉ်း၍ အင်္ဂလိပ်ကုမ္ပဏီ၏ သဘောထားကို နောက်ဆက်တွဲ ဂ တွင်ရှု။

၂။ အမိန့်တော်များ ၂၇၂ (ရှေးဟောင်း) ၁၁၆၇ ခု တပို့တွဲလဆန်း ၁ ရက်နေ့ (၈–၁–၁၈၀၇) နားခံ ငပ် တွင်ပြန်။

တော်သင့်အောင် အမိန့်တော်ပေးအပ်၍ ဆောင်ယူသွားစေ။ ဇူပရာဇာကိုလည်း ကသည်းစော်ဘွားနှင့် သင့်တင့်ကြအောင် ကသည်းစော်ဘွားသို့ အမိန့်တော် ပြန်ဆို၍ ရှိပြီ။ မကြောက်မရွံ့ပြန်သွား၍ အစ်ကိုစော်ဘွားနှင့် ပေါင်းဖက်နေထိုင်မြဲ ပေါင်းဖက် နေထိုင်စေရမည်။ ဇူပရာဇာက အစ်ကိုစော်ဘွားနည်း သမီးကညာ ဆက်လိုလျှင်လည်း အငွန်စော်ဘွားနှင့်မှန်းထားသည့် သမီးပြင် ကျန်သမီးသုံးယောက်က တော်သင့်သသူကို ဆက်ရမည့်အကြောင်းနှင့် ပြန်ဆိုမှာထားစေ။ ။
ကျိဝန်ကလည်း ကသည်းစော်ဘွားညီအစ်ကို သင့်တင့်ကြရမည့် အကြောင်းကို တော်သင့်အောင် ပေးမှာစေ။ ။ကသည်းစော်ဘွားကစေ၍လာသူ ဇူပရာဇာကစေ၍ လာသူတို့ကိုလည်း ရွှေဘဝါးတော် အောက်က ခန့်ထားသူတို့နှင့် အတူ လိုက်စေ။ ရွှေဘဝါးတော်အောက်က စေသူတို့ ကသည်းပြည်သို့ ရောက်သည့်ကာလမှာ ကသည်း စော်ဘွားက ဆက်မည့် သမီးကညာကို ရွှေဘဝါးတော်အောက် ဆက်လှာစေ။[1]

စသည်ဖြင့် အမိန့်တော်များ၌ တွေ့ရပေသည်။

အာသံခေါ် ဝေသာလီပြည်နှင့် ဆက်သွယ်သည်များကိုလည်း မြန်မာ အထောက်အထား များ၌ ရှိနေပေရာ အနည်းငယ် တင်ပြပါဦးမည်။

တိုးလျှားနန်းဆွန်စော်ဘွားက ရွှေဘဝါးတော်အောက် အလျှောက် အထား လာ ရောက်သူ သေည်အောင်ခင်နှင့် ပါသူတို့ကို ကောင်းမွန်အောင် ကျွေးမွေး၍ တော် သင့်ရာနေစေ။[2]
မိုးကောင်းမြို့ဝန် နေမျိုးသိရိစည်သူစစ်ကဲတို့က ဝေသာလီတိုးလျှား နန်းဆွန်အကြောင်း အရာ လျှောက်ထားချက် တိုးလျှားမြို့ကလာသူ သေည်အောင်ခင် စစ်မေးထွက်ဆို ချက်ကို ထောက်၍ မိုးကောင်းမြို့ဝန်သို့ မှာထားပြီးလျှင် လာလူတို့ကို ပြန်သွားစေမည် ဆက်သွင်းသည့်အတိုင်းသင့်ပြီ။ ။သက္ကရာဇ် ၁၀၆၈ ခု ဝါခေါင်လဆန်း ၁၁ ရက်နေ့ နားခံစမြောင်မှူးတွင်ပြန်။[3]

စသည်ဖြင့် တွေ့နိုင်ပေသည်။

မြန်မာနိုင်ငံသည် သီဟိုဠ်နှင့် ဆက်ဆံရာ၌ သာသနာရေးကိုဦးစားပေး၍ ဆက်သွယ်သည်ကို တွေ့ရှိရ၏။ သီဟိုဠ်မှရဟန်းတို့သည် ဗောဓိပင်များ စာပေကျမ်းဂန်များ ဆောင်ယူ၍ လာသည်ကို ကြိမ်ဖန်များစွာ တွေ့ရ၏။ ဥပမာ –

သီဟိုဠ်က ရဟန်းနှစ်ပါးနှင့် ဗောဓိပင်များ ရန်ကုန်ကဆောင်ယူခဲ့၍ ရွှေမြို့တော်သို့

၁။ **အမိန့်တော်များ** ၂၇၇–၉ (ရွှေဟောင်း) (၁၂–၁–၁၇၀၇) နောက်ဆက်တွဲ ၉ နှင့် **ကဘာဆ** ၂။ ၁၅၉–၁၆၆ လည်းရှု။

၂။ **အမိန့်တော်များ** ၁၄၅ (ရွှေဟောင်း) ၁၀၆၈ ခု ဝါဆိုလဆန်း ၁၅ ရက်နေ့ (၂၉–၆–၁၇၀၆) နားခံ ဘယကျော်ထင်တွင်ပြန်။

၃။ **အမိန့်တော်များ** ၁၅၆ (ရွှေဟောင်း) (၂၅–၇–၁၇၀၆)

> ရောက်သည်ကို မင်းကုန်းသို့ ပင့်ဆောင်စေပြီးလျှင် ဗောဓိပင်များကို အတွင်းတော်သို့ သွင်းစေ။ ရဟန်းနှစ်ပါးကို ဇီးဖြူကုန်းကျောင်းတော်မှာ သီတင်းသုံးနေစေ။[၁] သီဟိုဠ်က ရဟန်းတို့နှင့် ပင့်ဆောင်ပါသည့် ဓာတ်တော်မွေတော် ပိဋကတ်တော်များကို မှူးမတ်သင့်ရာခန့်ထား၍ ကြိုဆိုစေ။ လမ်းခရီးတလျှောက် မြို့ကျေးရွာများကလည်း ဆွမ်း ရေချမ်း ပန်း ပေါက်ပေါက်နှင့် ပူဇော်ကန်တော့ကြစေ။ သက္ကရာဇ် ၁၁၆၇ ခု နယုန်လဆန်း ၁၃ ရက်နေ့ နားခံဘယကျော်ထင်တွင်ပြန်။[၂]

ဟူ၍ တွေ့ရှိရ၏။ ဗဒုံမင်းကလည်း သီဟိုဠ်သို့ပိဋကတ်ကျမ်းဂန်စာပေများတုံ့ပြန်တော်မူခဲ့သေးသည်။

> ဆရာတော်က သီဟိုဠ်ရဟန်းတို့တွင် ပေးရန် ကျမ်းစာမှာ ဓာတိယပက္ခသတ္တမ အကြောင်းအရာမပါကျန်သည်ဆိုသည်၊ ထည့်ပေးစေ။[၃] သီဟိုဠ်သို့ပေးရန် ပုရပိုက်ဖြူ စာတွင် ဖြည့်သွင်းရန် ဆရာတော်က သွင်းချက်အတိုင်းသင့်ပြီ။ ပေးမှာသည့်ပုရပိုက်ဖြူ စာလက်ခံကိုလည်း ကူး၍သွင်းစေ။[၄]

ဗဒုံမင်းလက်ထက် မြန်မာနိုင်ငံသည် သီဟိုဠ်နှင့် နိုင်ငံရေးအရ ဆက်သွယ်သည်ကို တကြိမ် တခါသာတွေ့ရ၏။ သီဟိုဠ်ကျွန်းမှ စစ်သူကြီး အမှူးအမတ်တို့သည် ဗုဒ္ဓသာသနာဝင် မဟုတ်သောမင်း အုပ်စိုးသည်ကို မကြေနပ်၍ ဗဒုံမင်းထံ မင်းလျှာတောင်းကြလေသည်။ ထိုအခါ ဗဒုံမင်းသည် သီဟိုဠ်ကျွန်းပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်လိုသဖြင့် မင်းလျှာမပေးပဲနေခဲ့၏။ ယင်းသည်ကို အမိန့်တော်များ၌

> သီဟိုဠ်အမတ် စစ်သူကြီးတို့က သီဟိုဠ်ကျွန်းတွင် စိုးအုပ်သူမင်းရှိလျက် မင်းလျှာပေးပါ မည့်အကြောင်းနှင့် ရဟန်းရှင်ဗောဂဟတိဿကို စေလွှတ်လာရောက် လျှောက်ထား သည်မှာ တရားနှင့်မညီ လျှောက်ချက်အတိုင်း အခွင့်မပေးသင့်ဖြစ်သည်။ ရဟန်း ရှင်ဗောဂဟတိဿတို့ကို သီဟိုဠ်သို့ပြန်စေ။ ပိဋကတ်စာ တောင်းသည်မှာလည်း အလျှင်ရောက် ရှင်ဓမ္မခန္ဓာတို့တွင် ပေးသည့်ပြင် နောက်ကိုမပေးစေနှင့်။ ။၁၁၇၂ ခု တပို့တွဲလပြည့်ကျော် ၉ ရက်နေ့ ဇေယနော်ရထာတွင်ပြန်။[၅]

ဟူ၍ ပါရှိပေသည်။

မြန်မာနိုင်ငံသည် ယခုမလေးရှားနိုင်ငံ၏ ပြည်နယ်တခုဖြစ်သော ကက်ဒါး[၆] နှင့်လည်းအဆက် အသွယ်ရှိခဲ့၏။ ဥပမာ

> မြိတ်ဝန်အရာရှိတို့ ရှိခိုးသံတော်ဦးတင်ချက် လှေစီးပရင် ငထော်မှတ်အစစ်ခံချက်

၁။ **အမိန့်တော်များ** ၈၄ (ရှေးဟောင်း) (၁၂–၃–၁၈၀၆)
၂။ **အမိန့်တော်များ** ၁၂၅ (ရှေးဟောင်း) (၂၉–၅–၁၈၀၆)
၃။ **အမိန့်တော်များ** ၃၆၂ (ရှေးဟောင်း) (၉–၆–၁၈၀၆)
၄။ **အမိန့်တော်များ** ၃၆၃ (ရှေးဟောင်း) (၁၂–၆–၁၈၀၆)
၅။ **အမိန့်တော်များ** ၈၈၅ (ရှေးဟောင်း) (၁၆–၂–၁၈၁၁) **ကဘဆ ၂။ ၁၈၆–၈ လည်းရှု။**
၆။ **Kedah**

> များကိုထောက်၍ ဂီတာစော်ဘွား အကြောင်းအရာ ပရင် ထော်မှတ်နှင့် စကားပြောဆိုရင်းရှိသည့်အတိုင်း ဂီတာစော်ဘွားနှင့် ပြောဆိုသည့်စကား ဆက်လက်ပြောဆိုစေ။[1]

ဗဒုံမင်းလက်ထက်တွင် ယိုးဒယားနှင့် စစ်ချီစစ်တက်ရှိသည်သာမက သံအစေအပါးလည်း ရှိပေ၏။ သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် အမရပူရသို့ လာရောက်သည့် ယိုးဒယားသံအဖွဲ့အကြောင်းကို အထောက်အထားများ၌ အတော်အတန်တွေ့ရှိရပါသည်။

> ယိုးဒယားက ရွှေဘဝါးတော်အောက် လာရောက်သည့် သံတို့နေရာ သံတဲကို တောင်သမန်အင်းလက်ပံပင်နားတွင် ဆောက်လုပ်စေ[2]
> ယိုးဒယားက ရောက်သည့် သံတို့မှာ မိုးနဲဗိုလ်မှူး စစ်ကဲတို့က မိုးနဲ့သို့ မခေါ်သာပြီ။ မိုင်သွတ်တပ်က လမ်းသင့်ရာ ရွှေဘဝါးတော်အောက်လာစေ။[3]
> ယိုးဒယားသံတို့နှင့် ရွှေပေရာဇသံ လက်ဆောင်တော်များကို သွင်းမြဲထုံးစံအတိုင်း သွင်းစေ။ ရွှေပေရာဇသံ လက်ဆောင် တော်များကို ကမကော်လှေ့ကားနှင့် တင်စေ။ သံတို့မှာ မှူးမတ်လှေ့ကားနှင့် တင်ဆောင်စေ။[4]
> သံတို့ကို ရွှေဘဝါးတော်အောက် မခေါ်စေနှင့်။ သံတဲတွင် နေမြဲနေစေ။ လက်ဆောင်တော်များကိုသာ ရွှေဘဝါးတော်အောက် ဆောင်ယူခဲ့စေ။[5]
> ယိုးဒယားသံတို့တွင် သနားတော်မူရန် ရေနံ ၁၀ ကံ့ကူ ၁၀ ကျောက်ပျဉ် ၄ ချပ် မြင်း ၄ စီး ယွန်းအစ် ၄ ယွန်းခွက် ၄ များကို ရန်ထားပြင်ဆင်၍ အသင့်ရှိစေ။[6]

စသည်ဖြင့် တွေ့ရသည်။

မြန်မာ့သမိုင်းစဉ် တလျှောက်တွင် အကျော်ပြည်၊ ကျော်ပုဂံ ကျော်ကသည်း၊ ယွန်းကြီးဟူ၍ အသီးသီးခေါ်ဝေါ်သည့် ဗီယက်နမ်[7] နှင့် တိုက်ရိုက်အကူးအသန်းရှိသည်ကို မတွေ့ရသော်လည်း ဗဒုံမင်းလက်ထက်တွင် တိုက်ရိုက်ဆက်ဆံမှုရှိသည်ကို အမိန့်တော်များ၌ တွေ့ရသဖြင့် တင်ပြပါမည်။

> ကျော်ပြည်သို့ စေတော်မူသည့်ကာလ အရောင်အဝါတော်ကို ထောက်၍ သနားတော်မူသည့်ဘွဲ့အမည် နေရာအစီးအနင်း အဆောင်အရွက်များကို မစီးမနင်းမဆောင်မရွက်စေနှင့် သိမ်း၍သွင်း။[8]
> မိုးနဲ ဗိုလ်မှူးတို့သို့ ပေးမှာရန်စာ၊ မိုးနဲဗိုလ်မှူး စစ်ကဲတို့က ကျော်မင်းမှူးမတ်တို့သို့ ပေးမှာရန်စာများကို စီကုံးဆက်သွင်းချက်အတိုင်း သင့်ပြီ။[9]

၁။ အမိန့်တော်များ ၃၆၉ (ရွှေဟောင်း) (၂၇ — ၈ — ၁၈၀၆)
၂။ အမိန့်တော်များ ၂၉၅ (ရွှေဟောင်း) (၁၉ — ၁ — ၁၈၀၇)
၃။ အမိန့်တော်များ ၂၉၉ (ရွှေဟောင်း) (၂၁ — ၁ — ၁၈၀၇)
၄။ အမိန့်တော်များ ၃၀၅ (ရွှေဟောင်း) (၁၃ — ၃ — ၁၈၀၇)
၅။ အမိန့်တော်များ ၃၀၆ (ရွှေဟောင်း) (၁၄ — ၃ — ၁၈၀၇)
၆။ အမိန့်တော်များ ၃၀၇ (ရွှေဟောင်း) (၁၆ — ၃ — ၁၈၀၇) **ကဘဆ** ၂။ ၁၅၇ — ၈ လည်းရှု။
၇။ Vietnam.
၈။ အမိန့်တော်များ ၈၀ — ၁ (ရွှေဟောင်း) (၄ — ၃ — ၁၈၀၆)
၉။ အမိန့်တော်များ ၃၆၃ — ၄ (ရွှေဟောင်း) (၁၃ — ၈ — ၁၈၀၆)

> ကျော်ပြည်သို့ ပေါက်ရောက်အောင် သွားနိုင်သူ မဲခေါင်အရှေ့ဖက် မိုင်းကာမြို့မှာ ရှိသည့် တုရင်ပတေ့နှင့် လူပေါင်း ၃၀ ကျော်ကို မိုးနဲဗိုလ်မှူးသို့ မှာထား၍ ရွှေဘဝါး တော်အောက်ခေါ် စေ။[၁]

ဟူ၍ တွေ့ရှိရ၏။

ဗဒုံမင်းလက်ထက်တွင် တရုတ် ရွှေမြို့တော် ပီကင်းနှင့်၎င်း၊ ယူနန်ပြည် နယ်နှင့်၎င်း သံတမန်လွှာ သံအစေအပါး အရောက်အပေါက် အဆက်အသွယ် များခဲ့ကြောင်းကို ကုန်းဘောင်ဆက်စသော မြန်မာ ရာဇဝင်ကျမ်းများ၌၎င်း အမိန့်တော်များ၌၎င်း ဖော်ပြထားပါသည်။ ဤတွင်အမိန့်တော် များမှ အနည်းငယ် တင်ပြပါမည်။

> မိုင်းဆည်စုံတူ မိုးမျဉ်းမြို့ဝန် မိုးမျဉ်းဗိုလ်မှူးတို့က ကျိုင်းရုံးကြီးမြို့ အကြောင်းအရာများကို မေးမြန်းရာ တရုတ်ကပိုင်သည့် ကျိုင်းရုံးကြီးမရှိကြောင်းနှင့် ဗန်းမော်မြို့ဝန်သို့ အထက်က ပေးလိုက်သည့် စက္ကူအိတ်ပါ စက္ကူစာ ၂ စောင်ကို မိုးရေမထိစေရ၊ လုံခြုံအောင် ဗန်းမော်စော်ဘွား နေမျိုးမင်းလှနော်ရထာက စေလူတို့တွင် ပေးအပ်ဆောင်သွားစေ။ စက္ကူစာတွင်ပါသည့် စကားအရကို ကောက်၍ အကျိုးတော်နှင့် ယှဉ်စပ်ရာ မိုင်းဆည် စုံတူကို ပြောဆိုရမည့်အကြောင်းနှင့် မှာထား၍ လာလူတို့ကိုပြန်သွားစေ။ စက္ကူစာ တို့ကို မပျောက်ပျက်စေရ ထိန်းသိမ်း၍ နေမျိုးမင်းလှ နော်ရထာပြန်သည့်ကာလ ရွှေ ဘဝါးတော်အောက် ဆောင်ယူခဲ့စေ။[၂]

ဤသို့ မြန်မာနယ်စပ်တွင်ရှိသည့် ကျိုင်းရုံးကြီးအကြောင်းကိုတွေ့ရ၏။ ၎င်းပြင် ဗန်းမော်စော်ဘွားကို မိုင်းဆည်သို့ စေလွှတ်ခြင်းနှင့်စပ်၍

> နေမျိုးမင်းလှနော်ရထာကို တရုတ်ပြည် မိုင်းဆည်သို့ စေတော်မူသည်မှာ အကျိုး တော်နှင့် ယှဉ်စပ်ရာပြောဆိုရန် စော်ဘွားအမတ် ဆိုင်ဘူမိုင်တန် မေးချက်ထွက်ချက်ကို သင့်ရာခန့်ထား၍ နေမျိုးမင်းလှနော်ရထာထံပို့စေ။[၃]

ဟု တွေ့ရသည့်ပြင် မိုင်းဆည်စုံတူသို့ စာပြန်ရန်ကို

> မိုင်းဆည်စုံတူက နေမျိုးမင်းလှနော်ရထာတွင် ပေးမှာသည့်စာကို ဆက်သွင်းသည်မှာ စုံတူသို့လည်း လွှတ်တော်က စာပြန်၍ ပေးရမည်ဖြစ်သည်။ ပေးရန်စာကိုစီကုံး၍သွင်း။[၄]

ဟူ၍လည်း တွေ့ရပြန်သည်။ တရုတ်ပြည်နှင့် ဆက်သွယ်ရေးဆိုင်ရာ အခြားအခြားသော အထောက် အထားများလည်း အများအပြား ရှိချေသေး၏။[၅]

အထောက်အထားများ၌ မြန်မာနိုင်ငံသည် ဤသို့အိမ်နီးချင်း နိုင်ငံများနှင့် ဆက်ဆံသည်ကို

၁။ အမိန့်တော်များ ၄၁၈ – ၁၉ (ရွှေဟောင်း) (၂၄ – ၁၁ – ၁၈၀၆)
၂။ အမိန့်တော်များ ၃၅၉ (ရွှေဟောင်း) (၂ – ၈ – ၁၈၀၆)
၃။ အမိန့်တော်များ ၄၀၄ (ရွှေဟောင်း) (၂၇ – ၁၀ – ၁၈၀၆)
၄။ အမိန့်တော်များ ၄၁၂ (ရွှေဟောင်း) (၁၄ – ၁၁ – ၁၈၀၆)
၅။ နောက်ဆက်တွဲ ၁၀ ၌

တွေ့ရရုံမျှမက ဝေးလံသော တိုင်းပြည်များနှင့် ကုန်သည်များမှတဆင့် ဆက်ဆံသည်ကိုလည်း တွေ့ရပါသည်။ ဤတွင် အမေရိကန်ကုန်သည်တဦးနှင့် ဆက်သွယ်သည်ကိုသာ ဖော်ပြပါမည်။

> ဟံသာဝတီမြို့ဝန် ရေဝန်အရာရှိတို့နှင့် အမေရိကမြို့နေ အမေရိကာ လူမျိုးကပ္ပိတံဒေဝည်တို့ ရှိခိုးသံတော်ဦးတင်ချက်ကို ဆက်သွင်းသည်မှာ ကပ္ပိတံဒေဝည်သည် ဆိပ်တော်သို့ ယခုတကြိမ်သာ ရောက်ဘူးသည်ဖြစ်သည်။ နေ့ကုန်ဆိပ်တော်တွင် မရောင်း ဘင်္ဂလားမှာ ရောင်းရန်ပါသည်။ အရက်စည် လုံးရေ ၆၃ အရက်သေတ္တာ ၂၇၅ သံချောင်း ၃၀၀ ကုန်ထုပ် ၂ ငွေဒင်္ဂါး ၃၁၅၅၀၀ များကို ချမ်းသာပေးတော်မူသည်။ အကောက်တော်လွတ်စေ။ ။ကပ္ပိတံဒေဝည်ကို ရွှေမြို့တော်သို့သွား၍ မဟာမုနိဘုရား ရတနာဘုံကျော်ကျောင်းတော်မှစ၍ ကျောင်းဘုရားများကို ပြသကြည့်ရှုစေ အိမ်ရှေ့အိမ်တော်သို့လည်း ဝင်စေ။ ။သက္ကရာဇ် ၁၁၆၇ ခု နတ်တော်လဆန်း ၅ ရက်နေ့ ငမြာကြီးနန်းတော်မှာ နားခံဘယကျော်ထင်တွင်ပြန်။[၂]

ဤသို့ တကြိမ်တခါသာ ရောက်ဘူးသည့် ကုန်သည်ဒေဝည်ကို အကောက်တော် လွတ်ငြိမ်းခွင့်ပေးသည်။ ယင်းသည်ကို အင်္ဂလိပ် မူရင်းမှတ်တမ်းတခု၌ ဒေဝည်က လက်နက်ခဲယမ်းမီးကျောက် ဆက်သွင်းလျှင် မြန်မာအစိုးရသည် ယမ်းစိမ်းနှင့် ဖလှယ်ရန် နားလည်မှုရခဲ့ကြောင်း ဖော်ပြသည်။ ထိုမှတ်တမ်း၌ပင် ဒေဝည်သည် သက္ကရာဇ် ၁၁၇၃ ခုတွင် အိန္ဒိယပြည်သို့ ရောက်လာပြန်၍ ယင်းကမှ ရန်ကုန်သို့ လာရန် ရန်ကုန်မြို့ ရုံးသို့ စာပေးကြောင်းလည်း ပါရှိ၏။[၃]

ဗဒုံမင်းလက်ထက် အုပ်ချုပ်ရေးဆိုင်ရာ အထောက်အထားကား များပြားလှ၏။ ကျမ်းတစောင်တဖွဲ့ပင် ပြုစုနိုင်လောက်အောင် ပေါကြွယ်လှသဖြင့် မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံဘက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့အတွက် သမိုင်းကျမ်း တစောင်ပြုစုခဲ့ပြီး ဖြစ်လေသည်။[၄] အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များကို အမိန့်တော် ဝန်မင်းများစာ လွှတ်တော်ဖြတ်စာ စစ်တမ်းစသည်တို့၌ အများဆုံးတွေ့ရှိနိုင်၏။ ဤစာတန်းသည် ပဏာမ လေ့လာချက် မျှသာဖြစ်၍ များပြားလှသော အထောက်အထားများမှ အနည်းငယ်တင်ပြမည်ဖြစ်ပေသည်။ အခွန်အကောက်သည် အုပ်ချုပ်ရေးတွင် အရေးကြီးသော ကဏ္ဍတခုဖြစ်၍ ဦးစွာတင်ပြပါမည်။ အခွန်အကောက်ဆိုင်ရာ ညွှန်ကြားချက်များ အတော်အတန်တွေ့ရှိရ၏။ ပွဲခွန်တော်နှင့် စပ်လျဉ်း၍

> ရွှေမြို့တော်နေ ငမိုး ငပေါ်ထင် အေး ငတိုး တို့က ရွှေမြို့တော် စကိုင်း အဝတံတားဦး မင်းကွန်း ရွှေစက်တော် အောက်မှစ၍ အရပ်ရပ်ရောင်းဝယ်ကြလျှင် ရောင်းသူဝယ်သူတို့မှာ ပွဲတော်ကြီး ပွဲခွန်ကောက်ခံသည့်ပြင် ရာဇူဂရို့ တိုက်ချိတ်ရေးမှတ်သူတို့က တဆွဲလျှင် ၂၀ိ၊ ၂၅ိ ကောက်ယူသည်များသည် အခွန်တော်လွတ်လပ်ရှိသည်။ တဝတည်းဆွဲဆိုင်တိုက်ချိတ်ရေး မှတ်ကောက်ခံ၍ တနှစ်လျှင် ရွှေတာပိသာ ငင်းမြို့ကျေးရွာများသို့

၁။ Davy.

၂။ အမိန့်တော်များ ၂၅၁ (ရွှေဟောင်း) (၁၄ – ၁၁ – ၁၈၀၆)

၃။ *Discussions with the Burmese Government* p. 10 နောက်ဆက်တွဲ ၁၁ ရှု။

၄။ သွဲ့သွဲ့စံ ပဒုံမင်းလက်ထက် မြန်မာနိုင်ငံ အုပ်ချုပ်ရေးသမိုင်း ၁၇၈၁ – ၁၈၁၉ (၁၉၆၈)။

Click Here To Continue Page

> ကျရောက်သည် နှမ်း ပဲ ရေနံများကိုလည်း တ၀တည်းရောင်း၀ယ်၍ တနှစ်လျှင် ရွှေ ၅၀ိ ၂ စုအခွန်တော်ရွှေ ၁၅၀ိ ၀န်ထောက်စည်သူရာဇာ အအုပ်ကိုခံ၍ ဆက်သွင်းပါရမည့် အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက် အတိုင်း ငမှိုင်း ငပေါ်ထင် အေး ငတိုး တို့က ၀န်ထောက်စည်သူ ရာဇာအအုပ်ကိုခံ၍ တနှစ်လျှင် ရွှေ ၁၅၀ိ ဆက်စေ။[၁]

ဟုတွေ့ရပါသည်။ ငှက်သိုက်ခွန်အကြောင်းကို

> မင်းသဒ္ဒါက ထား၀ယ်မြို့နယ် ၄ ရပ် ၈ ရပ်အတွင်း ရှိသည့်ငှက်သိုက်တောင် အကောက် အခွန်ကို သနားတော်မြတ်ခံ၍ အဖထား၀ယ်စစ်ကဲ ငအောင်က တ၀တည်း ကောက်ခံ ပြီးလျှင် နှစ်စဉ်ဆက်သမြဲ လက်ဆောင်တော် မပျက်ဆက်သရပါမည့် အကြောင်းနှင့် လျှောက်သည်။ ဒ၀ယ်မြို့နယ်တွင် ငှက်သိုက်တောင်များက နှစ်စဉ်ဆက်သမြဲ ငှက်သိုက် အကောက်အခွန်ကို မင်းသဒ္ဒါအဖ ထား၀ယ်စစ်ကဲ ငအောင်က အအုပ်အထိန်းနည်း တ၀ တည်းကောက်ခံစေပြီးလျှင် နှစ်စဉ်ဆက်သွင်းမြဲ အကောက်အခွန်တော်ကို ဆက်သွင်း စေမည် သွင်းချက်အတိုင်းသင့်ပြီ။[၂]

အဝေးမြို့ရွာ ပွဲကင်းကူးတို့ အကောက်အခွန်နှင့် စပ်လျဉ်း၍ စော်ဘွား တို့ကို တာ၀န်ပေးကောက်ခံ စေသည်။ ဗန်းမော်အကောက်အခွန်နှင့် စပ်လျဉ်း၍

> ဗန်းမော်မြို့မှာ အကောက်တော်မှစ၍ ပွဲကင်းကူးတို့ ပိန်းကောတွဲ အကောက်အခွန် များကို ဗန်းမော် စော်ဘွားက ကောက်ခံ၍ ရွှေဘ၀ါးတော်အောက်ဆက်စေ။[၃]

ဟု ညွှန်ကြားသည်။ ၎င်းပြင် မြန်မာနိုင်ငံအကြေအညာ ကျေးရွာများ၏ အကောက်တော်နှင့် စပ်လျဉ်း၍လည်း

> စပါးလှေ ဆန်လှေများကို အကြေအညာ အရပ်ရပ်ကင်း ဆိပ်ဘည်ပွဲများက အကောက်အယူမရှိစေနှင့်၊ဆိုင်ရာဆိပ်စားအထိန်းအအုပ်တို့ကို စေ့ငုအောင်ဆင့်ဆိုစီရင်။[၄]

ဟူ၍ အမိန့်တော်ထုတ်ပြန်သည်ကိုလည်း တွေ့ရှိရပါသည်။ အကောက်အခွန်နှင့် စပ်လျဉ်း၍ ဆက်လက် တင်ပြရလျှင် အကောက်တော်တိုက်ဆောက်လုပ်၍ ဒေး၀န်းတိုက် တွင်စေရမည့်အကြောင်းကို

> ရွှေတိုက်၀န် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း တက်သေးအင်းရှိ အုတ်ဖိုကို ရွှေတိုက် ၀န်က ၀န်စုသားတို့ကို လှေပေးအပ်သယ်ယူစေ၍ ကျွန်းတော်ရင်းတွင် အကောက်တော် တိုက်တည်လုပ်စေ။ တိုက်တော်ကိုလည်း ဒေး၀န်းတိုက်ကမ္ပည်းတပ်စေ။ ။သက္ကရာဇ် ၁၁၆၈ ခု ၀ါခေါင်လပြည့်ကျော် ၂ ရက်နေ့ နားခံစမြောင်မှူး

အမိန့်တော်ထားခဲ့သည်။[၅]

သဘော်ကုန်ကိုတိုက်ဆောက်၍ ပြတ်ကောက်ရမည့်အကြောင်းကိုလည်း

၁။ အမိန့်တော်များ ၅၅၂ – ၃ (ရှေးဟောင်း) (၃ – ၂ – ၁၈၁၀)
၂။ အမိန့်တော်များ ၄၅၈ (ရှေးဟောင်း) ၁၁၇၀ ပြည့် သီတင်းကျွတ်လဆန်း ၄ ရက်နေ့။ (၂၃ – ၉ – ၁၈၀၈)
၃။ အမိန့်တော်များ ၄၉၉ (ရှေးဟောင်း) (၁၈ – ၁၁ – ၁၈၁၁) (၁၁၇၃/၇/၆)
၄။ အမိန့်တော်များ ၉၂၃ (ရှေးဟောင်း) (၇ – ၁၀ – ၁၈၁၁)
၅။ အမိန့်တော်များ ၁၆၀ (ရှေးဟောင်း) (၃၁ – ၇ – ၁၈၀၆) (၁၁၆၈/၅/၂)

ရွှေဘဝါးတော်အောက် သဘော်ကုန်ပွဲစား ရောက်ကို တိုက်တော်တည်လုပ်ပြတ်ကောက်စေမည် ဆက်သွင်းသည်မှာ ရွှေမြို့တော် စက်ရှင်တံခါး ပြင်တန်း လမ်းတွင် တော်သင့်ရာချထား၍ တည်လုပ်ပြတ်ကောက်စေ။[၁]

စသည်ဖြင့်ရင်း အခွန်အကောက်ကို နည်းအမျိုးမျိုးဖြင့် မပေးမဆောင် တိမ်းရှောင်သည်ကိုလည်း တားမြစ်သည့်အမိန့်တော်များ အကြိမ်ကြိမ် တွေ့ရပြန်သည်။ ဥပမာ

ရမ္မဝတီမြို့က ဆက်သွင်းသည့် ဒသမဘာဂဒင်္ဂါးအခွန်တော်သည် ငွေနီ ငွေကြမ်းဖြစ်ကြောင်းနှင့် ဒေါနလျှောက်ချက်အတိုင်း ငွေကိုစမ်းသပ်စေလျှင် ဓညဝတီ ရမ္မာဝတီ ဒွါရာဝတီ မေဃဝတီ ၄ မြို့က ဆက်သွင်းသည့် ဒင်္ဂါးများသည် ငွေနီ ငွေကြမ်းသာရသည်။ အခွန်တော်ငွေမှီ မဟုတ်။ စစ်ကဲနားခံတို့ကို ရွှေဘဝါးတော်အောက် ခေါ်စေ ရောက်လျှင် အရာရှိတို့ရှေ့ ဆက်သွင်းရင်း ဒသမဘာဂဒင်္ဂါးကို မှတ်ပြ၍ အခွန်တော်ငွေမှီသည်ကို မီအောင်ဆက်သွင်းကြစေ။[၂] အီဖျံမှာ သဘော်သွားကုန်သည်တို့က အကောက်တော်မခံ အီဖျံသို့ ရောင်းသည်ထွက်ဆိုသည့် ကျောက်များကိုသာ ပေးအပ်စေ။ အီဖျံကို မချုပ်မကိုင်စေနှင့်။[၃]

အရပ်ရပ်ကြည်းကြောင်း ရေကြောင်းသွားလာ ရောင်းဝယ်သည့် ကုန်သည်တို့မှာ တံဆိပ်တော် ခတ်မှတ်သည့်ကင်းစာနှင့် ထွက်သွားရသည်ကို ကျောက်တလုံးကင်းမှာ တံဆိပ်ကင်းစာမပါ လှေ ၂၀၀ ကျော် ကင်းတိုင်နရာသိခ်က ကိုယ်စားထားသူတို့လွှတ်ကြောင်း မင်းကွန်းကင်းမှာလည်း တံဆိပ်ကင်းစာမပါသည်ကို လှေများလွှတ်ကြောင်းနှင့် ကင်းဝန် ကင်းစာရေးတို့က ရှိခိုးသံတော်ဦးတင်သည်။ တံဆိပ်တော်နှင့် ကင်းဝန်စာမပါ ကင်းတိုင်တို့ အလျှောက်လွှတ်သည် မှန်မမှန်ကိုစစ်။ ကင်းဝန် ကင်းစာရေးတို့ ရှိခိုးသံတော်ဦးတင်ချက်အတိုင်း လွှတ်သည်မှန်လျှင် ကင်းတိုင်တို့ကို ရာဇဝတ် စီရင်လွှတ်သမျှ လှေက ဆက်စုသင့် အခွန်ကိုလည်း ကင်းတိုင်တို့က ဆက်သွင်းစေ။[၄]

ဓညဝတီ မေဃဝတီ ရမ္မာဝတီမြို့များမှာ ကုလားပြည်သို့ အရောင်းအဝယ်သွားသည့် ကုန်သည်တို့ ဖြောင့်မှန်အောင် အကောက်တော်ကိုမခံ တံဆိပ်လက်မှတ်မပါ ရွှေဘဝါးတော်အောက် ရောင်းဝယ်ကြကြောင်းနှင့် ဒေါနက အထည်အလိပ် ဖလ်မှန် စိန် မြ များကို စာရင်းတင်ဆက်သည်ကို ဆက်သွင်းသည်မှာ အကောက်တော်ခံ မခံကို စစ်ကြော၍ အကောက်တော် မခံသမျှ ကုန်အထည်အလိပ်များကို ကုန်စင်အောင်သိမ်း၍သွင်း။ ရွှေဘဝါးတော်အောက် ရာပြတ်တို့သိရမည် ဖြစ်လျက် မလျှောက်မထားဖြစ်သည်။ ရာဖြတ်တို့ကိုလည်း ရာဇဝတ်စီရင်။ စစ်ကြော၍ထွက်သည့် မြို့ရွာများက အကောက်ဝန် စစ်ကဲတို့ကိုလည်း ရွှေဘဝါးတော်အောက်ခေါ်၍ ရာဇဝတ်စီရင်။[၅]

၁။ အမိန့်တော်များ ၁၇၉ (ရွှေဟောင်း) (၂၅ – ဂ – ၁၀၀၆) (၁၁၆၀/၆/၁၃)
၂။ အမိန့်တော်များ ၁၇၃ (ရွှေဟောင်း) (၁၃ – ဂ – ၁၀၀၆)
၃။ အမိန့်တော်များ ၁၇၄ (ရွှေဟောင်း) (၁၄ – ဂ – ၁၀၀၆) (၁၁၆၀/၆/၂)
၄။ အမိန့်တော်များ ၉၁ – ၂ (ရွှေဟောင်း) (၂၂ – ၃ – ၁၀၀၆) (၁၁၆၇ ခု တန်ခူးလဆန်း ၄ ရက်)
၅။ အမိန့်တော်များ ၁၆၅ – ၆ (ရွှေဟောင်း) (၇ – ဂ – ၁၀၀၆)

> သတော်ဆိပ်မြို့ရွာများမှာ သတော်ကုန် ဖောက်ကားရောင်းဝယ်သွားလာသည့် ကုန်သည်တို့သည် ဖြောင့်မတ်အောင် မပြုမကျင့်ပဲ ကဲ့ဂုက်ထိန်ချုန်၍ အကောက်တော်သင့်အတိုင်း အကောက်မခံစစ်ကြောပေါ် ရှိသည်ဖြစ်သည်။ ဟံသာဝတီ မုတ္တမ မြိတ် ထားဝယ် ပုသိမ် ဓညဝတီ ရမ္မာဝတီ ဒွါရာဝတီ မေဃဝတီ မြို့များသို့ သတော်ကုန် အထည်အလိပ် ဆိုက်ရောက်သမျှကို အကောက်ဝန်တို့က ၁၀ ခိုင့်တခိုင်သာ သတော်အကောက်တော်ကို ကောက်ပြီးလျှင် မည်သည့် ကုန်ပါမည်မျှ အကောက်တော်သင့်မည်မျှ ကောက်ခံသည် လက်မှတ် ပေးအပ်စေ။ ပေးသည့်လက်မှတ် စာကိုလည်း ရွှေဘဝါးတော်အောက် ခန့်တော်မူသည့် ပွဲစားထံတင်ပြစေ။ ပွဲစားက ပွဲခကောက်ခံမြဲ ကောက်ခံ၍ ပြေစာပေးအပ်ရောင်းဝယ်ကြစေ။[၁]

ဟူ၍လည်း အသီးသီးတွေ့ရှိရ၏။

ထိုခေတ် ထိုအခါက အရာထမ်းအမှုထမ်းတို့သည် လစာကြေးငွေ မရရှိကြပေ။ လစာအစား အရာထမ်းတို့သည် စားကျေးမြို့ရွာ အခွန်အကောက်မှ အစုအဖို့စသည်ကိုရင်း၊ အမှုထမ်းတို့သည် လုပ်မြေ နေမြေ စားမြေ ရိက္ခာကိုရင်း ရရှိကြ၏။ ယင်းတို့အနက် တော်သင့်ရာကို ဆက်လက်တင်ပြပါမည်။

> မြို့ရွာနုတ်သည့် မှူးမတ်တို့မှာ ဇိတ်သင်ရန်ကို မဟာဒါန်တိုက် လဝကဲ့ရွာ၊ သီဟနန္ဒကျော်ထင်ကို မြောက်ဖက်တိုက် နံ့နံ့ရွာ၊ စည်သူသီရိရာဇာကို မြောက်ဖက်တိုက် ရုံသာရွာ၊ ဝေါကြီးမှူး ရွှေတောင်ရန္တကျော်ထင်ကို မဟာဒါန်တိုက် ကန်တော်မင်းကျောင်းရွာ၊ ရွှေတောင်သိခ်နေ်ာရထာကို မြောက်ဖက်တိုက် ပေါက်သောက်ရွာ သနားတော်ခံစေမည် ရန်ထားဆက်သွင်းချက် အတိုင်းသင့်ပြီ။[၂]

ရင်းပြင်

> မြို့သာသကျင် သံရွာစားမင်းသမီး သီရိမ္မာဝတီလျှောက်ချက် မြေစွန်းစာရေးတို့ စစ်မေးထွက်ဆိုချက်ကို ထောက်၍ မြေစွန်းတော်ကျေးရွာ မြေရေအင်းအိုင်မှာ အခြားကျေးရွာ မြေရေအင်းအိုင်ကဲ့သို့ မဟုတ် အရာတော်မင်းမြေဖြစ်၍ အစုနှင့်လုပ်သားချတင်စေပြီးလျှင် အစုကိုသိမ်းခံဆက်သွင်းရသည်။ ဆက်စု အင်းစု မြေစုတွင် ရွာစား အင်းစား မြေစားတို့ကို ဆယ်ခိုင့်တခိုင်နုတ်၍ပေးစေ။ ကျန်သည်ကို မြေစွန်းဝန်က ဆက်သွင်းစေ။ အမိန့်တော် မထွေးမရှက် အရှင်းအလင်းဖြစ်သည်။ မြေစား အင်းစား ရွာစားတို့ စားမြဲထုံးစံအတိုင်း ဆယ်ခိုင့်တခိုင်ကိုသာ မြေစု အင်းစုသိမ်းခံရသည် ငွေကနုတ်ပေး၍ ကျန်သည်ကို အမိန့်တော်အတိုင်း မြေစွန်းဝန်က ဆက်သွင်းစေမည် သွင်းချက် အတိုင်းသင့်ပြီ။[၃]

ဟူ၍ရင်း

၁။ အမိန့်တော်များ ၁၇၁ – ၂ (ရွှေးဟောင်း) (၁၁ – ၈ – ၁၈၀၆)

၂။ အမိန့်တော်များ ၁၄၁ – ၂ (ရွှေးဟောင်း) (၂၂ – ၆ – ၁၈၀၆) (၁၁၆၈ ခု ဝါဆိုလဆန်း ၈ ရက်နေ့)

၃။ အမိန့်တော်များ ၃၄၆ – ၇ (ရွှေးဟောင်း) (၁၀ – ၇ – ၁၈၀၆)

အငြိမ့်ဟောင်း မိန်းမ ၁၁၊ ဝင့်သီး ဗိုင်းတာ မိန်းမ ၁၅ တို့ကို ရေပုံးခပ် မိန်းမတို့နည်း လစဉ် ရိက္ခာတော်ပေး၍ အမှုတော်ကို ထမ်းရွက်စေမည် ဆက်သွင်းချက်အတိုင်း လစဉ်ရိက္ခာသနားတော်ခံစေ။[၁]

စွန်လွန် သေနတ်တို့ကို ၆ဂ ခုနှစ် စွန်လွန်သေနတ်သားတို့ လိပ်တက်ကုန်းမှ လုပ်ရ စပါး ၄ဂ၅ တင်း၊ တောင်ရေကျော်မှ လုပ်ရ စပါး ၁၀၀ တင်း၊ မြေစုရ စပါး ၄၀ တင်း အရှေ့ဖက်မှ လုပ်ရ စပါး ၁၁၄၀ တင်း၊ မြေစုရ စပါး ၁၉၀ တင်း အစုစု စပါး ၁၉၅၅ တင်း အနက် မုရင်းမျိုးနှုတ် ၁၀၀ တင်း ကျန်စပါး ၁၇၅၅ တင်း၊ ညီတော်ပုခန်း မင်းသား လယ်ကလုပ်ရစပါး ၃၃၀ တင်း ၂ စုစပါး ၂၁၀၅ တင်းက ၆ လစာရိက္ခာနှုတ်ပေး၍ ကျန် သည်ကို မြောက်ကျီတော်မှာသွင်းစေ။ မင်းကွန်းနန်းတော်စောင့် ဝင်းတော် ၄ မျက်နှာမှာ မင်္ဂလာသားတို့ကိုလည်း တောင်ကျီတော်ရှိ စပါးက ၆ လစာ ရိက္ခာထုတ်၍ပေး၊ ကျီတော် ရှိစပါးနှင့် မလောက်လျှင် ၆ဂ ခုနှစ် နန်းတော်သစ်ဘပ် အတွင်းလုပ်သည့် စပါးကဖြည့်၍ ပေး၊ နောက်ကိုလည်း ၆ လတကြိမ်ပေးစေ။[၂]

ဟူ၍ရင်း ရိက္ခာဖြင့် ပေးသနားတော်မူသည်။

ဤသို့ စားကျေးမြို့ရွာ စသည်တို့ကို သနားတော်မြတ်ခံရပါလျက်နှင့် အရာထမ်း အမှုထမ်းတို့ တံစိုးလက်ဆောင် ကြေးငွေများ စားယူကြသည်ကို ရံဖန်ရံခါတွေ့ရ၏။ ထိုစားယူမှုမျိုးပေါ်ပေါက် သည့်အခါ ကေရာဇ်မင်းမြတ်သည် ထိုက်သင့်သည့်အပြစ်များ ပေးလေ့ရှိသည်။ ဥပမာ

> မိုးနဲမြို့မှာ ငအောင်ဘော်သားအဖတစုနှင့် ကြေးမြီချသူ ကြေးငွေပန္နာစားယူသူတပ်မှူး စစ်ကဲ နားခံ အရာရှိတို့ကို ရွှေဘဝါးတော်အောက် အကျဉ်းယူစေ။ သင်းတို့သား မယား တို့ကိုလည်း ခေါ်၍ သင်းတို့တွင် ဥစ္စာ ပစ္စည်းရှိသမျှကို မီးနှင့်ကျပ်တင်၍ ကုန်စင်အောင် တောင်း။ ငပိုသားသမီးတို့ကိုလည်း ခေါ်၍တောင်း။[၃]

[၄]ပြင် မိုးနဲတပ်တော်မှ ကြေးငွေစားယူသည့် အမှုကိုလည်း

> မိုးနဲတပ်တော်မှာ ကြေးငွေစားယူသည့် စာရင်းတင်ချက်တွင် ပါသမျှလူတို့ သား မယားများမှာ စာရင်းဝင် ရွှေငွေအထည်အလိပ်များကို ရအောင်တောင်း။[၄]

ဟူ၍ အမိန့်တော်ချမှတ်သည်။ အချို့အမှုထမ်းတို့မှာ ပဏ္ဏာလက်ဆောင် စားယူမှုကြောင့် အရာမှ နှုတ်ပယ်ခြင်းခံကြရသေးသည်။

လော၊ ငတော၊ မောက်တို့ စစ်ကြောထွက်ဆိုချက်တွင် ငမောက် စကားအရပ်ရပ်

၁။ အမိန့်တော်များ ၁၇၆ – ၇ (ရွှေဟောင်း) (၁၅ – ဂ – ၁၁၀၆) (၁၁၆ဂ/၆/၃)

၂။ အမိန့်တော်များ ၂၉၄ – ၅ (ရွှေဟောင်း) (၁ဂ – ၁ – ၁၁၀၇) သက္ကရာဇ် ၁၁၆၁ ခု တပို့တွဲလဆန်း ၁၁ ရက် နေ့နနားခံ ရာဇနေ်ရထာတွင်ပြန်။

၃။ အမိန့်တော်များ ၁၃၁ (ရွှေဟောင်း) (၁၁ – ၆ – ၁၁၀၆)

၄။ အမိန့်တော်များ ၁၄၉ (ရွှေဟောင်း) (၁၃ – ၇ – ၁၁၀၆) သက္ကရာဇ် ၁၁၆ဂ ခု ဝါဆိုလပြည့်ကျော် ၁၄ ရက်

ကွယ်ပျက်သူဖြစ်သည်။ အမှန်မယူသာ။ လော၊ တော လျှောက်ချက်အတိုင်း အမှန်ဖြစ်သည်။ မောက်က ပေးကမ်းပဏ္ဏာလက်ဆောင်ကို စားယူ၍ စစ်ချက်ပြုလုပ်လျှောက်ထားသူ အသည်ဝန်စာရေးကြီး ပေတို့ကို အရာကနုတ်မည်။ စားယူသမျှ ကြေး ငွေ မြင်း နွား များကိုလည်း ပြန်ပေးစေမည်။ စာရေး ပေး၊ ပေါ်တုတ်တို့မှာ မစစ်မကြောရ ဆင့်ဆိုလျှင်သာ ဆင့်ဆိုချက်အတိုင်း ရေးမှတ်ပါရသည် ဖြောင့်ဆို၍ရှိသည်။ စားယူသမျှ ကြေး ငွေကို ပြန်ပေးစေမည်။ ဝင်းမယား မိဘရက်တို့မှာလည်း စစ်ကြောစေခိုင်းခန့်ထားသူမဟုတ် အမှုသည်တို့ ပေးကမ်းလာသည့် အမှုဖြစ်သည်။ စားယူသမျှ ပြန်ပေးစေမည်။ ဝင်းသား ရွှေမြတ်ကို ပေးသည့်မြင်းမှာ မြင်းရှင်ကို အမိန့်တော်ရင်းအတိုင်း စစ်ကြော၍ ပြန်ပေးစေမည်။ သင်းချက်အတိုင်းသင့်ပြီ။[၁]

ဟူ၍ရင်း ဖြစ်ပေသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် ရှေးယခင်ကပင် မြန်မာ့ စီးပွားရေး၏ ပင်မလုပ်ငန်းဖြစ်ပေသည်။ တနည်းဆိုရသော် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသည် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်၏။ စိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေး၏ ပင်မဖြစ်သကဲ့သို့ အုပ်ချုပ်ရေး၏ မဏ္ဍိုင်လည်း ဖြစ်ပေသည်။ ထို့ကြောင့် လယ်ယာလုပ်ငန်း ဖြစ်ထွန်းဖွံ့ဖြိုးရေးအတွက် မင်းနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ကြရ၏။ ဗဒုံမင်းလက်ထက် လယ်ယာလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆည်မြောင်း ပြုပြင်ခြင်းကို အနည်းငယ်တင်ပြပါမည်။ ဥပမာ

ကျောက်ဆည်ဝန် သိဒ္ဓိဇေယကျော်ထင် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ကျောက်ဆည်ကိုးခရိုင်ဆည်တော်များမှာ မြောင်းတော်ပြွန် ယိုယွင်းတိမ်ကောသည်ကို လုပ်ဆောင်ပြင်ဆင်ရန် လယ်ပယ်မှု ဆင့်ဆိုစီရင်ရန်ရှိသည်းများကို ဒိုင်းဝန်ဆင့်ဆိုရာ ကျောက်ဆည်ဝန်နှင့် မြေတိုင်းစာရေးတို့တိုင်ပင်၍ စီရင်စေ။[၂] ကျောက်ဆည်ကိုးခရိုင် မြောင်းဆုံမြောင်းတွင် ကောတိမ်သည့် မြောင်းတာရှိသောကြောင့် ရေသောက် တဘက်ဆွဲတက်မြေ မတောင့်တရွာများကို တူးလုပ်ရမည် မြောင်းအစီရင်တို့ကခေါ် ရာ ရွှေမှုံတော်နယ်ဖြစ်သည်ဆို၍ ငြင်းဆန်နေကြောင်းနှင့် ကျောက်ဆည်ဝန် မြေတိုင်းစာရေးတို့ အစီရင်ခံချက်ကို ဆက်သွင်းသည်မှာ ရွှေမှုံတော်နယ်ဆို၍ မနေစေနှင့်၊ မြောင်းတာကျသည်ကို ရေသောက်ကျေးရွာတကာနည်း ပြီးပြေအောင်လုပ်စေ။[၃]
ကျီဝန်မင်းကျော်ရွှေတောင်က အကျိုးတော်ကိုထောက်၍ ဘုန်းလွှတ် မိုးကြိုးပစ်နတ်မောက်ဆည်တော်များမှာ ထာဝရ အခွန့်ရှည်စွာ ခိုင်ခံ့လုံခြုံအောင် ဆည်ကြီးဆည်စေ အမိန့်တော်အတိုင်း ထိန်းသိမ်းစောင့်နေရမည့် ရွာဟိုင်းစားသား ဗညားသေည်ကို အထက်ခန့်ထားရင်း ကြွေ ခွေးတို့နှင့်ဖက်၍ ဆည်ကြီးခန့်၍ ဆည်တော်မှာ အထက်နေရင်းအိမ် ၅၀ ခန့်နှင့် နေစေ။ အထက်ပိုင်းခြား ပေးအပ်တော်မူသည့်

၁။ အမိန့်တော်များ ၂၁၉ – ၂၀ (ရှေးဟောင်း) (၁၅ – ၁၀ – ၁၁၀၆)
၂။ အမိန့်တော်များ ၁၇၇ (ရှေးဟောင်း) (၁၉ – ၉ – ၁၁၀၆)
၃။ အမိန့်တော်များ ၂၆၂ (ရှေးဟောင်း) (၁၀ – ၁၂ – ၁၁၀၆)

> ဆည်တော်နယ်မြေကိုလည်း အမိန့်တော်ရင်းအတိုင်း ကျေးရွာဖြစ်ပွားအောင် ပြုစု၍ လုပ်စားနေထိုင် ထမ်းရွက်စေ။ ။ကျော်စည်တိုက်ဝန် တိုက်စာရေး ပယ်ရှင်နယ်ရှင် မြို့ရွာသူကြီးတို့က မနှောင့်မရှက်စေနှင့်။[၁]

စသည်တို့ ဖြစ်သည်။ ဆည်မြောင်းပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ အမိန့်တော် အများအပြား ကျန်ရှိသေးသော်လည်း ယင်းတို့ကို မဖော်ပြတော့ပြီ။[၂] ၎င်းပြင် ဗဒုံမင်းသည် ဥယျာဉ်လုပ်ငန်းကိုလည်း အားပေး၏။

> မင်းကွန်းဥယျာဉ်တော်မှာ စိုက်ရန် ကွမ်းသီးပင်ရေ ၅၀၀၀၀ ပျိုး၍ အရပ်တတောင်ခန့် နှစ်တောင်ခန့်ရှိလျှင် ရွှေဘဝါးတော်အောက် ဆက်လှာရမည့် အကြောင်းနှင့် ကျောက်ဆည်ဝန်သို့ မှာ။[၃]
>
> ရွှေဘဝါးတော်အောက်မှာ စိုက်ပျိုးရန် ကညင်ပင်ငယ်ကို ရှင်အောင် အိုးနှင့်ပျိုး၍ အကောက်တော်ဆက်လှေများတွင် ဟံသာဝတီမြို့ဝန်က တင်ဆောင် ဆက်သလိုက်စေ။[၄]
>
> ငှက်ပျောပင်စိုက်သည့် ကျွန်းတော်မှာ ကျွဲနွားလွှတ်ကြောင်းနှင့် ရွှေနားတော်ကြားတော်မူသည်။ ကျွဲနွား မလွှတ်မဝင်စေနှင့်။[၅]
>
> နန်းတော်မြောက် သိမ်တုရင်လုပ်သည့် ရေစက်ကို လုပ်မြဲလုပ်၍ ဥယျာဉ်တော်သို့ ရေသွင်းစေ။[၆]

ဟူ၍ ဥယျာဉ်လုပ်ငန်းနှင့်ဆိုင်သည်တို့ကို တွေ့ရပေသည်။

တရားရာဇဝတ်စီရင်ရေးသည် အုပ်ချုပ်ရေး၌ အရေးကြီး၏။ ရာဇဝတ်သင့်သူကို အမိန့်တော်ပါ စီရင်ချက်အတိုင်း ဆောင်ရွက်ရပုံ နည်းဥပဒေကို ရှင်းလင်းဖော်ပြသည့် စာတမ်းမှာ ရွှေရုံးစာတမ်းဖြစ်၏။[၇] ယင်းစာတမ်းအရ ဆွေတော်မျိုးတော်တို့ကို

> အကျဉ်းထား အမိန့်တော်ပါလျှင် ခတ်ရန် ခြေကျဉ်းကို ရစ်ရန် ကတ္တီပါ ဖဲနီ နီးပါးထည် အသီးသီး လွှတ်တော်မှာ အစီရင်ခံလျက် လွှတ်တော်အရာရှိတို့က ကတ္တီပါတန်လျှင် ကတ္တီပါ ဖဲတန်လျှင်ဖဲ နီးပါးထည်တန်လျှင် နီးပါးထည် လျှော်ရာရွေးချယ်၍ ဆိုင်ရာဆင့်ဆိုပေးသည်။ ရလျှင် လက်မရှုံက ခြေကျဉ်းကိုရစ်၍ ၎င်းက ခတ်ရသည်။[၈]
>
> မှူးတော်မတ်တော် ထင်ရှားသူ တစုံတယောက်ကို အဆုံးစီရင်မည် အမိန့်တော်ပါ၍ စီရင်ရာ လွှတ်တော်က သင့်ရာထောင်မှူး ထောင်စာချီတို့ ဆင့်ဆို၍ သုံးတန်းလက်ရ

၁။ အမိန့်တော်များ ၃၇၄ – ၅ (ရွှေဟောင်း) (၁၀ – ၉ – ၁၈၀၆)
၂။ အမိန့်တော်များ ၂၈၅၊ ၄၀၇ စသည်
၃။ အမိန့်တော်များ ၈၆ (ရွှေဟောင်း) (၁၄ – ၃ – ၁၈၀၆)
၄။ အမိန့်တော်များ ၁၅၂ (ရွှေဟောင်း) (၁၇ – ၇ – ၁၈၀၆)
၅။ အမိန့်တော်များ ၂၆၇ (ရွှေဟောင်း) (၁၉ – ၁၂ – ၁၈၀၆)
၆။ အမိန့်တော်များ ၂၆၈ (ရွှေဟောင်း) (၂၂ – ၁၂ – ၁၈၀၆) စာမျက်နှာ ၂၉၀ လည်းရှု။
၇။ အမျိုးသား စာကြည့်တိုက် ပေ ၃၇၄ – ၅၃၆/၄၂၁
၈။ ရွှေရုံးစာတမ်း ဏု ဝမ်း

လေးရပ်အဝန်း ငယ်သားလက်မရှိသားတို့နှင့် သွားမြဲသွားစေ၍ သုသာန်သို့ရောက်လျှင် စီရင်မြဲ လက်မရှိကစီရင်၍ ဆင့်ဆိုမြဲ သုသာန်သားတို့ကို ဆင့်ဆိုအပ်ထားခဲ့သည်။[၁]
မီးပုံ၍ တိုက်အမိန့်တော်အရ လွှတ်တော်က ဆင့်ဆိုလျှင် မီးလောင်တိုက် ဆောက်လုပ်ရန်မှာ နောက်မျက်နှာ ထောင်မှူး ထောင်စာချီတို့ကို ရုံးတော်က ဆင့်ဆို၍ ထောင်မှူး ထောင်စာချီတို့က သစ်ဝါးကြိမ်များကို ကောက်ယူ၍ သုသာန်သို့ရောက်လျှင် စဏ္ဍာလသားတို့က မီးလောင်တိုက်ကို ဆောက်လုပ်ရသည်။ ရှို့ရန် ယမ်းမှာ လူအင်ကိုထောက်၍ လွှတ်တော်မှာ ၅ဝ တန်သည် တပိဿာတန်သည်၊ နှစ်ပိဿာတန်သည်ကို အစီရင်ခံ၍ တောင်းယူရသည်။ ယမ်းမှာ အနောက်ထောင်မှူး ထောင်စာချီတို့ကို ရုံးတော်က အပ်သည်။ ထောင်မှူး ထောင်စာချီတို့က ဆိုင်ရာငယ်သားတို့ကို ဆင့်ဆို၍ စဏ္ဍာလသားသို့ အပ်ရသည်။ ယမ်းကို မီးလောင်တိုက်ခဲအောက်က ယောင်စာအမှိုက်ပုံတွင် ယမ်းကို ထုပ်၍ ထားသည်။ မီးလောင်တိုက်သွင်းမည့် သူတို့ကို တောင်းမြဲ သုံးတန်းနှင့် ဝန်းရံမြဲ ဝန်းရံ၍ ယူသွားသည်။ သုသာန်သို့ရောက်လျှင် ၎င်းလူတို့ကို လက်မရှိသားတို့က ထုပ်စည်းမြဲ ထုပ်စည်း၍ လောင်တိုက်အတွင်း သွင်းရသည်။ လက်မရှိသားတို့က ယမ်းကို မီးနှင့်ရှို့ရသည်။ပြီးလျှင် လူကောင်ကို ရေတွက်မှတ်သား၍ သုသာန်စောင့် စဏ္ဍာလသားတို့ကို ဆင့်ဆိုမြဲဆင့်ဆို အပ်ထားခဲ့သည်။ စောင့်မြဲနေမြဲ စဏ္ဍာလသားတို့က စောင့်နေ၍ ၃ ရက် စေ့သည့်ကာလ ရက်စေ့ကြောင်း ရုံးတော်မှာ အစီရင်ခံလှာလျှင် သိမ်းမြဲသိမ်း ဆင့်ဆိုရသည်။[၂]
မည်သူတို့ အာကိုဟက် အမိန့်တော်အရ မှတ်ချက်နှင့် လွှတ်တော်က ဆင့်လျှင် ၃ တန်းတောင်း၍ သုသာန်သို့ ၄ မျက်နှာ အာဏာ ၃ တန်းသားတို့ ယူသွားမြဲ ယူသွားသည်။ သုသာန်သို့ရောက်လျှင် လက်မရှိသားတို့က အာကိုဟက်ရသည်။ အာဟက်ရသည်မှာ အာရင်း ၂ ဖက်ကို စပါးလုံးခန့်ရှိရုံတွင် ဟက်ပြီးလျှင် အထက်ပါးရိုးရောက် သွေးမြင်အောင် ငင်ကြောင်းရသည်။ ပြီးလျှင် စဏ္ဍာလသားတို့ကို အပ်ခဲ့ရသည်။[၃]

ရွှေရုံးစာတမ်းတွင် ဤသို့စီရင်နည်းများပြင် ရေသို့ချ၊ လက်ဝါးကပ်ရိုက်၊ လျှာနှင့်ဖြတ်၊ လေးဖက်ချတန်းထိုး၊ ခေါင်းကိုသုသာန်မှာဆွဲ၊ ဖိုနှင့်မီးပုံ၍ထိုး၊ ရင်ခွဲကားကျက်၊ ဖောင်တွင်မျှော၊ လက်ပယ်၊ တင်သားလှီး၊ မောင်းကြော်ရာဇဒဏ်၊ တုံးဖိနေလှန်း၊ ကမ္ဘာလေးရပ်၊ စုန်းရေချ၊ သေဆွဲနတ်စက်သင့်၊ ဂုတ်ထင်းပါးဖောက်စသည့် စီရင်နည်းများလည်း ပါရှိ၏။

စီးပွားရေးဆိုင်ရာ အကြောင်းအချက်များကို အထောက်အထားများ၌ အတော်အသင့်တွေ့ရှိရပါသည်။ ထိုခေတ်၏ စီးပွားရေးဝါဒအရ ရွှေငွေများကို ပြည်ပသို့ ဆောင်ယူခြင်းကို လုံးဝခွင့်မပြုချေ။ သို့သော် ခိုးထုတ်သည့် အမှုကိစ္စများ ပေါ်ပေါက်ခဲ့၏။ ဥပမာ

ရွှေငွေများကို သဘော်ပြည်သို့ မဆောင်မယူစေနှင့် အမိန့်တော်ထုတ်ပြန်၍ ရှိသည်ကို ဓညဝတီ ရမ္မာဝတီ ဒွါရာဝတီ မေဃဝတီ မြို့ဝန်စစ်ကဲတို့က တွေ့မိအောင် မပစ်

၁။ ရွှေရုံးစာတမ်း ဏ ကျော။
၂။ ရွှေရုံးစာတမ်း ဏ ကျော – ဏူ ဝမ်း။
၃။ ရွှေရုံးစာတမ်း တ ကျော။

မကြောသောကြောင့် ကဲ့ဝှက်ဆောင်ယူသွားကြောင်းနှင့် အကြိမ်ကြိမ်ရွှေနားတော်မြတ်ကြားတော်မူရသည်။ ရွှေငွေကဲ့ဝှက်ယူသူတို့ကို မြို့ဝန်စစ်ကဲတို့က တွေ့မိအောင် ဖမ်းဆီး၍ ရွှေဘဝါးတော်အောက် ပို့ဆက်စေ။ အမိန့်တော်အတိုင်း မဖမ်းမဆီး မဆက်မပို့ ဆောင်ယူသွား‌ကြောင်းကို ရွှေနားတော် ကြားတော်မူပြန်ရလျှင် မြို့ဝန် စစ်ကဲတို့ကို ရာဇဝတ်စီရင်။[၁]

ဟူ၍ အမိန့်တော်တရပ်၌ ပါရှိသည်။

ဗဒုံမင်းသည် စီးပွားရေးလုပ်ငန်းများကို နည်းအမျိုးမျိုးနှင့် အားပေးလေရကား ရေကြောင်း ဖောက်ကားရောင်းဝယ်သူတို့ကို ကင်းတော်များမှ အကောက်အခံ ကင်းငြိမ်းခွင့်ပေး၏။ သို့သော် တချက်ခုတ်နှစ်ချက်ပြတ်သဘောဖြင့် ကာကွယ်ရေးလုပ်ငန်းများတွင်အကျိုးဖြစ်ထွန်းစေရန် ထိုကင်းကောက်လွတ်လှေများက သေနတ်ဆက်သကြရ၏။ ဥပမာ

နွားမရုံနေ ငရွှေအောင် သူ လုံးတို့ ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ငရွှေအောင်နှင့် လှေကြီး ၁၀၊ နွေထိုးလှေငယ် ၄၀၊ သူနှင့်လှေကြီး ၃ နွေထိုးလှေငယ် ၃၀၊ လုံးနှင့် နွေထိုးလှေငယ် ၃၀ ကို လှေတော်များနည်း သေနတ်ခေါ်လုံ့ တင်ဆောင်ရောင်းဝယ်စေ။ ကင်းခွန်ကြေးငွေကို ကင်းက မကောက်မခံစေနှင့်။ ရွှေဘဝါးတော်အောက် ဆိုင်ရာဝန်အကြီးစာရေးတို့ထံ ၄၅ ခုနှစ် စစ်ဘမ်းထွက်အတိုင်း ပေးချိန် ဆောင်ရွက်စေ။ တနှစ်ကို ငရွှေအောင်က သေနတ် ၇၀ သူက သေနတ် ၃၉ လုံးက သေနတ် ၃၀ ဆက်စေ။[၂]

ဟူ၍ ဖြစ်၏။ အလားတူ အမိန့်တော်မျိုးနှင့် မရောင်းမဝယ်နိုင်တော့သဖြင့် သေနတ်ဆက် လွတ်ငြိမ်းခွင့်ပေးသည့် အမိန့်တော်များကို ကြိမ်ဖန်များစွာ တွေ့ရပါသည်။[၃] သားတော်သမီးတော်တို့၏ လှေအချို့ကိုမူ သေနတ်မဆက်စေပဲ ကင်းခွန် လွတ်ငြိမ်းခွင့်ပေး၏။ ဥပမာ

မက္ခရာမင်းသားက လှေစီးမြေတ်ရာနှင့် လှေ ၃ စင်းကို နန်းစည် အိမ်ရှေ့လှေတော်များနည်း အကြေအညာ ကင်းအကောက်လွတ် ဖောက်ကား ရောင်းဝယ်ပါရမည့်အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ဖောက်ကားရောင်းဝယ်စေ။[၄]

ရေကြောင်းရောင်းဝယ်ဖောက်ကားသူ အချို့သည် သေနတ်အစား ယမ်းဆက်ရသည်ကိုရှင်း ထန်းလျက်ဆက်ရသည်ကိုရှင်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။

စကိုင်းမြို့နေ နန်းစည်လှေစီးငကျော် လျှောက်ချက်ကို ထောက်၍ အမိန့်တော်စာချွန်တော်နှင့်သွားသည့်လှေပြင် ကျောက်တလုံး ကင်းတော်အောက် မြို့ရွာများတွင် စုန်ဆန်သွားလာဖောက်ကား ရောင်းဝယ်ကြသည့် လှေများမှာ ငကျော်ကို လှေအုပ်ခန့်ထား၍ မြို့ထွက်ကင်းစာကို ငကျော်က ဆိုင်ရာခံယူ ပေးစေပြီးလျှင် ကျောက်တလုံးကင်း

၁။ အမိန့်တော်များ ၁၀၆ (ရွှေဟောင်း) (၂၂ – ၄ – ၁၇၀၆)
၂။ အမိန့်တော်များ ၆၅ (ရွှေဟောင်း) ၁၁၆၇ ခု ဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့ (၈ – ၂ – ၁၇၀၆)
၃။ နောက်ဆက်တွဲ ၁၂ ရှု။
၄။ အမိန့်တော်များ ၁၄၉ (ရွှေဟောင်း) ၁၁၆၇ ခု ဝါဆိုလပြည့်ကျော် ၁၃ ရက်နေ့ (၁၂ – ၇ – ၁၇၀၆)

အစောင့်အနေတို့က စစ်ဝတ် ရေးစား ပဏ္ဏာလက်ဆောင် မတောင်းမယူစေရ။ ကင်းခွန်ကို ၄၅ ခု စစ်တမ်းထွက်အတိုင်း ဆိုင်ရာပေးချိန် ဆောင်ရွက်စေမည်။ ငကျော်ကလည်း တနှစ်လျှင် ပြန်ပြီး ယမ်းချိန် ၁၀၀၀ ဆက်စေမည် သွင်းချက်အတိုင်း သင့်ပြီ။[၁]

ထို့ပြင်

ပုဂံမင်းက ပုဂံမြို့နေ ငပိုနှင့် လှေကြီး ၁၀ နွေထိုးလှေငယ် ၁၅ ကို မြစ်စဉ်ကင်းတော်များက ကင်းခွန်ကြေးငွေ စစ်ဝတ်ရေးစား ပဏ္ဏာလက်ဆောင် မတောင်းမခံစေရ။ လှေတော်များနည်း သေနတ်ခါးလှံ တင်ဆောင်ရောင်းဝယ်၍ တနှစ်ကို လှေကြီးတစင်းလျှင် ထန်းလျက် ၁၅၀၀ နွေထိုးလှေငယ် တစင်းလျှင် ထန်းလျက် ၁၀၀၀ မင်းကွန်းပုထိုးတော်ကြီး ထန်းလျက်တိုက်မှာ ဆက်သွင်းပါရမည့်အကြောင်းနှင့် ရှိခိုးသံတော်ဦး တင်ချက်အတိုင်း ဖောက်ကားရောင်းဝယ်စေ။ မြစ်စဉ်ကင်းတော်များက ကင်းခွန်ကြေးငွေ စစ်ဝတ် ရေးစား ပဏ္ဏာလက်ဆောင် မတောင်းမခံစေနှင့်။ ငပိုကလည်း တနှစ်ကို ထန်းလျက် ၃၀၀၀၀ မင်းကွန်းပုထိုးတော်ကြီး ထန်းလျက်တိုက်မှာ ဆက်သွင်းစေ။[၂]

ဗဒုံမင်းသည် ရေကြောင်းဖောက်ကားရောင်းဝယ်မှုသာမက ကြည်းကြောင်း ရောင်းဝယ်ဖောက်ကားမှုကိုလည်း အားပေး၏။ ထို့ကြောင့် ကနဉီးက သံလွင်မြစ်အရှေ့ဖက်သို့ ရောင်းဝယ်သည့် ကုန်သည်တို့ကို လှေတော်များနည်း သေနတ်လက်နက် တင်ဆောင်ရောင်းဝယ်စေဟု အမိန့်တော် ထုတ်ပြန်ခဲ့၏။[၃] ထို့နောက် အဆင်မပြေသည့်တွင်မှ ထိုအမိန့်တော်ကို ရုပ်သိမ်းလိုက်သည်။[၄]

ထိုခေတ်က ဆန်စပါးကို ဘုရင်၏ ခွင့်ပြုချက်မရရှိပဲ နိုင်ငံခြားသို့ တင်ပို့ရောင်းချခွင့် မရှိချေ။ သို့သော် ကျီတော်များမှ စပါးနှင့် ခဲယမ်းမီးကျောက်စသည်နှင့် လဲလှယ်သည်ကိုကား ရံဖန်ရံခါ တွေ့ရ၏။ ဥပမာ

ဓညဝတီ ရမ္မာဝတီ ဒွါရာဝတီ မေဃဝတီ ရခိုင် ၄ မြို့ရှိ ကျီတော်ရှိ စပါးတော်များသည် ရှည်ကြာ၍ ရှိသည်။ စပါးဟောင်းကို သင်္ဘော ယမ်းနှင့် ထပ်လဲစေ၍ ယမ်းကို ရွှေဘဝါးတော်အောက် ဆက်သွင်းစေမည်။ ကျီတော်မှာလည်း နှစ်စဉ်သွင်းမြဲ စပါးတော်ကို အသစ်သွင်းထားစေမည်။ သွင်းချက်အတိုင်း စပါးပေါ်များသည် ဖြစ်သည်။ ကျီတော်ရှိ စပါးဟောင်းနှင့်စပါးသစ်ပါ တော်သင့်အောင် အသုံးတော် အလိုတော်ရှိရာ ခဲယမ်းမီးကျောက် သေနတ်များနှင့် ထပ်လဲစေ။[၅]

ဟု တွေ့ရ၏။

စီးပွားရေး မှတ်တမ်းများတွင် သက်ရှိသက်မဲ့ ဥစ္စာပေါင်းနှံ့ ရောင်းဝယ်ခြင်းဆိုင်ရာ စာချုပ် စာတမ်းများ ပါဝင်၏။ ယင်းအထောက်အထားများကို လေ့လာလျှင် ဗဒုံမင်းလက်ထက် ပြည်သူ

၁။ အမိန့်တော်များ ၃၇၂ – ၃ (ရွှေဟောင်း) (၅ – ၉ – ၁၇၀၆)
၂။ အမိန့်တော်များ ၂၅၀ – ၉ (ရွှေဟောင်း) (၂ – ၁၂ – ၁၇၀၆)
၃။ အမိန့်တော်များ ၃၉၂ (ရွှေဟောင်း) (၉ – ၁၀ – ၁၇၀၆)
၄။ အမိန့်တော်များ ၂၃၇ (ရွှေဟောင်း) (၁ – ၁၁ – ၁၇၀၆)
၅။ အမိန့်တော်များ ၃၇၇ (ရွှေဟောင်) (း၄ – ၁၀ – ၁၇၀၆)

တို့၏ စီးပွားရေးအခြေအနေကို အတော်အသင့် ရိပ်စားမိနိုင်ပါမည်။ထို့ကြောင့် ပုဂ္ဂလိက စီးပွားရေး မှတ်တမ်းများမှ လယ်ပေါင်စာချုပ်တခုကို ရွေးဦးစွာ တင်ပြပါမည်။

> သက္ကရာဇ် ၁၁၆၆ ခု တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် မပြေက ကျွန်ုပ်ပိုင်သည့် အုတ်ဖိုလယ် စပါးတင်း ၈၀ ထွက်ကို ငွေရွက်နီ ၇၅ နှင့် ပေါင်လိုပါသည် မောင်ရှင်ကို ဆိုလျှင် ၎င်းဆိုချက်အတိုင်း မောင်ရှင်က ငွေရွက်နီချိန် ၇၅ အပြေပေး၍ ပေါင်ယူသည့် ကာလ သိရှိသူ အာစရတကော စာစီစာရေး မောင်ရှင်။[၁]

တဖန် လယ်ရောင်းစာချုပ်တခု၌

> သက္ကရာဇ် ၁၁၆၇ ခု နယုန်လပြည့်ကျော် ၇ ရက်နေ့တွင် မောင်ရွှေအောင် မယား ရှင်ကြွင်းတို့က ကျွန်ုပ်တို့ပိုင်သည့် ကျောင်းလယ် စပါးတင်း ၄၀ ထွက်ကို ငွေရွက်နီ ၂၄ နှင့် အပိုင်အဆုံး ရောင်းလို၍သည်။ ဝယ်ပါ၊ မောင်ရှင်သမီး ခင်ပွန်းကိုဆိုလျှင် ၎င်းတို့ဆို ချက်အတိုင်း မောင်ရှင်သမီးခင်ပွန်းတို့က ငွေရွက်နီ ၂၄ မောင်ရွှေအောင်မယား ရှင်ကြွင်းတို့ကို အပြေပေး၍ ဝယ်ယူသည့်ကာလ သိရှိသူ မင်းကျော်ခေါင် စာစီစာရေး ငွေရှင်။[၂]

ဟူ၍ အရောင်းအဝယ်လုပ်ငန်းကို စနစ်တကျ သက်သေသာဓကများဖြင့် ပြုလုပ်ကြောင်း ထင်ရှား ပေသည်။ အလားတူ စာချုပ်စာတမ်းများ အမြောက်အမြား ရှိသေးသော်လည်း ဤစာတမ်းသည် ပဏ္ဍာမလေ့လာချက်မျှသာဖြစ်၍ မဖော်ပြနိုင်တော့ပါ။

ခုတဖန် သာသနာရေး သာသနာမှုနှင့်ဆိုင်သည့် အထောက်အထားများအနက် သင့်နိုးရာရာ တို့ကို တင်ပြပါမည်။ ဗဒုံမင်းလက်ထက် မဇ္ဈိမဒေသနှင့်၎င်း သီဟိုဠ်နှင့်၎င်း အဆက်အသွယ်ပြုလုပ် ရာ၌ သာသနာရေးကို အဓိကထား၍ ဆက်သွယ်ပြုလုပ်သည်ဟုဆိုလျှင် ရနိုင်ပါသည်။ ထိုဒေသများ မှရရှိသည့် ပိဋကတ်စာပေကျမ်းဂန်များ မြန်မာပြန်ဆိုရေးကိုလည်း မောင်းထောင်ဆရာတော်အား တာဝန်ပေး လုပ်ဆောင်စေသည်။ ထိုဘာသာပြန် ကျမ်းများကို ဗဒုံမင်းကိုယ်တော်တိုင် လေ့လာ ပြီးနောက် အတွေးအခေါ်ဟောင်းအချို့ကို စွန့်လွှတ်၍ အတွေးအခေါ်သစ်များ ဖြစ်ပေါ်လာ၏။ ဗဒုံ မင်း၏ အယူတော်များကို ဘိုးတော်ဘုရား အယူဝါဒ စာတမ်းအဖြစ်ဖြင့် ယခုတိုင် တွေ့မြင်လေ့လာ နိုင်ပါသည်။ ဗဒုံမင်းသည် သာသနာရေးတွင် များစွာ စိတ်ဝင်စားရကား သာသနာမှုဆိုင်ရာ အမိန့်တော်မြောက်မြားစွာထုတ်ပြန်ခဲ့၏။သာသနာညစ်နွမ်းနေသည်ဟု အယူရှိတော်မူသဖြင့် သန့်ရှင်း အောင်ပြုပြင်ရန် ကြိုးစားခဲ့သည်။ ယင်းသို့ ကြိုးပမ်းရာ၌ အောင်မြင်သည်လည်း ရှိသကဲ့သို့ လက်လျှော့ရသည်များလည်း ရှိခဲ့သည်။ အတင်အရိုဂိုဏ်း ပြဿနာကိုလည်း ဖြေရှင်းရန် အားထုတ်ခဲ့၏။

> ပိဋကတ်တော်များကို တည်းဖြတ်စေသည့်ကိစ္စနှင့် စပ်လျဉ်း၍ ပါဠိတော်စုကို ပုဒ်မ သဝေမျှ မယိုမယွင်း မကျမနစေရ၊ မှန်ကန်သေချာအောင် တည်းဖြတ်ရေးသားစေ သည်။ ပါဠိတော်တွင် အနက်မြန်မာပြန် မည်သို့ထွက်သည် သိတော်မူလိုသောကြောင့်

၁။ ခင်မကန်ပုရပိုက် ၆၉ (မန္တလေး ဝ/သ တက္ကသိုလ် သမိုင်းဌာန)

၂။ ခင်မကန်ပုရပိုက် ၆၉

အသီးအသီး ထုတ်နုတ်ဆက်သွင်းစေရာ အဋ္ဌကထာစကားအများ ပါသည်မှာ ပါဠိတော်တွင်ပင် အဋ္ဌကထာစကားပါသည် ဖြစ်မည် အခြားသွတ်သွင်း ရေးသားပါသည် ဖြစ်မည်ကို ယခုသွင်းကြသည့် စာစုနှင့်ပါဠိတော်ကို ဆရာတော်တို့ရှေ့ တိုက်ဆိုင်စေ။ ညီလျှင်ညီကြောင်း မညီလျှင်မညီကြောင်းကို ဆရာတော်က စာသွင်းစေ။ ပါဠိတော်ကသာ ပို၍ပါလျှင် ထုတ်နုတ်ဆက်သွင်းသည့် ရဟန်းတို့ကို ရာဇဝတ်စီရင်မည်။ အမိန့်တော်ကို ဆရာတော်ထံ ပြန်စေ။[၁]

ဟု အမိန့်တော်ပြန်ဆိုခဲ့ဘူးလေသည်။ ထို့ပြင် ဗဒုံမင်းသည် ရှင်ဗုဒ္ဓဃောသ စီရင်သည့် အဋ္ဌကထာများကို သံသယရှိတော်မူခဲ့သဖြင့်လည်း

ဆရာတော်တို့က သွင်းသည့်စာတွင် ပါဠိတော်ကို အခိုင်ပြု၍ သွင်းချက်ပါသည်။ ပါဠိ အဋ္ဌကထာကိုလည်း ရှင်ဗုဒ္ဓဃောသ ရေးသည့်စာဖြစ်ကြောင်းကို အစဉ်အဆက် စွဲလမ်းမှတ်သား ပြောဆိုကြသည်။ ဗုဒ္ဓဃောသလည်း ငါ့ဆရာ ငါကဲ့သို့ တတ်ပါမည်လော၊ ဘုရားလည်း ငါကဲ့သို့တတ်ပါမည်လော၊ အကြံဖြစ်ကြောင်းကို ဆရာသိသောကြောင့် ဗုဒ္ဓဃောသကို ဆရာက ဗြဟ္မဒဏ်ပေး၍ သီဟိုဠ်မှာ ပိဋကတ်ကို ကူးယူစေသည်တွင် သီဟိုဠ်ဘာသာစာများကို အကုန်မီးပူဇော်၍ ဗုဒ္ဓဃောသ ရေးသားပြုစုသည့် ပိဋကတ်ကိုသာ ထားကြောင်းနှင့်ဆိုသည်။ ဗုဒ္ဓဃောသသည် လူကိုထား၍ သကြား ဗြဟ္မာတို့သော်လည်း မကြံဘူး မကြံအပ်သည့်အရာကို မာန်မာန ထောင်လွှားသဖြင့် မှားသောအကြံကို ကြံသည်ဟု ဆိုသည်ကိုထောက်လျှင် ဘုရားဟောတော်မူသည့်အတိုင်း ဗုဒ္ဓဃောသ ထားမည်မဟုတ် အမှန်အကန် ရေးသားသည် မယူသင့်။ ဗုဒ္ဓဃောသအထင် အယူအလျှောက် ရေးသားထားသည်သာ ယူရန်ရှိသည်။ သည်အကြောင်းကို ခြားနားသိသာအောင် ဆရာတော်တို့က စာသွင်းစေဦး။[၂]

ဟု အမိန့်တော် ထုတ်ပြန် ပြန်၏။

ထို့ပြင် ဗဒုံမင်းသည် ရဟန်းတော်တို့၏ ကျင့်ဝတ်နှင့် စပ်လျဉ်း၍လည်း သိလိုတော်မူ၏။ ထို့ကြောင့် သက္ကရာဇ် ၁၁၆၇ ခုနှစ်တွင်

ပါဠိတော် အဋ္ဌကထာထွက် သိက္ခာပုဒ် ကျင့်ဝတ်တရားကို ဖြေဆိုစေရမည် အရပ်ရပ်သင်္ဃာတို့ကို ပင့်ခေါ်စေ။[၃]

ဟု အမိန့်တော် ထုတ်ပြန်ခဲ့၏။ တဖန်တုံလည်း

မြို့ဆရာတစုတို့နှင့် တရားကျမ်းဂန်ကို နှိုင်းရှည်တိုင်ပင် စည်းဝေးတော်မူမည်တွင် ပါဠိတော်ရှိသည့်အတိုင်း မြို့ဆရာတစုတို့ ကျင့်ကြောင်းကို မဆိုမပြောနိုင်။ ရဟန်းအသွင်ကို

၁။ အမိန့်တော်များ ၃၀၉ (ရွှေဟောင်း) ၁၁၆၇ ခု တန်ခူးလဆန်း ၁၅ ရက်နေ့ နားခံ ဇေယနော်ရထာတွင်ပြန် (၂၂ – ၃ – ၁၈၀၇)

၂။ အမိန့်တော်များ ၉၈၇ – ၉ (ရွှေဟောင်း) ၁၁၇၃ ခု ပြာသိုလပြည့်ကျော် ၂ ရက်နေ့ (၃၀ – ၁၂ – ၁၈၁၁)

၃။ အမိန့်တော်များ ၂၉၉ (ရွှေဟောင်း) (၂၃ – ၁ – ၁၈၀၇)

> ဖျက်၍နေထိုင်ပါမည် ဆိုသော်လည်း တိုင်းနိုင်ငံတော် ကျယ်ဝန်းသည် ဖြစ်သည်။ နိုင်ငံတော်အတွင်းရှိနေသည့် ရဟန်းသင်္ဃာတို့ကို ခေါ်၍ စည်းဝေးပြောဆိုစေဦး။[1]

ဟု တွေ့ရပြန်သည်။ ဗဒုံမင်းသည် သုတ္တန်ဒေသနာတော်ကို လွန်စွာနှစ်ချိုက်၏။ ထို့ကြောင့် မောင်းထောင်ဆရာတော်ကိုပင့်၍ သုတ္တန်ဝိနည်းကျမ်းအထွက်များကို ဟောပြောစေ၏။[2] သို့ရာတွင် သင်္ဃာတော်တို့သည် သုတ္တန်တရားတော်အတိုင်း မကျင့်ကြဟု အယူတော်ရှိပြန်သောကြောင့်

> သီဟိုဠ်ကအမတ် ပရမရာဇဂုရုဓမ္မဓဇပဏ္ဍိတ ရွှေဘဝါးတော်အောက် ရောက်သည့်အမှုမှာ သီဟိုဠ်ကျွန်းတွင် သာသနာတော် မစည်မထွန်းမပွင့်မလင်းရှိသည်ကို စည်ထွန်းပွင့်လင်းအောင် ပြုစုစောင့်ရှောက်တော်မူပါမည့် အကြောင်းနှင့် လျှောက်ထားချက်ပါသည်။ ရွှေပြည်တော်မှစ၍ နိုင်ငံအတွင်း ကျင့်ဆောင်ကြသည်မှာလည်း ဘုရားသခင်ဟောတော်မူသည့် သုတ္တန်တရားတော် ထင်ရှားရှိလျက် သုတ္တန်အတိုင်း အကျင့်မမှန်မကန် ကျင့်ဆောင်ရှိနေကြသည် ဖြစ်သည်။ သီဟိုဠ်ကလာသည့် အမတ်တို့ကို သီဟိုဠ်မှာ အကျင့်အဆောင် အနေအထိုင် မည်သို့ဖြစ်သည်။ နိုင်ငံတော်မှာလည်း အရပ်ရပ် ကျင့်ဆောင်သမျှ မမှန်မကန်ရှိသည်။ ဘုရားဟောတော်မူသည့် သုတ္တန်တရားတော်နှင့်အညီ ပြုစုစောင့်ရှောက်သည်ကို အလိုရှိမည်။ မည်သို့ပြုစု စေလိုသည်များကို သိတော်မူသာအောင် မေး၍ သွင်း။[3]

ဟု အမိန့်တော်ပြန်ခဲ့၏။ သုတ္တန်ကျမ်းနှင့်အညီ ရဟန်းပြုလိုသူများကို ရဟန်းပြုစေ၍ ထိုရဟန်းများ သိတင်းသုံးတော်မူရန် ကျောင်းဆောက်လှူဒါန်းလိုသူတို့အား လှူဒါန်းခွင့်ပေးခဲ့၏။ ဉပမာ

> သုတ္တန်ကျမ်းနှင့်အညီ ရဟန်း ပြုလိုသူ ငရွှေစည်ကို အထက်ရဟန်းပြုသည့် ဆရာတို့နည်း သောဠသဓိမာသ်သုဒ္ဓဒိန် ၇၁၂ တော်သလင်း လပြည့်ကျော် ၇ ရက်နေ့ စန္ဒမုနိ ဘုရားသခင်ရှေ့တော်တွင် ရဟန်းပြုစေ။[4]
> သုတ္တန်တရားတော်နှင့်အညီ ကျင့်ဆောင်သည့် ရဟန်းတော်တို့ သိတင်းသုံးရန် တောရကျောင်းကို ဆောက်လုပ်လှူဒါန်းလိုသူတို့က တော်သင့်ရာအရပ်တွင် တာ ၂၀၀ ကွာ ၃၀၀ ကွာစီ ဆောက်လုပ်လှူဒါန်းကြစေ။[5]

စသည့် အမိန့်တော်များ ရှိခဲ့သည်။

တဖန် သင်္ဃာတော်တို့အား ရဟန်းဘဝနှင့် နေထိုင်မြဲ နေထိုင်သင့်ကြောင်းကို ကျမ်းဂန်ရှိရာ ဖြေဆိုပြန်စေသည်။

၁။ အမိန့်တော်များ ၆၉၈ (ရွှေးဟောင်း) (၃၁ – ၅ – ၁၈၁၀)
၂။ အမိန့်တော်များ ၁၀၄၀ (ရွှေးဟောင်း) (၂၉ – ၆ – ၁၈၁၂)
၃။ အမိန့်တော်များ ၁၀၄၄ – ၅ (ရွှေးဟောင်း) ၁၁၇၄ ခု ဒုတိယ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့ (၂၉ – ၇ – ၁၈၁၂)
၄။ အမိန့်တော်များ ၁၀၄၆ (ရွှေးဟောင်း) (၁၂ – ၈ – ၁၈၁၂)
၅။ အမိန့်တော်များ ၁၀၄၇ (ရွှေးဟောင်း) (၁၅ – ၈ – ၁၈၁၂)

နိုင်ငံတော်အတွင်း အရပ်ရပ် မြို့ရွာများတွင် ရှိနေသည့် ရဟန်းဆိုသူတို့မှာ ရဟန်းအနေအထိုင်နှင့် နေထိုင်မြဲ နေထိုင်သင့်အောင် ကျမ်းဂန်ရှိရာ ပြောဆိုနိုင်သည့် အစွမ်းအရည်ရှိသူတို့ကို မြို့ဝန် စစ်ကဲ မြို့ထိန်း ရွာအုပ်တို့က ရွှေဘဝါးတော်အောက် ပို့လာစေ။ ရွှေဘဝါးတော်အောက်လာ၍ မပြောမဆိုနိုင်သူတို့မှာ ရဟန်းအနေအထိုင်နှင့် မရှိမနေစေနှင့်။ လူဝတ်လဲစေ။ အမိန့်တော်အတိုင်း မပို့မသ မစီမရင်လျှင် မြို့ဝန် စစ်ကဲ မြို့ထိန်း ရွာအုပ်တို့ကို ရာဇဝတ်စီရင်။[1]

ဟူ၍ တင်းကျပ်စွာ အမိန့်တော်ထုတ်ပြန်သည်။ သို့ရာတွင် ပွဲကျောင်းရဟန်းတို့ ယင်းတို့ မူလအကျင့်အဆောင်များအတိုင်း ကျင့်ဆောင်သည်ကိုလည်း ဆက်လက်ခွင့်ပြုသည့် အနေဖြင့်

ငါးပိဋကန်းဆရာနှင့် အပါအဝင် ရဟန်းသာမဏေတို့မှာ ရွှေပွဲကျောင်းတို့ အနေအထိုင်အတိုင်း ဦးထုပ်ဆောင်း သရပတ်ဆောင်း ဒုကုဋ်တင် ရင်ဖွဲ့စည်း စည်တီး မိးနှက်ဆေးရေး ကွင်းထိုး မသာလိုက် ဗေဒင်ဟော လေ့လျှော် လက်ဝှေ့သတ်မှုစ၍ ရွှေပွဲကျောင်းတို့ နေထိုင်သည့်နည်း နေထိုင်ကြစေ။[2]

ဟု ခွင့်ပြုခဲ့သည်။ သာသနာရေးနှင့်ဆိုင်သော အထောက်အထားများကို ဤမျှဖြင့်ပင် ရပ်နား၍[3] လူမှုရေးဆိုင်ရာ အချက်အလက်တို့ကို ထပ်မံတင်ပြပါမည်။

လူမှုရေးဆိုင်ရာ အချက်အလက်များကို ခေတ်ပြိုင် မှတ်တမ်းအမျိုးမျိုး၌သာမက ပန်းချီပန်းပု နံရံဆေးရေးများတွင်ပါ တွေ့ရှိရ၏။ ဤစာတန်း၌ ဗဒုံမင်း၏ လူမှုရေးဆိုင်ရာ ပညတ်ချက်အချို့ကို တင်ပြပါမည်။ မင်းကြေရာဇ်တို့က ထုတ်ပြန်သော အမိန့်အာဏာတို့မှာ တည်သည်လည်း ရှိ၏။ မတည် ချိုးဖောက်သည်လည်း ရှိ၏။ အစဉ်သဖြင့် အမိန့်တည်မြဲသည်ချည်း မရှိပေ။ အရေးကြီးသည့် ပညတ်ချက်များကို မဆိုထားဘိ၊ လူမှုရေးဆိုင်ရာ အသေးအဖွဲကိစ္စများကိုပင် ရံဖန်ရံခါ ဖောက်ဖျက်တတ်ပေရာ ဆံဖြတ်မှုနှင့် စပ်လျဉ်း၍ အမိန့်မတည်သည်ကို သက္ကရာဇ် ၁၁၆၈ ခု ကဆုန်လဆန်း ၁၁ ရက်နေ့ထုတ်ပြန်သည့် အမိန့်တော်အရ တွေ့နိုင်ပေသည်။

နန်းတော်သူတို့သည် အမိန့်တော် အာဏာတော်ကို မတည်၊ ဆံက ဖြတ်ကြသည်။ ကျွန်မများလည်း ဆံဖြတ်ကြသည်။ အမှုများကို စီရင်ရမည် ဝန်ထောက် နေမျိုးကျော်ထင်၊ ဒိုင်းဝန်တို့ကို အနောက်ရုံးသို့ဘက်စေ။ ဆံဖြတ်သည့် ကျွန်မတို့ကို ကျောက်ဆွဲ၍ ရေမှာချစေ။ နန်းတော်သူတို့မှာ အကျဉ်းထားစေ။

သို့သော် အလျှောက်ကောင်း၍လား မသိ အထောင်းသက်သာခဲ့ကြသည်ကိုလည်း အောက်ပါအမိန့်တော်ဖြင့် သိရှိရပြန်ပေသည်။

ဆံဖြတ်သည့် မိန်းမတို့ကို ချမ်းသာပေးတော်မူသည်။[4]

၁။ အမိန့်တော်များ ၁၀၄၈ – ၉ (ရှေးဟောင်း) (၂၈ – ၈ – ၁၈၁၂)
၂။ အမိန့်တော်များ ၁၀၄၈ (ရှေးဟောင်း) (၁၈ – ၈ – ၁၈၁၂)
၃။ ယင်းတို့မှ အချို့ကို နောက်ဆက်တွဲ ၁၃ တွင် ဖော်ပြထားပါသည်။
၄။ အမိန့်တော်များ ၁၀၈ (ရှေးဟောင်း) (၂၇ – ၄ – ၁၈၀၆)

ထို့ပြင် အဝတ်အစား၊ အဆင်တန်ဆာ၊ အဆောင်အယောင်မှစ၍ ဘုရင့်အမိန့်တော် မရရှိပဲ ဝတ်စားဆင်ယင် သုံးစွဲမြဲထုံးစံမရှိ၊ ခွင့်ပြုချက်ရမှသာ သုံးဆောင်ရမြဲ ဖြစ်သည်။ အဝတ်ဖြူကို မင်းသုံးသတ်မှတ်ထားသဖြင့် မင်းမှတပါး အခြားသော အမှုထမ်း အရာထမ်းတို့သည် ဝတ်ဆင် သုံးဆောင်ခြင်း မပြုရဟု အောက်ပါအတိုင်း အမိန့်တော် ထားရှိခဲ့သည်။

> အဝတ်ဖြူသည် မြတ်သောမင်းဝတ်တန်ဆာ ဖြစ်သည်။ မှူးမတ်ပြည်သူ ဆင်းရဲသားတို့မှာ အမင်္ဂလာ မင်္ဂလာမှုများတွင် လူသေလူရှင်မှစ၍ အဝတ်ဖြူကို မဝတ်မဆင်စေနှင့်။ အဝတ်ဖြူမှာ သနားတော်ခံရမှ ဝတ်ဆင်ကြစေ။[၁]

ထိုနည်းတူပင် ရွှေမြိတ်တံပက်ဖြူကို အသနားတော်မခံရပဲ ဝတ်ဆင်ခွင့် မရရှိချေ။

> မှူးမတ် ကတော်မယားတို့မှာ ရွှေမြိတ်တံပက်ဖြူကို သနားတော်ခံရမှ ဝတ်ဆင်ကြစေ။ သနားတော် မခံရသည်ကို မဝတ်မဆင်စေနှင့်၊ ရှေးဝတ်ဆင်ရိုး ထုတ်တံပက်ကိုသာ ဝတ်ဆင်စေ။[၂]

ဤသို့ နန်းတွင်း လူမှုရေးသာမက ပြည်သူတို့၏ လူမှုရေးနှင့်ဆိုင်သော လင်ကွာ မယားကွာ အိမ်ထောင်မှု၊ အမွေခန်း၊ ဥစ္စာခွဲ စသည်တို့လည်း အမြောက်အမြား ရှိပေသေးသည်။ ဤနေရာ၌ ယဉ်ကျေးမှု အခန်းကဏ္ဍကို ရေးသားရန် ရှိနေသေးသဖြင့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထား များကို ဆက်လက် တင်ပြပါဦးမည်။

ယဉ်ကျေးမှုကဏ္ဍမှာ လွန်စွာ ကျယ်ဝန်းလှ၏။ အထောက်အထားလည်း များ၏။[၃] ဤတွင် ပွဲသဘင်ဆိုင်ရာ အချက်အလက်အချို့ကိုသာ တင်ပြနိုင်ပါမည်။ လတိုင်းလတိုင်းတွင် ရာသီပွဲများ ရှိသည်ကို အားလုံး သိရှိပြီးဖြစ်၏။ ထိုစဉ်က ရာသီပွဲအချို့ကို ယခုအခါ မကျင်းပကြတော့သော်လည်း အချို့ကိုမူ ယခုတိုင်ဆင်နွှဲလျက်ရှိကြ၏။တန်ခူးလတွင် ရေသွန်းပွဲတော်အပြင် မာန်နတ်ပူဇော်ပွဲလည်း ရှိပေသည်။

> တန်ခူးလဆန်း ၈ ရက်မြောက်သောတိထိ၌ အသောကဆေးကို သုံးဆောင်အပ်ကြောင်း၊ မာန်နတ်ရုပ်၊ မာန်နတ်သမီးရုပ်တို့ကို သမန်းမြက်ဖြင့် ကောင်းစွာ ထပ်ပြီးလျှင် တန်ခူးလဆန်း ၁၃ ရက် ဝိဒ္ဓာတိထိညဉ့်အခါ ဥယျာဉ်မြေနိုက် မွှေလျော်ဖွယ် လုပ်ဆောင်တည်ထား၍ တန်ခူးလဆန်း ၁၄ ရက်မြောက် ကာမဝိဒ္ဓမည်သော တိထိနိုက် ပူဇော်အပ်ကြောင်းကို ရာဇမတ္တဏ်ကျမ်းထွက်သည်နှင့်အညီ လုပ်ဆောင် ပူဇော်တော် မူမည်။ အသောကဆေးအဆောင်အယူ မာန်နတ်ပူဇော် အခမ်းအနား ခန့်ထားစီရင် ရှိသည်ကို စီရင်မြဲအတိုင်း စေ့စုံအောင် စီရင်၍ ပူဇော်စေ။ မင်းညီမင်းသား မှူးတော် မတ်တော် ပြည်သူပြည်သားတို့ကိုလည်း အမွှေးအထုံ ပန်းနံ့သာများနှင့် မာန်နတ် တန်ဆောင်းသို့ဝင်၍ ပူဇော်ကြစေ။ ။တန်ခူးလဆန်း ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်၊ ၃ ရက်

၁။ အမိန့်တော်များ ၇၄ (ရွှေဟောင်း) (၁၉ – ၂ – ၁၈၀၆)
၂။ အမိန့်တော်များ ၇၈ (ရွှေဟောင်း) (၁ – ၃ – ၁၈၀၆)
၃။ အထောက်အထား အချို့ကို နောက်ဆက်တွဲ ၁၄ တွင် တင်ပြပါသည်။

> အတွင်း[၁]ကိုလည်း လူပျိုလူငယ်ယောကျ်ားမိန်းမတို့ကို အမွေးအထုံရည် ရေကြည်ရေသန့်များနှင့် ရေသွန်းသဘင် ပျော်ရွှင်ကစားကြစေ။ ရပ်စုကွက်စု လမ်းဘေးလမ်းမများကို စေ့နှံ့အောင် မောင်းခတ်စေ။ ခန့်ထားစီရင်ရန် ရှိသမျှကို ပြီးပြေအောင် စီရင်။[၂]

သက္ကရာဇ် ၁၁၆၇ ခုနှစ်ကစ၍ မာန်နတ်ပူဇော်ပွဲမှာ ရဲမက်တော်တို့အား စစ်ရေးသဘင် ခင်းကျင်းစေသည်။

> ဂရုဓမ္မဇာတ်တွင် စိတ္တနတ်သဘင်၌ လေးပစ်ကြောင်းကို ကျမ်းဂန်လာသည်နှင့်အညီ ၁၁၆၇ ခုနှစ်ကစ၍ နှစ်စဉ်အတိုင်း သူရဲသူခက် အစုအမှုထမ်းတို့ကို မာန်နတ်ပူဇော်သည့်ပွဲသဘင်တွင် ဆင်သည်လည်း ဆင်နှင့်၊ မြင်းသည်လည်း မြင်းနှင့်၊ သေနတ် လေးလှံ ဒိုင်းလွှားစွဲကိုင်သူတို့မှာလည်း သေနတ်လေးလှံ ဒိုင်းလွှားနှင့် အရေးအရာ ခင်းကျင်းပြသသွန်သင်စေ။ တိုက်စည်တိုက်မောင်းကိုလည်း တီးလူနှင့်တီး၍ နေစေ။ အလံကိုလည်း ကိုင်လူနှင့် သူရဲသူခက်တို့ရှေ့ ၁၀ တာခန့်ကွာတွင် စိုက်ထားစေ။ စုထိန်းစုအုပ် ဆိုင်သင့်ရာ စေ့ငုအောင် ဆင့်ဆိုစီရင်။[၃]

ထိုဂရုဓမ္မဇာတ်လာ လေးပစ်ကြောင်းကို အစွဲပြု၍ ဤပွဲကိုလည်း လေးပွဲသဘင် ခေါ်၏။[၄]

တော်သလင်းလသည် ရေပြည့်လျှံသည့် အချိန်ဖြစ်၍ ထိုအခါ လှေပွဲသဘင် ဆင်ယင်တော်မူ၏။

> ရွှေမြို့တော် ရပ်စုကွက်စု စကိုင်း အဝ တံတားဦး ပင်းယမှ စ၍ အညာကို ကျောက်မြောင်း စဉ့်ကူးထိ အောက်ကို ဆင်တပ် မြင်းမူထိ။ မြစ်ငယ်ကို မြို့သစ် ညောင်ပင်နီထိကျေးရွာသူကြီး ရပ်စုကွက်စုသားတို့ကို နှိုးဆော်၍ စန္ဒာမုနိဘုရားရှင်မှာ နှစ်စဉ်လှေပွဲသဘင် စီပင်အောင် ခံစေ။[၅]
> စန္ဒာမုနိဘုရားရှင်ပွဲတော်တွင် လှော်လှေလှော်လောင်းများကို သင့်ရာဖက်၍ လှော်ပြိုင်စေ။ လှေဖက်စာရင်းကိုလည်း သွင်း၊နှစ်စဉ်လုပ်ဆောင်မြဲ အလှူတော် တန်ဆောင်တိုင် မီးပန်းမီးပဒေသာများကိုလည်း လုပ်ဆောင်စေ[၆]

သည်။ သီတင်းကျွတ်လတွင် ဆီမီးမြင့်မိုရ်ပွဲနှင့် အာကာသပူဇော်ပွဲများ ကျင်းပပုံကိုလည်း

> ဆီမီးမြင့်မိုရ်ကို ရွှေမြို့တော်မှာ မလုပ်စေနှင့်။ အာကာသပူဇာနှင့် တချက်တည်း မင်းကွန်းနန်းတော်ရှေ့သောင်တွင် လုပ်ဆောင်၍ ညီထွန်းပူဇော်စေ။[၇]

၁။ ၃၁ – ၃ – ၁၈၀၆၊ ၁ – ၄ – ၁၈၀၆၊ ၂ – ၄ – ၁၈၀၆
၂။ အမိန့်တော်များ ၆၇ (ရွှေဟောင်း) ၁၁၆၇ ခု တပို့တွဲလပြည့်ကျော် ၁၁ ရက် (၁၃ – ၂ – ၁၈၀၆)
၃။ အမိန့်တော်များ ၈၃ (ရွှေဟောင်း) (၁၁ – ၃ – ၁၈၀၆)
၄။ အမိန့်တော်များ ၉၉ (ရွှေဟောင်း) (၈ – ၄ – ၁၈၀၆)
၅။ အမိန့်တော်များ ၁၀၀ (ရွှေဟောင်း) (၁ – ၉ – ၁၈၀၆)
၆။ အမိန့်တော်များ ၁၀၂ (ရွှေဟောင်း) (၆ – ၉ – ၁၈၀၆)
၇။ အမိန့်တော်များ ၁၀၆ (ရွှေဟောင်း) (၁၆ – ၉ – ၁၈၀၆)

ဟု ဆိုထားသည်။ သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် ဆီမီးမြင့်မိုရ်ပွဲကို သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့တွင် စတင်ကျင်းပခဲ့၏။[၁]

တန်ဆောင်မုန်းလတွင် လဆန်း ၁ ရက်နေ့မှစ၍ ရက် ၃၀ ပြည့်အောင် အာကာသဆီမီး ပူဇော်ရပြန်သည်။ ဆီမီးမြင့်မိုရ်ကိုမူ လဆန်း၁၄ရက်နေ့မှစ၍ စန္ဒာမုနိဘုရား အရှေ့တည့်တည့် သောင်ပြင်တွင် ၃ ရက်တိုင်တိုင် ညှိထွန်းပူဇော်ရ၏။ တန်ဆောင်မုန်းလ မီးပူဇော်ပွဲနှင့် စပ်လျဉ်း၍

> ပြည်ကို ကန်ဆာဆင်၍ တန်ဆောင်မုန်းလတိုင်း ဆီမီးထွန်းညှိမည်မှာ တူရာသီ စန္ဒရဲမာသ အသံ့ာ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ကစ၍ အရက် ၃၀ ပြည့် ထွန်းညှိပူဇော်မြဲ ကောင်းကင်ဆီမီး ထွန်းညှိပူဇော်တော်မူမည်မှာ တူရာသီစန္ဒရမာသအသံ့ာ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ကသည် အရက် ၃၀ ပြည့် ထွန်းညှိပူဇော်စေ။ ရွှေမြို့တော် ရွှေနန်းတော် ဝင်းတော် ၄ မျက်နှာ မြို့တွင်းမြို့ပြင် လမ်းသေးလမ်းမ ရပ်စုကွက်စုများမှာ သာယာအောင် တံမျက်တလင်း သုတ်သင်ရှင်းလင်းစေ။ သဲမွှေကြဲစေ။ ရာဇမှတ်ကာ၍ တံခွန် ကုက္ကား မုလေးပွား ရေချမ်းအိုး ရေပြည့်ပန်းစိုက်လုပ်ဆောင် တည်ထားစေ။ ငှက်ပျောပင် ကြံပင်စိုက်စေ။ ရွှေမြို့တော်တံခါး ၁၂ ရပ် ပြကြီးပြငယ် မြို့ထိပ်ဝန်းကျင်ကျုံးနဖူး အတွင်းအပြင်များမှာလည်း မြက်သစ်ရွက် အမှိုက်သရိုက် မရှိစေရ၊ သာယာညီညွတ်အောင် ရှင်းလင်းသုတ်သင်စေ။ ပြည်သူပြည်သားတို့ အိမ်ယာများမှာလည်း ဆီမီးထွန်းညှိပူဇော်စေ။ မီးထွန်းပွဲသဘင်လည်း စည်ပင်အောင် ခံစေ။ မီးရှူးမီးပန်းမီးဖြူ မီးဝါ ဥပါ ဆင်သံ မြင်းသံ မီးပန်းများကိုလည်း အခါ ၃ ရက်အတွင်း ရှို့လွှတ် ပူဇော်စေ။ အခါ ၃ ရက်အတွင်း ပြည်သူပြည်သားတို့မှာ တတ်ကုန်နိုင်သမျှ ဝတ်စားတန်ဆာဝတ်ဆင်စေ။ ဆီမီးမြင့်မိုရ်ကို စန္ဒာမုနိဘုရား အရှေ့တည့်တည့် သောင်တွင်လုပ်စေ။ ဆင့်ဆိုခန့်ထားစီရင်ရန် ရှိသမျှကို ပြီးပြေအောင် ခန့်ထားစီရင်။

ဟု အမိန့်တော် ထုတ်ပြန်ရ၏။[၂] ထိုအခါ လေးပွဲသဘင်လည်း ထပ်မံကျင်းပဟန် ရှိသည်။[၃] ထိုလတွင်ပင် စန္ဒာမုနိဘုရားနှင့် ရဟန္တာအသျှင်မြတ် တို့အား ကထိန်သင်္ကန်း ကပ်လှူတော်မူ၏။[၄] တန်ဆောင်းတော်များနှင့် ထီးတံခွန်များလည်း လှူဒါန်းပူဇော်ရပေသည်။[၅] တပေါင်းလတွင် မဟာပိန္နဲပူဇော်ပွဲ၊ ကောက်သစ်ထမင်းစားပွဲများ ကျင်းပပေသည်။[၆]

အထွေထွေခန်းတွင် ဗဒုံမင်း၏ အတွင်းသရုပ်နှင့် လုပ်ရည်ကြံရည်များကို ဖော်ထုတ် သိရှိနိုင်သည့် အမိန့်တော်အချို့ကို ထုတ်နုတ်တင်ပြပါမည်။ ဗဒုံမင်းသည် စိတ်မြန်၏။ အမျက်လည်း ပြေလွယ်သည်။ ဥပမာ

၁။ အမိန့်တော်များ ၂၁၀ (ရွှေးဟောင်း) (၅ – ၁၀ – ၁၀၀၆)

၂။ အမိန့်တော်များ ၃၀၀ – ၉၀ (ရွှေးဟောင်း) ၁၁၆၈ ခု သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့ (၅ – ၁၀ – ၁၀၀၆)

၃။ အမိန့်တော်များ ၁၀၇ (ရွှေးဟောင်း) (၁၀ – ၉ – ၁၀၀၆)

၄။ အမိန့်တော်များ ၂၁၁ (ရွှေးဟောင်း) (၅ – ၁၀ – ၁၀၀၆)

၅။ အမိန့်တော်များ ၂၁၅ (ရွှေးဟောင်း) (၁၃ – ၁၀ – ၁၀၀၆)

၆။ အမိန့်တော်များ ၆၅ (ရွှေးဟောင်း) (၈ – ၂ – ၁၀၀၆)

ထားဝယ်သား သောစ ငအောင်ပန်းတို့ပွဲသဘင်တော်အတွင်း ခိုက်ရန်မဖြစ်တန်သူများ ဖြစ်သည်။ သင်းတို့နှစ်ယောက်ကို အဆုံးစီရင်။ ။ထားဝယ်သား သောစ ငအောင်ပန်း တို့ကို တကြိမ်တခါဖြစ်၍ အသက်ကို ချမ်းသာပေးတော်မူသည်။ ချမ်းသာစေ။[၁]

ဟူ၍ရင်း

ဖောင်တော်အတင်အညီရှိလျှင် မှူးတော်မတ်တော်တို့ ရောက်ကြရမြဲ ဖြစ်သည်။ ဖောင်တော်တင်သည့်ကာလ မရောက်သည့် မှူးမတ်တို့ကို ကားကျက်၍ထား။ ။ ဖောင်တော်တင်သည့်ကာလမရောက်သည့် မှူးမတ်တို့မှာ တကြိမ်တခါဖြစ်၍ ချမ်းသာ ပေးတော်မူသည်။ နောင်လစ်ဟင်းရလျှင် ရာဇဝတ်စီရင်မည်။[၂]

မှန်စီဖောင်တော်ဆွဲတောင်ယံ ရန်လင်း ဆွဲမနိုင် ပျံလွှားလှေ ၄ စင်း ထောင်ကဲတို့ကို အဆုံးစီရင်။....စီမှန်ဖောင်တော်ဆွဲလှေ ၄ စင်း ထောင်ကဲတို့ကို ချမ်းသာပေးတော် မူသည်။ အကျဉ်းကလွတ်။[၃]

ဟူ၍ရင်း

ဘဲကလေးကို သစ်တောသို့ပို့။ ငပိုမှာလည်း လျှောက်သင့် ထားသင့်သည်ကို မလျှောက် မထားနေသူ ဖြစ်သည်၊ မြို့ဝန်အရာကနုတ်၍ သစ်တောသို့ပို့။[၄] ဘဲကလေးနှင့် ငပိုတို့ကို မြေးတော် ဆင်ဖြူရှင်မယ်က အသနားတော်ခံသည့်အတိုင်း ချမ်းသာပေးတော်မူသည်။ သစ်တောသို့ ပို့သည်ကို လိုက်၍နုတ်စေ။[၅]

ဟူ၍ရင်း စိတ်နေသဘောထားနှင့်ဆိုင်သည်တို့ကို တွေ့ရပေသည်။အလားတူအမိန့်တော်များကိုလည်း ကြိမ်ဖန်များစွာ တွေ့ရှိရ၏။[၆] ဤသို့ အကြိမ်ကြိမ် အမိန့်တော် ထုတ်ပြန်ခြင်းသည် အကယ် အပြစ် ပေးလို၍မဟုတ်၊ ကြောက်ရွံ့ပြီးလျှင် နောင် အပြစ်မကျူးလွန်ဝံ့အောင် ခြောက်လှန့်ခြင်းဖြစ်သည် ဟူ၍လည်း ယူဆနိုင်ပါသည်။

ဗဒုံမင်းသည် ချင့်ချိန်ပြီးမှ ယုံကြည်ဘတ်သည့်အလေ့ရှိ၏။ ယင်းသည်ကို ထင်ရှားစေသည့် အမိန့်တော်ဘခုမှာ အောင်မြေလောကစေတီတော်တွင် ညဉ့်အခါ နတ်သိကြားတို့ ဝိုင်းဝန်းကူညီ လုပ်ဆောင်သည်ဟု လျှောက်ထားသည့်ကိစ္စပင်ဖြစ်၏။

အောင်မြေလောကဘုရားမှာ ကုန်ရာသီ တပေါင်းလဆန်း ၁ ရက်နေ့ ညဉ့် တတိယယံ အချိန်တွင် နေ့ဇဉ်စီမြဲကျောက်မဟုတ် ကျောက်နှစ်ချပ် အုတ်နှစ်ချပ် တိုးပွား၍ အင်္ဂတေနှင့် စီလုပ်ပြီး ရှိလှာသည်။သိကြားနတ်တို့ ကူညီစီထားလှာသည့် ကျောက်အုတ် ဖြစ်ကြောင်းနှင့် ဘုရားအကြီးအကြပ် ကြေ့ ၁၀ ရွာစားက ရှိခိုးသံတော်ဦးဘင်သည်။ ကောင်းမှုတော်မှာ ကျောက်ကိုသာ စီခင်းတော်မူသည် ဖြစ်သည်။ သိကြားနတ်တို့ ကူညီ

၁။ အမိန့်တော်များ ၉၉ (ရွှေဟောင်း) (၈–၄–၁၈၀၆)
၂။ အမိန့်တော်များ ၂၅၆ (ရွှေဟောင်း) (၂၅–၁၁–၁၈၀၆)
၃။ အမိန့်တော်များ ၂၅၇ (ရွှေဟောင်း) (၃၀–၁၁–၁၈၀၆)
၄။ အမိန့်တော်များ ၃၉၈ (ရွှေဟောင်း) (၂၀–၁၀–၁၈၀၆)
၅။ အမိန့်တော်များ ၃၉၉ (ရွှေဟောင်း) (၂၁–၁၀–၁၈၀၆)
၆။ နောက်ဆက်တွဲ ၁၅ ရှု။

စီခင်းလိုလျှင် အလိုတော်အတိုင်း ကျောက်ကိုသာ စီခင်းရမည်ဖြစ်လျက် အုတ်ကို စီလှာသည်မှာ စီခင်းသည့်အုတ်ကို နုတ်တော်မူမည့်အကြံတော်ရှိသည်။ မှူးတော်မတ်တော်တို့ကလည်း မနုတ်သင့်ကြောင်းကို ရှိခိုးသံတော်ဦးတင်ကြသည်။ နုတ်သင့်သည် မနုတ်သင့်သည်ကို ဆရာတော်တို့က စာသွင်းစေ။ ။[၁]

ဟု ဆိုထားသည်ကို တွေ့ရ၏။

ရင်းပြင်ဗဒိုမင်းသည်စူးစမ်းတတ်သည့် ဝါသနာရှိ၏။နုတ်ပူးသည်ဟုကြားလျှင်ကာယကံရှင်ကို ကိုယ်တော်တိုင် စစ်မေးလို၍

တဘက်ဆွဲကျောင်းမှာ သာမဏေကို နတ်ပူးသည်ဆိုသောစကားကို မေးတော်မူမည်။ တဘက်ဆွဲနိုဿရည်းဆရာနှင့် နတ်ပူးသည့် သာမဏေတို့ကို ခေါ်စေ။[၂]

ဟု အမိန့်တော်ပြန်၏။ ယင်းသည်တို့ကိုကြည့်လျှင် ပြောတိုင်း ယုံတတ်သူမဟုတ်၊ တွေးတောကြံဆတတ်သူဖြစ်ကြောင်း ထင်ရှား၏။

အစုအင်းတို့၏ အစုအစဉ်ကိုသိလို၍ မေးမြန်းတော်မူသည်ကို တွေ့ရဘူး၏။ ဥပမာ –

ရွှေတော်ပြေးအစုကို မည်သည့်မင်းလက်ထက် မည်သည့်အစုအဖွဲ့ရင်းဖြစ်သည်သိတော်မူသာအောင် စာတမ်းစာဟောင်းကို စစ်ကြော၍သွင်း။[၃]

ဟု ဖော်ပြထားပါသည်။

ဗဒိုမင်းသည် ရှားပါးထူးဆန်းသော သက်ရှိသက်မဲ့ပစ္စည်းများကို စုဆောင်းသည်။ တခါတွင် မြင်းငယ်ဖြူ ရိုးတွင်းချင်ဆိုနှင့် ခွေးနက်ငစ်ချင်ဆိုကို ရှာဖွေ၍ သွင်းစေ၏။[၄] တကြိမ်တွင်မူ ဟံသာဝတီ မုတ္တမ၊ ထားဝယ် ဓညဝတီ ရမ္မာဝတီ စသော ဆိပ်ကမ်းမြို့များသို့ ရေဆင်စွယ် ရေဝက်စွယ်များရှာဖွေ၍ ပို့ဆက်စေပြန်၏။[၅] မိုးကောင်းမြို့ဝန်ကို ကျောက်နွားရှာယူ၍ရသမျှဆက်စေလျက် ရမ္မာဝတီမြို့ဝန်ကိုမူ လူဝံအရှင် ဆက်လှာစေ၏။[၆] ဒိဝုတ် ခေါ် ဆေးပင်ကို ပန်းခုံတော်တွင် စိုက်ပျိုးစေ၍[၇] သောင်သွပ်ကျေးက ဝပုပ်ကို ရှာဖွေ၍ ဆက်သစေ၏။[၈] အုန်းရည်ကို ထန်းတက်သကဲ့သို့ တက်ယူ၍ ဆက်သွင်းရမည်ဟူ၍လည်း ကြံကြံဖန်ဖန် မှာတော်မူသေးသည်။[၉] ထို့ပြင် တိမ်သာလတောတောင်ရှိ ဆေးပင်များကို ဗန်းမော်မြို့ဝန်က ဆောင်ယူ၍ ရှင်သန်အောင် စိုက်ပျိုးပြီးနောက် ဆက်သလှာစေ၏။[၁၀]

၁။ အမိန့်တော်များ ၃၀၂–၃၀၃ (ရွှေးဟောင်း) (၂၄–၁–၁၀၀၇)
၂။ အမိန့်တော်များ ၁၇၁ (ရွှေးဟောင်း) (၃–၉–၁၀၀၆)
၃။ အမိန့်တော်များ ၃၃၆ (ရွှေးဟောင်း) (၂၀–၄–၁၀၀၇) နောက်ဆက်တွဲ ၁၅ ရှု။
၄။ အမိန့်တော်များ ၇၀ (ရွှေးဟောင်း) (၂၀–၂–၁၀၀၆)
၅။ အမိန့်တော်များ ၈၆ (ရွှေးဟောင်း) (၁၄–၃–၁၀၀၆)
၆။ အမိန့်တော်များ ၁၅၂၊၁၅၃၊၁၁၇၊ (ရွှေးဟောင်း)
၇။ အမိန့်တော်များ ၁၆၂ (ရွှေးဟောင်း)
၈။ အမိန့်တော်များ ၃၃၉၊၃၄၂ (ရွှေးဟောင်း)
၉။ အမိန့်တော်များ ၃၄၃ (ရွှေးဟောင်း)
၁၀။ အမိန့်တော်များ ၃၆၀ (ရွှေးဟောင်း)

ဗဒိုမင်းသည် မြန်မာနိုင်ငံကို ခေတ်မှီစေလိုသည့်ဆန္ဒရှိ၏။ ထို့ကြောင့် ကြေးနီဒင်္ဂါးများ ခတ်နှိပ်၍ ပြည်သူတို့ကို သုံးစွဲစေသည်။ သို့သော် ပြည်သူတို့သည် ရှေးမူ မစွန့်နိုင်ကြသဖြင့် ကြေးနီဒင်္ဂါးကို မသုံးမစွဲနေကြ၏။ ဤနေရာတွင် ဗဒိုမင်းသည် ပြည်သူတို့အလိုသို့လိုက်၍

> ပြည်သူပြည်သားတို့ ရောင်းဝယ် သုံးဆောင်ကြသည်များမှာ ကြေးနီဒင်္ဂါးကိုလည်း မသုံးမဆောင်ကြ ဖြစ်သည်။ သုံးမြဲ ခဲကို သုံးဆောင် ရောင်းဝယ်ကြစေ။[၁]

ဟု ရှေးအစဉ်အတိုင်းသုံးစွဲစေခဲ့၏။ ဥရောပခေတ်မှီနိုင်ငံတို့သည် နယ်ချဲ့ရာတွင်၎င်း၊ ကုန်သွယ်ရာတွင်၎င်း သင်္ဘောများကို အားကိုးကြောင်း ဗဒိုမင်း သိရှိတန်၏။ မည်သို့မဆိုဗဒိုမင်းသည် ရန်ကုန်မြို့ သင်္ဘောကျင်းလုပ်ငန်းကို အားပေးတော်မူ၏။[၂] ဥရောပဘာသာစကားများကို အမိန့်တော်နှင့် သင်ကြားစေ၍ စာသင်လူငယ်တို့ အားရှိစေရန် ၎င်းတို့၏ မိသားစုများကို စစ်လက်နက်ကိုင် မင်းမှုများမှ လွတ်ငြိမ်းခွင့် ပေးတော်မူသည်။[၃]

ဗဒိုမင်းသည် မိမိ၏ အယူအဆ မှားယွင်းသည့်အခါ ဝန်ခံရန် ဦးမလေးပေ။ ဥပမာ

> ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူသည့်နောက် သက္ကရာဇ် ၁၄၇ ခုကို သာသနာတော်နှင့် ညီမျှအောင် အရှင် မဟာကဿပ ဖြိုတော်မူသည် အမှန်ဆိုနိုင်လျှင် အယူတော်သည် အမှားဖြစ်သည်။ ရဟန်းရှင်လူ ပြည်သူပြည်သားတို့ အယူဝါဒအမှန် ဖြစ်သည်။[၄]

ဟု ထုတ်ဖော်ထား၏။

ဟံသာဝတီ နိဗ္ဗာန်တောမှ အောက်ငင်၍ရရှိသော ဆင်ဖြူတော်ကို ဗဒိုမင်းသည် လွန်စွာ တန်ဖိုးထားတော်မူ၏။ အခေါ်အဝေါ် အမှတ်အသားများတွင် ဆဒ္ဒန်ဆင်မင်း ခေါ်ဝေါ်စေသည်။ ထို့ပြင် စာဆိုတော်များကို ဆင်ဖြူတော်ဘွဲ့ မစပ်မဆိုရဟု အောက်ပါအတိုင်း တားမြစ်တော်မူ၏။

> ရှေးမင်းများလက်ထက် ဘွဲ့လင်္ကာ ရတုစပ်ဆိုသည့် ဆင်များမှာ အမှန်အကန်မဟုတ်။ အကျိုးအလွန် ဆင်ဖြူလုပ်စပ်ဆိုသည့် စာအများရှိသည်။ ရတနာ ဆင်ဖြူတော်ကို ဘွဲ့ ရတု လင်္ကာ ကဗျာ မစပ်မဆိုစေနှင့် ဆဒ္ဒန်မျိုး စစ်မှန်သည့် ဆင်တော် ဖြစ်သည်။ အကြောင်းအတ္ထုပ္ပတ္တိကို ဆရာတော်က ပါဠိပါဠိနှင့် ကျမ်းဂန်ဖြစ်အောင် စီကုံး၍သွင်းစေ။[၅]

ဗဒိုမင်းသည် ယဉ်ကျေးမှု အစဉ်အလာကို နောင်လာနောက်သားများအတွက် ထိန်းသိမ်းထားလိုသည်။ ထို့ကြောင့်

> ရွှေလက်ထက်တော် မင်္ဂလာ အမင်္ဂလာ အခမ်းအနား ခန့်ထားစီရင်သမျှ စာတမ်း စာရင်းများကို ပေမှာတင်၍ အသေအချာထားစေမှ သားတော်အစဉ် မြေးတော်

၁။ အမိန့်တော်များ ၁၀၄၇ (ရွှေဟောင်း) ၁၁၇၄ ခု ဝါဆိုလဆန်း ၆ ရက်နေ့ (၁၃-၇-၁၈၁၂)
၂။ အမိန့်တော်များ ၄၉၆ (ရွှေဟောင်း)
၃။ အမိန့်တော်များ ၅၉၇ (ရွှေဟောင်း) နောက်ဆက်တွဲ ၁၅ ရှု။
၄။ အမိန့်တော်များ ၂၀၀ (ရွှေဟောင်း) (၄-၁၀-၁၈၀၆)
၅။ အမိန့်တော်များ ၂၆၉-၇၀ (ရွှေဟောင်း) (၂၄-၁၂-၁၈၀၆)

> အဆက် အမွန်ရှည်စွာ ဥဒါန်းမော်ကွန်း ထွန်းပမည် ဖြစ်သည်။ ခန့်ထားစီရင်သမျှ စာတမ်းကို စေ့ငုအောင် စုရုံး၍ ရွှေဘဝါးတော်အောက် ဆက်သွင်းစေ။[၁]

ဟု အမိန့်တော်ထုတ်ပြန်တော်မူ၏။ အထက်ဖော်ပြပါ အချက်အလက်များကိုကြည့်ရှုသုံးသပ်လျှင် ဗဒုံမင်း၏ စိတ်နေသဘောထားနှင့် ကြံရည်ဖန်ရည်များကို သိရှိနိုင်မည် ဖြစ်ပေသည်။

နိဂုံးချုပ်အနေဖြင့်အထက်တွင်ဆိုခဲ့ပြီးသည်များကိုအကျဉ်းရုံး၍ပြန်လည်တင်ပြရလျှင်ဗဒုံမင်း လက်ထက်(၁၁၄၃ ခု - ၁၁၈၁ ခု)၌ သမိုင်းအထောက်အထား လွန်စွာပေါများ၏။ ထိုအထောက် အထားများမှ ရွေးဦးစွာ နိုင်ငံရေးဆိုင်ရာ အချက်အလက်အချို့ကို တင်ပြခဲ့ပါသည်။ ယင်းတို့တွင် နန်းတွင်းအရေးတော်ပုံများနှင့် သူပုန်သူကန်ရန် နှိမ်နင်းရေး၊ ငြိမ်ဝပ်ပိပြားရေး၊ စစ်ချီစစ်တက် မြန်မာနိုင်ငံကို တိုင်းများ ပိုင်းခြားဖွဲ့စည်းပုံနှင့် အိမ်ခြေစာရင်းများ ပါရှိ၏။ ထို့နောက် နိုင်ငံခြား ဆက်သွယ်ရေးကဏ္ဍတွင် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ကောင်းမွန်သင့်တင့်စွာ ဆက်ဆံ သည်များကို တင်ပြခဲ့၏။ တဖန် များပြားလှသော အုပ်ချုပ်ရေးဆိုင်ရာ အထောက်အထားများမှ အခွန်အကောက် စားကျေးမြို့ရွာ ရိက္ခာပေး ကြေးငွေ စားယူမှု ဆည်မြောင်းပြင်ရေးနှင့် ရာဇဝတ် စီရင်ထုံးဆိုင်ရာ အချက်အလက်အချို့ကို ဖော်ပြခဲ့သည်။ ထို့နောက် စီးပွားရေးနှင့်ဆိုင်သော ကုန်သွယ်ရေးကိုဘုရင်ကိုယ်တော်တိုင်အားပေးပုံနှင့် ပေါင်နှံရောင်းဝယ်သည့် စာချုပ်စာတမ်း အနည်း ငယ်ကို နမူနာအဖြစ် တင်ပြခဲ့ပါသည်။ ၎င်းပြင် သာသနာရေးဖက်တွင် ဗဒုံမင်း၏ ကြိုးပမ်းချက် များကို ပေါ်လွင်စေခဲ့သည်။ လူမှုရေးနှင့် ယဉ်ကျေးမှုအထောက်အထားများမှမှုအနည်းငယ်မျှစီသာ ထုတ်နုတ်နိုင်ခဲ့၏။ အထွေထွေခန်းတွင် ဗဒုံမင်း၏ အရည်အသွေးကို ဖော်ပြသည့် အမိန့်တော် အချို့ကို တင်ပြခဲ့ပါသည်။

ဤသို့ပဏာမအနေနှင့် တင်ပြထားသည့် အချက်အလက်များကို ထောက်ထားခြင်းအားဖြင့် နိုင်ငံရေး နိုင်ငံခြားရေး အုပ်ချုပ်ရေး စီးပွားရေး သာသနာရေး လူနေမှု ယဉ်ကျေးမှု ဗဒုံမင်း၏ စိတ်နေသဘောထား စသည်တို့ကို ခေါင်းစဉ်တခုလျှင် စာတန်း အစောင်စောင် ရေးနိုင် လောက်အောင် အထောက်အထား ပေါများသည့်ခေတ်ဖြစ်ကြောင်းကို ပညာရှင် သုတေသီများ ဆင်ခြင်နိုင်ပါသည်။

၁။ အမိန့်တော်များ ၁၄၇ (ရွှေဟောင်း) (၈-၇-၁၈၀၆)

နောက်ဆက်တွဲ ၁

ပင်းတလဲမင်း အရေး

ပင်းတလဲမင်းသားနှင့် သားမယားကျေးကျွန်တစုကို ရာဇဝတ်ရေးလုံခြုံအောင် ထိန်းသိမ်းစိမ့်မည် မြင်းဝန်ကို မြို့ရွာနှင့်တကွအပ်တော်မူသည်။ပြင်လွှင်မထွက်မသွားစေနှင့်။ ရာဇဝတ်တော်ရေး လုံခြုံအောင် ထိန်းသိမ်းစေ။

၁၁၄၆ ခု ကဆုန်လဆန်း ၁၀ ရက်နေ့ မြင်းစာရေး ကျော်ထင်သီဟသူကို ခေါ်၍ပြန်။[၁]

ငကောင်း ငပေါ်တင် ငမာတို့နှင့် ဖမ်းမိသမျှလူတို့ကို ရုံးသို့ထုတ်၍ မြင်းစုကြီးဝန် မင်းကြီးမဟာမင်းခေါင်ကျော် ကြပ်၍ စစ်မေးစေ။

၁၁၄၆ ခု ဝါဆိုလပြည့်ကျော် ၆ ရက်နေ့ မြင်းစုကြီးဝန်စု ညဒိန်ရွှေတောင်တွင်ပြန်။[၂]

ငပေါ်တင် ငမာ ငကောင်း နေဂါး ငသူကြီး ငပု ငမြတ်သာကြီး ငအောင် ငရကြီး ငရွှေလူ ငပေါ ငရာဘ ပင်းတလဲစားဟောင်း ထမင်းချက် ငပုတို့သည် ရာဇဝတ်တော်ရေးနှင့် မကင်းမလွတ်သည့် အကြံအစည်ကို တိုင်ပင်ကြံစည်ကြောင်းနှင့် ငပေါ်တင် ငမာ ငကောင်းတို့ စစ်ကြောထွက်ဆိုချက်ရှိသည်။သင်းတို့နှင့် အပေါင်းအဖော်အပါအဝင်မှန်သမျှလူတို့ကို မြင်းစုကြီးဝန် လမိုင်းဝန်တို့ကို စစ်ရန်ရှိသည့်အတိုင်း စစ်စေ။

၁၁၄၆ ခု ဝါဆိုလပြည့်ကျော် ၆ ရက်နေ့ည နားခံကျော်စွာနော်ရထာကို ခေါ်၍ပြန်။[၃]

ပင်းတလဲစားဟောင်းကို မြင်းစုကြီးဝန် အိမ်ခြံအတွင်း မနေစေနှင့်။ ထောင်မှာ ခြေချင်း ၅ ဆင့်နှင့်ထား။

ငမာလေး ထန်းလျက်ကောင်း သင်ဖြူး ခေါင်းပေါင်း ငပုတွင်ပေး၍ ပင်းတလဲစားဟောင်းထံ ရောက်သည်၊ မရောက်သည်ကို ငပု စစ်ချက်မေးချက်နှင့် ပင်းတလဲစားဟောင်းကို ကျေးဇူးသစ္စာတော်နှင့်အညီ ဖြောင့်မတ် တော်တည့်စွာ ထွက်မည်၊ မထွက်မည်ကို မေး။ ။

၁၁၄၆ ခု ဝါဆိုလပြည့်ကျော် ၇ ရက်နေ့ နားခံပြော့ကြီးမှူး နေမျိုးသကြိန်တွင်ပြန်။[၄]

ပုခန်းစားဟောင်း၊ ပင်းတလဲစားဟောင်းတို့ကို အိမ်ရှေ့မင်းတပ်မှာ လိုက်ထမ်းစေ....။

၁၁၄၆ ခု သီတင်းကျွတ်လဆန်း ၁၅ ရက်နေ့ နားခံ စမြောင်မှူးတွင်ပြန်။[၅]

နောက်ဆက်တွဲ ၂

သူခိုး ဓားပြ နှိမ်နင်းရေး အမိန့်တော်များ

ရမည်းသင်းနှစ်မြို့ဝန် တုရင်သာဂသူသည် ရာဇဝတ်ထိန်း မဟုတ်သကဲ့သို့ အာဏာတော်နှင့် လွှတ်တော်က ခေါ်သည်ကိုမလိုက်၊ ခြေချင်းကို အလျှောက်ချွတ်သည့် သူခိုးဓားပြတို့ကို ရှင်းလင်း

၁။ **အမိန့်တော်များ** (အမျိုးသားပု ၃၅၀) (၂၀–၄–၁၇၈၄)
၂။ **အမိန့်တော်များ** (အမျိုးသားပု ၃၅၀) (၇–၇–၁၇၈၄)
၃။ **အမိန့်တော်များ** (အမျိုးသားပု ၃၅၀) (၇–၇–၁၇၈၄)
၄။ **အမိန့်တော်များ** (အမျိုးသားပု ၃၅၀) (၈–၇–၁၇၈၄)
၅။ **အမိန့်တော်များ** (အမျိုးသားပု ၃၅၀) (၂၀–၉–၁၇၈၄)

အောင် မစစ်မကြော မထိန်းမသိမ်း ထွက်လွတ်ရသည်။ တုရင်သာဂသူကို နှစ်မြို့ဝန်အရာကနုတ်မည် စာဆက်သွင်းသည်မှာ ရာဇဝတ်တော်ကို မထောက်မကြောက် ပြုကျင့်သူဖြစ်သည်။ တုရင်သာဂသူကို အဆုံးစီရင်။[၁]

ဒီပဲယင်းမြို့နယ်အတွင်း ဗဒုံမြို့နယ်တွင်း ကျေးရွာများမှာ တိုက်ခိုက်ဆိုးသွမ်းသည့် သူခိုးဓားပြတို့ကို ဒီပဲယင်းမြို့နယ်တွင်းမှာလည်း ဒီပဲယင်းမြို့ဝန်၊ မြို့သူကြီးတို့က မိအောင်ဖမ်းဆီးစေ။ ဗဒုံမြို့နယ်တွင်းမှာလည်း ဗဒုံမြို့အုပ် မြို့သူကြီး သူကြီးငယ်တို့က မိအောင်ဖမ်းစေ။ လက်ျာဇေယနှင့် သာစည်ရွာသူကြီးကိုလည်း ခန့်ထား၍ဖမ်းစေ၊ မမိမရလျှင် မြို့ဝန် မြို့အုပ် မြို့သူကြီး သူကြီးငယ်တို့ကို ရာဇဝတ်စီရင်။

၁၁၇၁ ခု တပို့တွဲလပြည့်ကျော် ၂ ရက်နေ့ နားခံစမြောင်မှူးတွင်ပြန်။[၂]

ငပိုး ငလှော်ာက် လောတို့က အစစ်ထွက်သူ သူခိုးဓားပြတို့ကို သေနတ် ၁၀၀ ခန့်၍ တွေ့မိအောင် ဖမ်းဆီးစေ။ ။

ပုံချီကျော်စွာကို သေနတ် ၅၀ ပေးအပ်၍ စလင်းမြို့မှာတိုက်သည့် ဓားပြ ငကောက်တို့ အပေါင်းအဖော်ဘစုကို တွေ့မိကုန်စင်အောင် ဖမ်းဆီး သတ်ညှစ်စေ။ ။

သူရ ရွှေတောင်ကျော် သောပေါတို့ကို သေနတ် ၂၅၀ ပေးအပ်၍ ပင်းတလဲမြို့ကျေး သက္ကယ်ခြံ မိတ္ထိလာမြို့ကျေး တပျော်ကျေးရွာများတွင် ရှိနေသည့် ဓားပြတို့ကို ကုန်စင်အောင် ဖမ်းဆီးသတ်ညှစ်စေ။ ။

မိတ္ထိလာမြို့ဝန်၊ ပင်းတလဲမြို့ဝန်တို့နှင့် ယင်းတော်မြို့၊ ညောင်ရမ်းမြို့ ကျေးရွာများကလည်း ကူညီဝန်းရံ ဖမ်းဆီးသတ်ညှစ်စေ။ ။

စက်မီးတိမ်ကျော်ကိုလည်း ပေးအပ်ရင်းသေနတ်နှင့် ကူညီဝန်းရံ ဖမ်းဆီးသတ်ညှစ်စေ။ ။

သူရရွှေတောင်ကျော် သောပေါ စက်မီးတိမ်ကျော်တို့မှာ ၁၅ ရက်နှင့်ဓားပြတို့ကိုတွေ့မိအောင် ဖမ်းဆီးသတ်ညှစ်ပြီးလျှင် ခန့်ထားပေးအပ်ငေ်းလူတို့နှင့် ရွှေဘဝါးတော်အောက် ပြန်လှာစေ။ ။

ဓားပြဖမ်းခန့်ထားရာ တောင်ကန်ရွှေပြည် သေနတ် ၁၀၀ လိုက်စေ၊ ဓားပြဖမ်း ခန့်ထားသွားသူတို့ကိုလည်း ရိက္ခာတကိုယ် ၃ ကျပ်ကျ ကသောင်းမြောင်တိုက်ကငွေကို ပေး၍သွားစေ။ လမ်းခရီး မြို့ရွာများမှာလည်း ရိက္ခာစားနပ် မတောင်းစေနှင့်။

၁၁၇၁ ခု တပေါင်းလဆန်း ၅ ရက်နေ့ နားခံ ဇေယနော်ရထာတွင်ပြန်။[၃]

ကျောက်ဆည်ဝန်က ဖမ်းမိသည့် ဓားပြလူဆိုးတို့ စစ်ချက်ထွက်သူတို့ကို တောင်ဖက်တိုက်ဝန် ပင်းတလဲမြို့ဝန် မိတ္ထိလာမြို့သူကြီးတို့ကို သေနတ်ပေးအပ် ခန့်ထားပြီးလျှင် အသီးအသီး စီရင်စုနယ်တွင်း ကျေးရွာများမှာ တွေ့မိအောင် လိုက်လံဖမ်းဆီးစေ။

၁၁၇၂ ခု ကဆုန်လပြည့်ကျော် ၅ ရက်နေ့ နားခံစမြောင်မှူးတွင်ပြန် အမိန့်တော်။[၄]

၁။ အမိန့်တော်များ ၄၇၀–၁ (ရွှေးဟောင်း) (၁၁၇၀ ပြည့် သီတင်းကျွတ်လပြည့်ကျော် ၆ ရက်။ ၁၀–၁၀–၁၈၀၈)

၂။ အမိန့်တော်များ ၅၄၃ (ရွှေးဟောင်း) (၂၁–၁–၁၈၁၀)

၃။ အမိန့်တော်များ ၅၆၁–၂ (ရွှေးဟောင်း) (၇–၂–၁၈၁၀)

၄။ အမိန့်တော်များ ၆၆၁ (ရွှေးဟောင်း) (၂၂–၄–၁၈၁၀)

ဘော ဝေက်တို့နှင့် စေဥ့်ကူးမြို့အနီးအပါး လာရောက်တိုက်ခိုက်သည့် မားပြလူဆိုးတို့ကို စေဥ့်ကူးကျောက်မြောင်း မြစ်စဥ်ကျေးရွာလူ ၂၀၀၀၊ မိုးမိတ်မြို့ကလူ ၃၀၀၀ ခန့်ထား၍ တွေ့မိအောင် လိုက်လံဖမ်းဆီးစေ။ ကျော်စဥ်တိုက်ကလည်း တော်သင့်အောင်ခန့်ထား လိုက်လံဖမ်းဆီးစေ။

၁၁၇၃ ခု သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့ နားခံ ရေခါးရွာစား ပေသီတွင်ပြန်။[1]

နောက်ဆက်တွဲ ၃

ဓညဝတီသို့ ချီတက်ရေးဆိုင်ရာ အမိန့်တော်များ

ရခိုင်ချီတပ်တွင် ပြင်စည်မြို့စား မင်းရဲမင်းလှရွှေတောင်ကို ရံတပ်မှူးခန့်၍ လိုက်ထမ်းစေ။ ကျောက်ဆောက်မြင်းမှူး မင်းရဲသီဟသူမှာကျောက်ဆောက်မြင်းကို မှူးမြဲမှူးစေ။ ကျောက်ဆောက်မြင်းမှူး လက်ရွေးငယ်မြင်းမှူး ဦးရီးတော်မင်းရဲကျော်စွာသား မင်းရဲစည်သူ ညီ ရွှေနန်း တောင်ငူဝန်ဟောင်းသား လေူ ကေူ နောင်တော် အမြင့်မင်းသား ကြေး မော့ ပေုန် မိဝန်သား ၂ ယောက် မင်းရဲဇေယကျော်သား ကော တောင်ငူဝန်ဟောင်း မင်းရဲမင်းလှနော်ရထာသားမောင် ညီ ပေါတာ နောင်တော်ဆင်ဖြူရှင်သား မြေ ပဌနဂိုရ်မြို့စား မြင်းကွန်းမြို့စားဟောင်းတို့ကို အမှုတော်ကောင်းရာ အိမ်ရှေ့မင်းတပ်တွင် လိုက်ထမ်းစေ။မင်းလှစည်သူအစား နေမျိုးဇေယကျော်ထင်ကို မြင်းစုဝန်ခန့်။ ။

၁၁၄၆ ခု သတင်းကျွတ်လဆန်း ၂ ရက်နေ့ နားခံကျော်စွာ နော်ရထာတပ်တွင် ပြန်။[2]

နောင်တော်အမြင့်မင်း ကိုယ်လုပ်မိပျော်တွင် မြင်သည့် သားကို ဖထွေး အဲိုလည်က မစေ၍ အိမ်ရှေ့မင်းတပ်မှာ လိုက်ထမ်းစေ။

၁၁၄၆ ခု သတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့ နားခံကျော်စွာနော်ရထာတွင်ပြန်။[3]

ရခိုင်အရေးတော်ရှိရာ အချီအသွားမှာ လိုင်မင်းချီသွားသင့်တော့သည် မဟုတ်ပြီ။ တပ်မှူးမင်းလှစည်သူကို ခန့်တော်မူရင်းအတိုင်း အုပ်ချုပ်ထမ်းရွက်စေ။ ရောက်ရာမြို့ရွာများက လက်နက်ကိုင်ကိုသာ မင်းလှစည်သူက သိမ်းရုံးချီသွားစေ။ ခန့်ခြေ လက်နက်ကိုင် စာရင်းကို မင်းလှစည်သူရှိရာ ပေးအပ်၍ စလင်းကျပင်း အထက်မြို့ရွာစုကို လက်နက်ကိုင် မသိမ်းစေနှင့်။မြို့ရွာတွင်ရှိသည့် စုအုပ်တို့က သိမ်းရုံးခန့်ထားထမ်းရွက်စေ။ ။မြို့ရွာသူကြီးတို့က မဆီးမတား မနှောင့်မရှက်စေနှင့်။[4]

ရခိုင်အရေးအကြောင်းကို ထောက်၍ ဟံသာဝတီမြို့ဝန် မင်းရဲနန္ဒမိတ်က ဗင်္ဂလားစစ်သူကြီး ကုမ္ပဏီတို့သို့ ပေးမှာရန် စာကို စီကုံးဆက်သွင်းချက်အတိုင်း သင့်ပြီ။[5]

မင်းရဲမင်းလှကျော်ထင်က ရခိုင်အရေးတော်ရှိရာ မင်းရွာစား ရွှေတောင် ရန္တ ကျော်ထင် ဒိုင်းဝန်သာရသူ သာရကျော်ခေါင် စည်သူဇေယကျော်တို့ကို ခေါ်သွား ထမ်းရွက် ပါစေရမည့် အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ခေါ်သွားထမ်းရွက်စေ။[6]

၁။ အမိန့်တော်များ ၉၁၄ (ရွှေးဟောင်) (၄–၁၀–၁၈၁၁)
၂။ အမိန့်တော်များ (အမျိုးသာ ပု ၃၅၀) (၁၅–၉–၁၇၈၄)
၃။ အမိန့်တော်များ (အမျိုးသားပု ၃၅၀) (၂–၁၀–၁၇၈၄)
၄။ အမိန့်တော်များ ၉၂၀–၁ (ရွှေးဟောင်း) (၇–၁၀–၁၈၁၁)
၅။ အမိန့်တော်များ ၉၆၁ (ရွှေးဟောင်း) (၂၅–၁၀–၁၈၁၁)
၆။ အမိန့်တော်များ ၉၈၇ (ရွှေးဟောင်း) (၂၉–၁၂–၁၈၁၁)

နောက်ဆက်တွဲ ၄

ဇင်းမယ်သို့ချီတက်ခြင်း ဆိုင်ရာ အမိန့်တော်များ

အိမ်ရှေ့မင်းကို မိုးနဲ့ကြောင်း နတ်တော်လပြည့်နေ့[၁] ချီစေ။ တောင်ငူမင်း မိုးမိတ်မင်း သန်လျင်မင်း ကနောင်မင်း ကလေးမင်းသား ဝန်သိုမင်းသား ကျောက်ပန်းတောင်းမင်းသား ပန်းတိမ်းမင်းသား အင်ပထောက်သာမင်းသားတို့ကို အိမ်ရှေ့မင်းနှင့် လိုက်၍ ထမ်းရွက်စေ။ ။

ပြည်မင်းကို ရွှေမြို့တော်မှာ စောင့်နေစေ။

မြင်းစုကြီးဝန် မင်းကျော်သီဟကို သိန္နီကြောင်း တန်ဆောင်မုန်းလပြည့်နေ့[၂] ချီစေ။ ဗန်းမော်စော်ဘွားကို မြင်းစုကြီးဝန် မင်းကျော်သီဟနှင့် လိုက်စေ။

ပြာသိုလပြည့်နေ့[၃] သီပေါကြောင်း ရွှေစက်တော်ဖြန့်ချီတော်မူမည်။ စကိုင်းမင်းကို နောက်တော်လိုက်စေ။

ပုဂံမင်း ပုခန်းမင်းတို့ကို မင်းကွန်းနန်းတော်မှာ စောင့်နေစေ။ ပဒုံမြို့သူကြီးကိုလည်း ပုဂံမင်း ပုခန်းမင်းတို့နှင့် စောင့်နေစေ။

ခန့်ထားစီရင်ရန် ရှိသမျှကို ပြီးပြေအောင် စီရင်။

သာထွန်းနန်းမြေ ကင်းတပ်မှူးရဲခေါင်ကျော်စွာ ဒီပဲယင်းမြို့ဝန် လကျာ်ကျော်ထင်တို့ကို မြင်းစုကြီးဝန် မင်းကျော်သီဟနှင့် လိုက်ထမ်းစေ။ ။

ဟံသာဝတီမြို့ဝန် မုတ္တမမြို့ဝန် ပုသိန်မြို့ဝန်တို့ကို အုပ်စီရင်စု မြို့ရွာလက်နက်ကိုင်နှင့် ရွှေစက်တော်ဖြန့်တော်မူမည့်လမ်း ယွန်းစလင်းကြောင်းသို့ ချီတက်၍ တပ်မတော်ကို ကြိုစေ။

တပ်မတော်ချီတော်မူမည် အောင်တပ်တော်မှာ နန္ဒာကန်တွင် ချတော်မူမည်။ တဲနန်းတော်ကို ယခုက ပြင်ဆင်စေ။

သက္ကရာဇ် ၁၁၇၀ သတင်းကျွတ်လဆန်း ၇ ရက်နေ့[၄] နားခံဘယကျော်ထင်တွင်ပြန်။[၅]

တောင်စဉ်ခုနစ်ခရိုင် မြို့များက လက်နက်ကိုင်ကို မြို့စားတို့က မသိမ်းစေနှင့်။ မင်းတုန်းမင်းက သိမ်း၍ မင်းတုန်းမင်းတပ်မှာ တဝတည်းထမ်းစေ။

သက္ကရာဇ် ၁၁၇၀ သတင်းကျွတ်လဆန်း ၁၀ ရက်နေ့[၆] နားခံဘယကျော်ထင်တွင်ပြန် ။[၇]

မိုးရေစဲလျှင် သီပေါကြောင်း ရွှေစက်တော်ဖြန့်တော်မူ၍ ဇင်းမယ်မြို့ကို လုပ်ကြံသိမ်းယူတော်မူမည့်အကြောင်းများကို ကိုင်းမား မိုင်းခိုင် မိုင်းတိမ် စော်ဘွားတို့ ကြားသိစေရမည်။ ကိုင်းမားမြို့က ရှိခိုးလက်ဆောင်တော် ဆက်လာသူတို့တွင် တော်သင့်အောင် မှာစာပေးအပ် ပြန်သွားစေ၍ ဆင့်ကဲပေးပို့စေ။

တပ်မှူးစေကို တပ်မတော်တွင် ထမ်းရွက်စေရမည်။ မိုးနဲ့တပ်တော်မှာ ရှိသည်ကို ရွှေဘဝါးတော်အောက် ခေါ်စေ။

၁။ ၂–၁၂–၁၈၀၈
၂။ ၂–၁၁–၁၈၀၈
၃။ ၁၀–၁၂–၁၈၀၈
၄။ ၂၆–၉–၁၈၀၈
၅။ အမိန့်တော်များ ၄၆၀–၁ (ရှေးဟောင်း)
၆။ ၂၉–၉–၁၈၀၈
၇။ အမိန့်တော်များ ၄၆၄ (ရှေးဟောင်း)

Click Here To Continue Page